


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

★ ★ ★ ★ ★

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

★ ★ ★ ★ ★

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

★ ★ ★ ★ ★

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပြည့်ပြည့်ဝဝဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

★ ★ ★ ★ ★

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အကြည်တော်

တော်ဝင်မြို့စာအုပ်တိုက်
အမှတ်(၇၇)၊ ၃၈-လမ်း၊ ကျောက်တံတား။
ဖုန်း-၃၇၉၅၇၃

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၄၁၀၀၅၁၀ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | - | ၅၀၁၃၅၅၀၅၁၁ |

**အကြည်တော်တအုပ်အမှတ်စဉ် - ၁၆**

| | | |
|---|---|---|
| အဖုံးပန်းချီ | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဦးလွှိုင်ဝင်းမိုး (မြဲ - ၃၉၀၀) |
| | | ၇၇/ခ၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၁၄၀)၊ (၄၅)လမ်း၊ |
| | | ပိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

**မဖြစ်လို့သာလုံးရ...**
**အတုံးတယ်မလုပြီဘု...**
**ဖိုပေါ်ညှော်နံ့သင်းမှ...**
**မတတ်သာဟင်းဖြစ်ရတယ်...**
**ယောက်ျားငါးဆုပ်...။**

**အဲဒီ** အဲဒီကဗျာလေးက ကျုပ်တို့အနောက် သစ်ပင်လှရွာရဲ့စာဆို ရှင် ဦးချက်ဖောင်းလက်တန်းရေးခဲ့တာပါ။ အသံသွားသာသလို ရွတ်လို့လည်းအလွန်ကောင်း။ အဓိပ္ပာယ်ကလည်းအလွန်ပြည့်စုံလှ ပါတယ်။

ပြောရဦးမယ်ဗျ ဦးချက်ဖောင်းအကြောင်း. . . ။

သူကစာဆိုကဝိသိပ်ဖြစ်ချင်တာ။ ဒါကြောင့် စာဆိုရင်လည်း အကုန် လောက်နီးနီးကြေကြေညက်ညက်ဖတ်ထားတာ။ ပါဠိပါဌ်သား နဲ့ပြောမလား၊ ဂန္ထဝင်စာပေဘက်လှည့်ဦးမလား၊ ဒါမှမဟုတ် ခေတ် ပေါ်စာပေနဲ့ပဲငြင်းဦးမလား။ သူအကုန်သိတယ်။ ဦးချက်ဖောင်း အကုန်သိတယ်။ ဒါတောင် သူကပြောသေးတယ်။ သူရန်ကုန်ရွှေမြို့ တော်ရောက်တုန်းကပါဠိ၊ သဒ္ဒါ၊ သဂြိုလ်တွေ အကုန်ပြန်ထုတ်တာနဲ့



ကြုံလို့ ပါဠိစာတောင်ဝင်ပြင်ခဲ့သေးသတဲ့။ ရွာကလူတွေကတော့ မြို့နဲ့ အဆက်သွယ်မရှိတော့ မသိပေါင်။ ဒါပေသိ သူပြောတာကိုတော့ ယုံကြတယ်။

နောက်ပြီးသူကစာဆိုဖြစ်ချင်တာဆိုတော့ စာတိုပေစလေးတွေရေးပြီး ရန်ကုန်မှာရှိတဲ့ မဂ္ဂဇင်း၊ ဂျာနယ်တိုက်တွေကို လူကြုံတိုင်း ပို့ပေးတတ်သဗျ။ အဲ. . ဒါပေမယ့် သူ့စာတွေကိုမဂ္ဂဇင်းဂျာနယ်တိုက်တွေမှာတစ်ခါမှအဖော်ပြမခံရဘူး။


ဒါတော့ ဘာကြောင့်ရယ်မသိဘူး. . . ။

သူ့စာမကောင်းလို့လားဆိုတော့ မဟုတ်ဘူးဗျ။ စာကသိပ်ကောင်းတာ ကျုပ်တို့တော်တော်များများဖတ်ဖူးတယ်။ အရေးအသားလေးလေးခန့်ခန့်နဲ့ ဖတ်ရတာသိပ်စီးတာ။ ဆရာကြီးရွှေဥဒေါင်းတို့လိုမျိုးပေါ့. . . ။

ပြောရဦးမယ်. . . ။ သူက ဆရာကြီးရွှေဥဒေါင်းကို သိပ်လေးစားတာ။ ဆရာကြီးရွှေဥဒေါင်းသာခုရှိရင် ဆရာကြီးရွှေဥဒေါင်းရှိတဲ့ နေရာကိုသွားပြီး လက်စုံမိုးဦးတိုက်ကန်တော့ချင်တာတဲ့. . . ။ အဲဒီလောက်ထိလေးစားတာ။

စာအရေးအသားကလည်းကောင်း၊ နာမည်ကလည်းလှတဲ့ ကျုပ်တို့ရွာက ဆရာကြီးဖောင်းရဲ့စာတွေ မဂ္ဂဇင်းဂျာနယ်တွေထဲ အခုချိန်ထိမပါသေးတာ ကျုပ်တော့တယ်ပြီးစိတ်မကောင်းဘူး။

မြို့ပေါ်ကအယ်ဒီတာမင်းများကလည်း အရေးအသားကောင်းရင်ကလောင်သစ် ကလောင်ဟောင်းခွဲမနေနဲ့လေ။ ဦးဦးဖျားဖျားလေးတော့ထည့်ပေးသင့်တာပေါ့။ ဒါမှ နာမည်ကြီးလာရင် ဒါ. . တို့တိုက်ကတင်တဲ့စာရေးဆရာ ဘာညာဆိုပြီး ဂုဏ်ယူလို့ရတယ်။ အခုများဆရာသမားတို့လက်ထဲမှာ ဆရာကြီးဖောင်းအမည်နဲ့ စာတစ်ပုဒ်တွေ့ရင် ထည့်ပေးလိုက်ပါလား။ ကျုပ်တို့အနောက်သစ်ပင်လှရွာမှာ





ဒီလိုစာဆိုကဝိပညာရှိတွေရှိတယ်လို့ ကြွားချင်လို့။ တကယ်။

နောက်ပြီး ဦးချက်ဖောင်းက ပန်းချီအရေးလည်းကောင်းဗျ။ ရွာက 'သတိ. . . ရေမကူးရ'တို့ 'မီးသတိပြု' တို့ဆိုတဲ့စာတွေအားလုံး သူ့လက်ရာချည်းပဲ။ နောက်ပြီး သူကစိတ်ပါရင်ပါသလို ပုံလေးဘာလေးအပိုဆွဲပေးသဗျ။ နောက်ပြီး သူကပြောတယ်. . . ရန်ကုန်မြို့ကို ရောက်တုန်းက မဂ္ဂဇင်းမှာသရုပ်ဖော်ပုံလား အရုပ်ဖော်ပုံလား၊ ဘာလဲ တော့မသိဘူးဝင်ရေးခဲ့သေးတယ်။ အခုဘာလို့မရေးလဲဆိုတော့ သူက ရှင်းပြတယ်ဗျ။

"မဂ္ဂဇင်းအယ်ဒီတာက ငါ့ကိုပန်းခြံထဲမှာ မိန်းမတစ်ယောက် ကလေးနို့တိုက်နေတဲ့ပုံကိုရေးခိုင်းတယ်ကွ. . . "

"အင်း. . အဲဒါနဲ့. . . "

"အဲဒါနဲ့ငါလည်းရေးတာပေါ့ ပန်းခြံထဲမှာဆိုတော့ ပန်းတွေကိုရောင်စုံလှလှပပဖြစ်အောင်ရေးတယ်. . စိန်ခြယ်ပန်းဆိုအနီရောင် နေကြာပန်းဆို အဝါရောင်. . ငါရေးတာများစိုနေတာပဲ. . ပန်းတွေက လည်းစုံတော့မေးမနေနဲ့ကွာ. . အဲ. . အဲဒီအလယ်မှာမှ ကလေးနို့ တိုက်နေတဲ့အမျိုးသမီးပုံကို ငါ့မိန်းမမိအေးမဆုံးခင်ကပုံကိုရေးထားတာ. . မိအေးပုံကလည်းသိတယ်မဟုတ်လား . . . မျက်လုံးတွေက ကရုဏာအပြည့်နဲ့ပေါ့ကွာ. . ပန်းတွေကိုမကြည့်ဘဲ ကလေးကိုကြည့် နေတာ. . . "

သူပြောပြရုံနဲ့မျက်လုံးထဲ အရုပ်တွေကွက်ကွက်ကွင်းကွင်းမြင်လာတာ။ ဟုတ်တယ်၊ အရမ်းကိုလွမ်းမောဖွယ်ကောင်းတဲ့ မြင်ကွင်းမျိုး။

အယ်ဒီတာမင်းများကလည်း မာနမထားဘဲ ပုံကောင်းရင် မဂ္ဂဇင်းထဲ ထည့်ပေးလိုက်လေ။ ကျုပ်တို့က ကြွားချင်လို့ပါဆို။

ကြွားချင်တာကလည်းတခြားမဟုတ်ပါဘူး။ အရှေ့သစ်ပင်လှ က ကောင်တွေကိုပါ. . .။

ပြောရဦးမယ် အရှေ့သစ်ပင်လှဆိုလို့ . . .။


ကျုပ်တို့ဆီမှာ အရှေ့သစ်ပင်လှနဲ့ အနောက်သစ်ပင်လှဆိုတဲ့ ရွာနှစ်ရွာရှိတယ်။ အရင်ကတော့ သစ်ပင်လှကတစ်ရွာတည်းပါ။ ဒါပေမယ့် ရွာရဲ့အလယ်ကဖြတ်စီးနေတဲ့ ရန်လိုချောင်းကြောင့် နှစ်ရွာကကွဲမှန်း မသိကွဲသွားရတာ။ နောက်ပြီး အဓိကကွဲသွားရခြင်း အကြောင်းရင်းက အရှေ့သစ်ပင်လှရွာမှာ ဘုန်းကြီးကျောင်းရှိနေပြီး အနောက်သစ်ပင်လှရွာကသချိုင်းကုန်းရှိနေတာပါပဲ။

ဒါကိုပဲ အရှေ့သစ်ပင်လှရွာကလူတွေက ငါတို့က ဘုရားနဲ့တရားနဲ့နေတာ။ မင်းတို့လို ဖုန်းဆိုးမြေမှာ ကဖျစ်ကညစ်လူလာဖြစ်တာမဟုတ်ဘူး။ စသည်ဖြင့်ပြောကြတာ။ ကျုပ်တို့အနောက်သစ်ပင်လှရွာသားတွေဆိုဆွေ့ဆွေ့ကိုခုန်ရော။

ကြာတော့ ကျုပ်တို့လည်း သည်းမခံနိုင်တော့ဘူး။ မင်းတို့ဘယ်လို ဘုရားရိပ်တရားရိပ်မှာနေနေ သေရင်ငါတို့ အနောက်သစ်ပင်လှရွာမှာပဲမြေမြှုပ်ရတာပဲ။ ဘယ်သူမှဖင်ခေါင်းကျယ်ပြီး နေချင်လို့နေလို့မရဘူး။ စသည်ဖြင့်ပေါ့။ နှစ်ဖက်ရွာသားစုံရင်အဲဒီလိုပဲ စကားများကြတာကလား။

အဆိုးဆုံးက သူတို့ရွာက ကပ္ပိယဦးဖြားကြီးပဲဗျ။ ဒီလူကြီးက ဆရာတော်ကို အမှီသဟဲပြုပြီး သိပ်လူဝါးဝတာ။

အောင်မာ သူကလည်း စာတိုပေစလေးတွေရေးသဗျ။ သူ့ကိုယ်သူစာဆိုရှင်ဆိုပြီး ဂုဏ်သိပ်မောက်တာ။ နောက်ပြီး သူက ကပ္ပိယဆိုတော့ သဒ္ဒါသဂြိုဟ်ကတော့ကောင်းကောင်းပိုင်သဗျ။ နောက်အလှူငွေလေးရှိတော့ ခေတ်စာပေလေးတွေ ဝယ်ဖတ်နိုင်တာပေါ့။ သူကြိုက်တာက ခေတ်ပေါ်စာရေးဆရာမလေးတွေဗျ။ ဟိုကပျစ်ပျစ်နှစ်နှစ်ရေးရင် သိပ်သဘောကျတာ။ သိတယ်မဟုတ်လား။ ရယ်သံကိုတောင်'အဟွင်းဟွင်း' တို့ဘာတို့လိုက်ရယ်နေတဲ့အထဲ။ အဲ. . ဒါပေ





မယ့် သူကသူ့ကိုယ်သူဆရာကြီးမဟာဆွေနဲ့ အတူဆုံးလူလို့ပြောတာ။ ဟုတ်မဟုတ်တော့ ကျုပ်တို့မမီလိုက်လို့မသိဘူး။ ဆရာကြီး မဟာဆွေဆိုတာ ကျုပ်တို့မှမတွေ့ဖူးတာ။ နို့ပေတဲ့ သူ့နာမည်ကို ကျုပ်တို့ အနောက်သစ်ပင်လှက စာဆိုရှင်ဦးချက်ဖောင်းလိုပဲ ရှေးဆရာကြီးနာမည်နဲ့ ဖက်စပ်ပေးထားတာ။

မဟာပြားကြီးတဲ့. . . ။

ပြားကြီးကသူ့နဂိုကြီးနေတဲ့ဟာကို မဟာပါထပ်ဖြည့်လိုက်တော့ဘယ်လိုကြီးခံစားရမှန်းမသိဘူး။ စကောလောက်ရှိမလားပဲ။ ကြီးတာတော့ အတော်ကြီးတယ်။ မဟာပြားကြီးဆိုတော့လေ. . . ။ အေး. . . ။

ဒါနဲ့ လူတွေက သူ့ကိုဝိုင်းနောက်ကြတာပေါ့။ အဲဒါနဲ့ သူလည်းရှက်ရမ်းရမ်းပြီး နောက်နာမည်တစ်ခုထပ်ပေးတယ်. . . ။

ဒါလည်းအတော်ကြီးတယ် ရှေးခေတ်ရာဇဝင်ထဲက မွန်ဘုရင်ရာဇဓိရာဇ်ရဲ့ ငယ်နာမည်နဲ့စပ်ပြီးပေးထားတာ။ ဂန္ထဝင်ဆန်အောင်လေ။ ဟိုက. . ဗျည်းနွဲ့။ သူက. . ပြားနွဲ့တဲ့။

စဉ်းစားပါဦးဗျာ. . ပြားပါဆိုမှ နွဲ့ပါနွဲ့နေသေးတယ်။ ကောင်မလေးများ တင်ပါးလှုပ်ထိုင်နေသလိုကြီး။ အဲလေ. . ။ အခုတော့ မဟုတ်တော့ပြန်ဘူး။ ပြားနွဲ့မဟုတ်တော့ပြန်ဘူး။ နောက်နာမည် တစ်ခုထပ်ရွေးတယ်။ ခေတ်မီအောင်လို့တဲ့လေ။ သူကြိုက်တဲ့ခေတ်ပေါ်စာရေး ဆရာမလေးရဲ့နာမည်နဲ့စပ်ပေးတာ။

လွန်းပြားပြား (ဆွေးတက္ကသိုလ်) တဲ့. . . ။

လွန်းပြားပြားကထားပါတော့ အနောက်ကဆွေးတက္ကသိုလ်။ သူက အလွမ်းအဆွေးဇာတ်တွေရေးရင် သူမတူအောင်ဆွေးတဲ့ဇာတ်မျိုးတွေရေးနိုင်လို့တဲ့လေ။ တက္ကသိုလ်အဆင့်ဆွေးတယ်ပေါ့ပေါ့မှတ်လို့။



အဲဒါနဲ့လည်းမဟုတ်ပြန်ဘူးဟေ့. . .။ သူ့ကိုယ်သူစိတ်တိုင်းမကျတာကြောင့်ပါတဲ့။ အဲ. . အခုတော့ စိတ်တိုင်းကျသွားပြီ။ အခုသူပေးတဲ့နာမည်က ဂေါ်လည်းဂေါ်တယ်၊ ဂန္ထဝင်လည်းဆန်တယ်။ သူများတွေထက်လည်းကြီးကျယ်တယ်။ လူတိုင်းထက်လည်း အရှေ့ရောက်တယ်။ ဘာလဲသိလား. . .။

မင်းထက်ဖြားကြီး. . . တဲ့ဗျ. . .။

ကဲ. . . ပြတ်ကရော။

ဒီမှာတစ်ခုမေတ္တာရပ်ခံပါရစေ။

မြို့ပေါ်မှာရှိတဲ့အယ်ဒီတာမင်းများခင်ဗျား။ လူကြီးမင်းတို့ရဲ့လက်ထဲမှာသာ မဟာဖြားကြီး၊ ဖြားနဲ့လွန်းဖြားဖြား (ဆွေးတက္ကသိုလ်)၊ မင်းထက်ဖြားကြီး အမည်နဲ့စာမူများတွေ့ရင် အမြန်ဆုံးသာပယ်ပစ်လိုက်ပါ။ အဲဒီအရှေ့သစ်ပင်လှရွာသားတွေက ကျုပ်တို့ အနောက်သစ်ပင်လှရွာသားတွေကို ပိုပြီးနိုင်စားသွားမှာမို့လို့ပါ. . .။

အဲ. . . အကယ်၍များ ဆရာကြီးဖောင်းကိုတွေ့ရင်သာလူကြီးမင်းတို့စိတ်ကြိုက်နေရာ၊ ထည့်ချင်တဲ့နေရာမှာသာထည့် လိုက်ပါ။ ကပ် ပါသွားရင်ပြီးရော။ မဂ္ဂဇင်းမှာပြောတာပါ။

ဒါမှ. . . ကျုပ်တို့အနောက်သစ်ပင်လှက စာဆိုကဝိဆိုပြီးတဆိတ်ကြွားချင်လို့ပါ. . .။

■ ■ ■

ဒီနေ့မှာဆရာတော်ဘုရားမိန့်တာကြောင့် သစ်ပင်လှုတစ်ရွာလုံး နေမပွင့်ခင်ကတည်းကအရှေ့ကျောင်းကိုရောက်နှင့်နေကြပြီ။

အနောက်သစ်ပင်လှုက ဦးချက်ဖောင်းဦးဆောင်တဲ့အဖွဲ့နဲ့ အရှေ့သစ်ပင်လှုက ဦးပြားကြီးဦးဆောင်တဲ့အဖွဲ့တို့ဟာ နှစ်ဖက်ခွဲပြီး ဆရာတော်ရှေ့မောက် ပြားပြားဝပ်နေကြတယ်။

ဆရာတော်ကတော့ ဘာမှမမြွက်ကြားသေးဘူး။ အရှေ့မှာရှိတဲ့ ကွမ်းအစ်ထဲကကွမ်းကိုယူပြီး တဂွမ်းဂွမ်းနဲ့ညှပ်နေတယ်။

ဦးချက်ဖောင်းနဲ့ဦးပြားကြီးအပါအဝင် ရွာသားများကလည်း ဆရာတော်ရှေ့ဝပ်တွားနေကြပေမယ့် တစ်ဖက်ကိုတစ်ဖက်စောင်းကြည့်နေကြတယ်။

ဟုတ်တယ်လေ၊ နှစ်ဖက်ရွာသား ဘယ်တုန်းကတည့်ဖူးလို့



လဲ။ အဓိကမတည့်တာက ဦးချက်ဖောင်းနဲ့ဦးပြားကြီးပေါ့။ သူတို့အကြောင်းက အဲ. . ထားပါဦး။

"အိမ်း. . . အခုလိုခေါ်ရတာက တခြားအကြောင်းတော့ မဟုတ်ဘူးကွဲ့. . . "

ဆရာတော်ရဲ့မိန့်ကြားချက်ကို နှစ်ဖက်ရွာသားများငြိမ်သက်နားထောင်နေကြတယ်။ ဆရာတော်ကသာဆက်ပြီး. . .

"တို့ရွာရဲ့အလယ်တည့်တည့်မှာဖြတ်စီးနေတဲ့ ရန်လိုချောင်း ကို တံတားထိုးဖို့ပဲ. . . "

နှစ်ဖက်ရွာသားအားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်ကြတယ်။ ဖြစ်လည်းဖြစ်စရာ။

အမှန်တော့ ရန်လိုချောင်းမှာ အရင်ကတံတားရှိတယ်။ ရန်ပြိုတံတားလေး။ နောက်ကာလကြာတော့ သူ့အလိုလိုဆွေးမြည့်ပြီး ပျက်စီးသွားတယ်။

နှစ်ရွာသားများကလည်း တံတားကိုသူဆောက်နိုးကိုယ်ဆောက်နိုးနဲ့ မဆောက်ဖြစ်ကြဘူး။ နှစ်ရွာမတည့်ကြတာလည်းပါတာပေါ့။ ဟော. . . အခုဆရာတော်ကတံတားပြန်ဆောက်ဖို့မြွက်ပြီ။

"အေးကွယ်. . တို့ရွာမှာကလည်း ချောင်းသာရှိပြီး တံတားမရှိတော့ သွားရေးလာရေးခက်ခဲတာပ. . . "

ဆရာတော့်အသံက တည်ငြိမ်မှုနဲ့အေးနေတယ်။

"အရှေ့ရွာကလည်း အနောက်ရွာကိုသွားဖို့ အနောက်ရွာကလည်းအရှေ့ရွာကိုသွားဖို့ ဒီတံတားမရှိတော့ကွယ်. . ဟင်း. . . "

ဆရာတော်က စကားကိုဆက်မမြွက်ဘူး။ စိတ်မသက်သာသလိုဟန်မျိုးနဲ့ သက်ပြင်းကိုချတယ်။ ရန်လိုချောင်းဆိုတာကလည်း နာမည်နဲ့လိုက်အောင် ရန်လိုလွန်းတယ်။ မိုးဦးကျလိုအချိန်မျိုးဆို မထင်မှတ်ဘဲ တောင်ကျရေလှိမ့်ဆင်းလာတာမျိုးလည်းရှိရဲ့။ ဒါကြောင့်



ရန်လိုချောင်းလေးမှာဆို နှစ်စဉ်လူတွေ၊ ဆိတ်တွေ၊ ကျွဲတွေ၊ နွားတွေ အမြဲ အနိဋ္ဌာရုံတွေနဲ့ကြုံတွေ့နေရတယ်။

"အဲဒါကြောင့်ပေါ့ကွယ်. . . ဒါကြောင့် ဒီတံတားကိုနှစ်ရှာသားတွေပေါင်းပြီး. . . "

ဆရာတော်ရဲ့စကားကြောင့် အားလုံးလှုပ်လှုပ်ရွရွတွေဖြစ်ကုန်တယ်။ ဘာလို့လဲဆိုတော့ နှစ်ဖက်ရွာသားတွေပေါင်းပြီးအလုပ် လုပ်ဖို့ဆိုတာကို ဘယ်သူမှမလုပ်ချင်ကြဘူး။ တစ်ဖက်နဲ့တစ်ဖက်က တည့်တာမှာမဟုတ်တာ။ မျက်နှာတောင်ဟဟကြည့်ချင်ကြတာ မဟုတ်ဘူးလေ။ ဒါကြောင့် အနောက်သစ်ပင်လှက စာဆိုကဝိဦးချက်ဖောင်းက ထပြီး. . .

"ဒါကဒီလိုရှိပါတယ် ဘုန်းဘုန်းဘုရား. . . တံတားဆိုတာမျိုးကဘုရားတရားနဲ့နီးစပ်သူတွေထိုးမှအောင်မြင်တာပါဘုရား. . . ဉာဏ်သာရှိပြီးကံမရှိတဲ့လူမျိုးထိုးလို့မအောင်မြင်နိုင်ပါဘူးဘုရား. . . ဒါကြောင့် ကံရှိလို့ ဘုရားတရားနဲ့နီးစပ်တဲ့ အရှေ့ကသစ်ပင်လှရွာသားများထိုးမှ အောင်မြင်တဲ့တံတား ဧကန်မုချဖြစ်မှာပါ. . . "

ဦးချက်ဖောင်းရဲ့စကားကြောင့် အရှေ့သစ်ပင်လှရွာသားတွေရှုံ့ရှုံ့ရှားရှားဖြစ်သွားကြတယ်။ ကြည့်လေ သူပြောပုံက အရှေ့သစ်ပင်လှရွာသားများဟာ ကံသာရှိပြီးဉာဏ်မရှိဘူးဆိုတဲ့သဘောကိုး။

အရှေ့သစ်ပင်လှရွာသားများကလည်း ဒါမျိုးဘယ်ခံလိမ့်မတုံး။ သူ့တို့ရွာရဲ့ခေါင်းဆောင်ဦးပြားကြီးခေါ် မင်းထက်ပြားကြီးကို ကြည့်ကြတယ်။ ဦးပြားကြီးက အသာနေဆိုတဲ့ဟန်မျိုးနဲ့လက်ကာပြပြီး

"ရွှေဉာဏ်တော်နဲ့ဆင်ခြင်တော်မူပါဘုရား. . . ရှေးကံ၊ နှောင်းကံ၊ အတိတ်ကံကောင်းပါသော်ငြား တံတားဆိုတာမျိုးက ကံကောင်းသူများချည်းထိုးဖို့မသင့်တော်ပါဘူးဘုရား. . . ဒါမျိုးကို ကျွန်တော်တို့ ဘုရားကံတရားကံပါသူချည်းသာ ဆောက်တည်ပါက



ရှေးဘဝကံနည်းလို့ သင်္ချိုင်းကုန်းထဲနေရသူတွေဟာ နောင်ဘဝဘယ်မှာကုသိုလ်ကံကောင်းရမှာလဲဘုရား. . . ငရဲအိုးချိုးကပ်ရင်ကပ်. . အဝီစိကခွာမရ အဖန်ငါးရာငါးကမ္ဘာဆက်လက်ခံနေရမှာပေါ့ဘုရား ဒါကြောင့် အနိုကံနည်းသူတွေကို နိဗ္ဗာန်မဂ်ဖိုလမ်း လျှောက်လှမ်းနိုင်ရန်အလို့ငှာသင်္ချိုင်းနားကြီးပြင်းသူတွေကို အခွင့်အခါပေးသင့်ကြောင်းပါဘုရား. . . ”

ဦးဖြားကြီးရဲ့စကားကြောင့် အနောက်သစ်ပင်လှရွာသားတွေအသည်းခိုက်အောင်နာသွားတယ်။ ဟုတ်တယ်လေ သင်္ချိုင်းက သူတို့ ရွာမှာပဲရှိတာ။ ဒါကို အတိတ်ကံမကောင်းလို့ သင်္ချိုင်းနားနေရတာတဲ့။ ရွာသားအားလုံးက သူတို့ကဝိ ဦးချက်ဖောင်းကိုကြည့်ကြတယ်။ ဦးချက်ဖောင်းကလည်း ဘယ်ခံမှာတုံး။ နဖူးပေါ် လက်နှစ်ဖက်တင်ယှက်လို့။

“တင်ပါ့ဘုရား. . . သင်္ချိုင်းနားနေတော့လည်းလူ၊ ဘုရားနားနေတော့လည်းလူ၊ လူဟာလူပါပဲဘုရား. . . သို့သော်ငြား ဘုရားကိုအကြောင်းပြု . . . ကောင်းမှုတွေမလုပ်ဘဲ နတ်တင်လက်ဖက်အရက်နဲ့ မြည်းတဲ့လူတွေကသာ အပယ်လမ်းလျှောက်လှမ်းရမည်ဖြစ်ပါ၍ သူတို့ကိုသာတံတားခင်းကုသိုလ်ယူခိုင်းပါဘုရား. . . ”

ဦးချက်ဖောင်းစကားလည်းကြားရော အရှေ့သစ်ပင်လှရွာသားတွေရှုံးရှုံးရှားရှားဖြစ်သွားတယ်။ အဲဒါကြောင့် ဦးဖြားကြီးကလည်း ချက်ချင်းထတဲ့ပြီး. . .

“တင်ပါ့ဘုရား. . . တပည့်တော်တို့ အရှေ့သစ်ပင်လှရွာသားများဟာ. . ဘုရားအကြောင်းပြု ကောင်းမှုများသာလုပ်ခဲ့ပါတယ်ဘုရား တချို့ကတော့မဟုတ်ပေါင် မသာပါးစပ်ကကူးတို့ခတစ်မတ်တောင်နိုက်ပြီး ဟင်းစားရှာကြတာပါဘုရား. . . အဲ. . . မသာအင်္ကျီတောင်ကောင်းရင်ယူဝတ်. . . မသာလုံချည်တောင် ကောင်းရင်စွပ်နဲ့

သချိုင်းထဲကမသာတွေခမျာ သေခါမှအဝတ်ဗလာနဲ့အရှက်နှစ်ခြမ်း ဖြန်းဖြန်းကွဲရတဲ့အဖြစ်မျိုးတွေ အများကြီးပါဘုရား. . ဒါကြောင့် မသာကောင်းမှု အကြောင်းပြုပြီး စီးပွားရှာနေတဲ့သူမျိုးများသာ နောင် ဘဝအရေးစိတ်အေးလက်အေးနဲ့ ကုသိုလ်တစ်ရွေးသားလောက်လေး ရအောင် ဒီတံတားကိုခင်းခိုင်းတော်မူပါဘုရား. . . ”

ဦးဖြားကြီးစကားလည်းကြားရော ဦးချက်ဖောင်းဒေါသနဲ့ ရုတ်တရက်ထပြီး. . .

“ဟေ့ကောင်ဖြားကြီး. . . မင်းမဟုတ်တာမပြောနဲ့ကွ ငါတို့ ကမသာအဝတ်ဝတ်ပြီး ဘော်ကြော့နေတာမဟုတ်ဘူး. . . မင်းတို့သာ ဘုရားကြိုဘုရားကြားတူတူရေဝါးလုပ်ပြီး စီးပွားရှာနေကြတာ. . . ”

ဦးချက်ဖောင်းစကားကြောင့် ဦးဖြားကြီးရှူးရှူးရှားရှားဖြစ် သွားပြီး. . .

“ဟေ့ကောင်ချက်ဖောင်း မင်းစကားကို ဆင်ဆင်ခြင်ခြင်ပြော စမ်း. . . ငါတို့က ဘယ်ဘုရားကြိုဘုရားကြားတူတူရေဝါးလုပ်နေလို့ လဲ. . . မင်းတို့သာ မသာပါးစပ်ထဲကူးတို့ခနှိုက်ပြီး အသက်ဆက်နေ ကြတာ. . . ”

ဦးဖြားကြီးရဲ့စကားကြောင့် ဦးချက်ဖောင်းဝုန်းခနဲခုန်ထပြီး. .

“ဟေ့ကောင်ဖြားကြီး မင်းလည်းစကားပြောရင် ရှေ့နောက် ကြည့်ပြော. . . ငါတို့က ဘယ်မသာပါးစပ်ထဲကမှမတ်စေ့မနှိုက်ဖူး ဘူးကွ။ ပိုက်ဆံလိုရင် ကိုယ့်ခြံမြေကိုယ်လှန်လိုက်ရုံပဲ. . . မင်းကသာ မိန်းမရှိတုန်းက မိန်းမထဘီနားတူတူရေဝါးလုပ်စား. . . မိန်းမမရှိ တော့ဘုရားကြိုဘုရားကြား. . . ”

“ဟေ့ကောင်. . . မင်းလွန်လာပြီနော်. . . ”

“လွန်တော့ဘာဖြစ်လဲ . . မင်းကချချင်လို့လား. . . ”

အခြေအနေက ချက်ချင်းယိမ်းယိုင်သွားတယ်။ တံတား



ဆောက်မယ့်ကိစ္စကနေ လက်ဝှေ့ပွဲသွင်းရမယ့်အခြေအနေမျိုးရောက်နေပြီး နှစ်ဖက်ရွာသားများကလည်း သူတို့နှစ်ယောက်ထချကြရင်ဝင်လုံးမယ်ဆိုတဲ့အခြေအနေ။ နှစ်ရွာလုံးက အကြောင်းသိတွေမဟုတ်လား။ ဒီလူနှစ်ယောက်လုံးကလည်း ငယ်ငယ်ကတည်းက ရည်းစားလုဘက်မုဆိုးဖိုတွေလေ။ ဒါကြောင့် တစ်ယောက်ကိုတစ်ယောက်အခဲမကျေဘဲ အနိုင်မခံအရှုံးမပေးဖြစ်နေကြတာ။

အခြေအနေကိုရိပ်မိတဲ့ ဆရာတော်ကပဲ. . .

"တိတ်စမ်း. . . "

ဆရာတော်ရဲ့အော်သံကြောင့် နှစ်ယောက်လုံးရှို့သွားကြတယ်။ ဆရာတော်ကနှစ်ယောက်လုံးကိုလက်ညှိုးထိုးပြီး. . .

"ဒါဂုဏ်တုဂုဏ်ပြိုင်လုပ်ရမယ့်နေရာ. . . ငယ်ကျိုးငယ်နာဖော်ရမယ့်နေရာ မဟုတ်ဘူးကွ. . . မင်းတို့ကိုရန်ဖြစ်ခိုင်းဖို့ခေါ်တာမဟုတ်ဘူး. . . ရပ်ရွာအကျိုးသယ်ပိုးဖို့ခေါ်တာ. . . "

ဆရာတော်ဘုရားရဲ့မြွက်ကြားချက်ကြောင့် နှစ်ယောက်လုံးငြိမ်ကျသွားတယ်။

"ကဲ. . နှစ်ဖက်ရွာသားအဆင်ပြေဖို့ ဒီတံတားကိုဘယ်သူဆောက်မှာလဲ. . . "

အားလုံးအသံတိတ်ကုန်ကြတယ်။ ဆရာတော်က အားလုံးကိုဝေ့ကြည့်လိုက်ပြီး . . .

"ဘယ်သူမှမဖြေနိုင်ကြဘူးမဟုတ်လား ကောင်းမှုကုသိုလ်ကျတော့ ဘယ်သူမှမလုပ်ချင်ကြတော့ဘူးမဟုတ်လား. . . ဟေ. . "

ကျောင်းတစ်ကျောင်းလုံးဆရာတော်ရဲ့အသံမှအပ အပ်ကျသံတောင်မကြားရဘူး။

"ရတယ်. . . ဒီတံတားကိုမင်းတို့မဆောက်ရင် ငါကိုယ်တိုင်ဆောက်မယ်. . . "





ဆရာတော်ရဲ့ပြတ်သားတဲ့စကားကြောင့် အားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြတယ်။ ဆရာတော်ကိုယ်တိုင်ဒီတံတားကိုဆောက်မယ်ဆိုတာကလည်း မသင့်တော်ဘူးလေ။ ဒါကြောင့် ဦးချက်ဖောင်းနဲ့ ဦးဖြားကြီးတို့နှစ်ယောက်လုံး ပျာပျာသလဲနဲ့အရှေ့ထွက်ပြီး. . .

"ဆရာတော်လုပ်စရာမလိုပါဘူးဘုရား တပည့်တော်တို့ဘာသာ တပည့်တော်တို့ဆောက်ပါ့မယ်ဘုရား. ."

ဆိုပြီးသံပြိုင်ထွက်လာတယ်။ ဒါကို ဆရာတော်က နှစ်ယောက်လုံးကိုဝေ့ကြည့်ပြီး . . .

"ကဲ. . အခုတော့နှစ်ယောက်လုံးကတံတားကိုဆောက်ကြမယ်တဲ့. . . ကဲ. . ဘယ်လိုဆောက်ကြဦးမှာတုံး ပြောကြစမ်း. . မင်းတို့နှစ်ဖက်ရွာသား တည့်ရေတည့်ကြလို့လား. . . လူကြီးတွေကအစ ဒီလိုမတည့်တဲ့ရွာနှစ်ရွာ တံတားဘယ်လိုထိုးမှာတုံး. . . ဟင် ပြောကြဦးလေကွာ. . ."

ဆရာတော်ရဲ့အမေးကို နှစ်ယောက်လုံးက တစ်ယောက်ကိုတစ်ယောက်ဝေ့ကြည့်ကြတယ်။ အတော်ကြာမှ ဦးဖြားကြီးက. . .

"မင်းဘက်အခြမ်းမင်းဆောက် ငါ့ဘက်အခြမ်းငါဆောက်မယ်. . ."

ဆိုပြီးပြောတယ်။ ဒါကိုဦးချက်ဖောင်းကလည်း အောက်သိုးသိုးမျက်နှာကြီးနဲ့. . .

"အေးကောင်းတယ်. . . ငါ့ဘက်အခြမ်းငါဆောက်မယ်၊ မင်းဘက်အခြမ်းသာမင်းပြီးပါစေ. . ."

ဆိုပြီး ဆရာတော်ဘက်လှည့်ကာ. . .

"တပည့်တော်တို့ကိုယ့်ရွာဘက်အခြမ်း ကိုယ်တံတားထိုးကြမှာပါဘုရား. . ."

ဒီတော့မှ ဆရာတော်လည်းသက်ပြင်းချပြီး. . .



"အေး. . . ကောင်းပေလေ့. . . ကောင်းပေလေ့. . ဒါဆို တော့ဘယ်သူမှမသာ ဘယ်သူမှမနာတော့ဘူးပေါ့. . . "

ဆရာတော်က သူ့စကားကိုသူသဘောကျစွာ ခေါင်းညိတ်တယ်။ ခေါင်းမညိတ်နိုင်တာကဟိုလူနှစ်ယောက်။ တစ်ယောက်နားတစ်ယောက်ကပ်ပြီး. .

"မင်းဘက်ကသာကတိတည်ပါစေ. . . ဖြားကြီးဘက်ကတော့. . . ဟင်းဟင်း. . . မင်းထက်ဖြားကြီးတဲ့နော်. . . "

ဦးဖြားကြီးကလက်မထောင်ပြီးပြောတယ်။ ဒါကိုဦးချက်ဖောင်းကလည်းအားကျမခံ. . .

"ဟားဟား. . . ငါကလည်းရွှေဥဖောင်းပါကွ. . . ရွှေဥကိုဖောင်းနေတာမင်းအမြင်ပဲ. . . "

ဆိုပြီး လုံချည်ကိုပြင်ဝတ်တယ်။

"ဟေ့ကောင်. . မင်းမရိုင်းနဲ့. . . "

"အောင်မာ. . . မင်းပြောလို့လည်းပြောရသေး. . . "

"ပြောတော့ဘာဖြစ်လဲကွာ. . "

"ငါလေ. . . တယ်. . . "

အခြေအနေက ချက်ချင်းပြန်ငြိမယ့်အခြေအနေ။ ဒါကိုဆရာတော်ကပဲကြားဝင်ပြီး. .

"တိတ်ကြစမ်း. . . မင်းတို့နှစ်ကောင်က ခွေးနဲ့ကြောင်လိုပဲ"

ဆိုပြီးဝင်ဟန့်တယ်။ ဒါကိုတောင် ဒီလူကြီးနှစ်ယောက်က ငါကကြောင် မင်းကခွေးဆိုပြီး အသံတိုးတိုးနဲ့ ကလိနေကြသေး။

"ကဲ . . . မင်းတို့ကိုယ့်ရွာဘက်အခြမ်းကိုယ်တံတားထိုးမယ်ဆိုတော့. . . ဦးပဇင်းလည်းဘာမှမပြောချင်တော့ပါဘူး. . . ဟဲ့. . ဒါနဲ့. . . မြို့မှာစာသွားသင်တဲ့ ချက်ဖောင်းသားနဲ့ ဖြားကြီးသမီးရော. . . "




ဆိုတော့ နှစ်ယောက်လုံးနှုတ်မှပြိုင်တူထွက်လာတာက. . .
“မနက်ဖြန်ရွာပြန်လာကြတော့မှာပါဘုရား. . .”

■ ■ ■

**မနက်** ဝေလီဝေလင်းမှာပဲ ဦးချက်ဖောင်းအဖွဲ့နဲ့ဦးပြား ကြီးတို့အဖွဲ့ မြို့ကကားဆိုက်မယ့်နေရာကို အဦးဆုံး ရောက်နှင့်နေကြတယ်။ ဦးချက်ဖောင်းကလည်း မြို့မှာစာသင်သွားတဲ့ တစ်ဦးတည်းသောသား မောင်ထွန်းနိုင်ကို လည်းကောင်း ဦးပြားကြီးကလည်း သူ့ရဲ့ တစ်ဦးတည်းသောသမီး သော်တာကိုလည်းကောင်း အသီးသီး စောင့်နေကြတယ်။ ဖြစ်ချင် တော့ . . . ရွာနဲ့အဆက်အသွယ်ရှိတဲ့ ကားကလည်းနှစ်စီးထဲရယ်။ (အနောက်သစ်ပင်လှရွာထိပ်မှာဆိုက်တာ လေ)

အဲဒါကိုတောင် သူ့သားကအရင်ရောက်မယ် ငါ့သမီးကအရင်ရောက်မယ်ဆိုပြီးပြိုင်နေကြသေးတာ။

“တကယ်ပြောတာကွကောင်လေးရ. . ငါ့သားထွန်းနိုင်က





မင်းတို့သိတဲ့အတိုင်းပဲ ခြေသွက်လက်သွက်. . . အရာရာသွက်တဲ့ကောင်ကွ. . . ဟဲဟဲ. . . မင်းတို့မယုံရင်ကြည့်နေ. . ဒီကောင်မြို့သူတစ်ယောက်လောက်နဲ့ရည်ငံပြီးပြန်လာတဲ့သတင်းကြားရမယ်. . . တို့ရွာကဘာမဟုတ်ညာမဟုတ်နဲ့ ပိုက်ဆံရှိလို့မြို့ကျောင်းသွားထားတဲ့မိန်းမမျိုးကိုတော့ ယောင်တောင်ပေါင်တောင် တောင်စဉ်းစားမှာမဟုတ်ပေါင်. . . ”

ဆိုပြီးဦးဖြားကြီးကိုလှမ်းရိသည်။ ဦးဖြားကြီးကလည်းဘယ်ခံမှာလဲ။ ဦးချက်ဖောင်းအသံကြားကတည်းက ချက်ချင်းထထက်ပြီး. . .

“ငရဲရ . . . ငါ့သမီးသော်တာဆိုတာ မင်းတို့သိတဲ့အတိုင်းမိတဆိုးလေးပေမယ့် လိမ္မာရေးခြားရှိတဲ့နေရာမှာ သူမတူဘူးကွ. . . ပညာဆိုပညာပဲ. . ကြင်ယာသွားရှာတာမှမဟုတ်တာ. . . တချို့ကျတော့ ငွေလေးနည်းနည်းပါးပါးရှိတာနဲ့. . နည်းနည်းပါဆိုတာလဲတကယ်မဆိုစလောက်ပါကွာ. . အဲဒီလောက်နဲ့ကို မြို့ကျောင်းကိုအကြောင်းပြ မြို့သူတစ်ယောက်အရချိုင်ပြီး သိုက်တူးချင်သူကရှိသေးအပေးပေး. . . တရားကျသကွာ. . . အပွေးပွေး. . . ”

ဦးဖြားကြီးစကားကြောင့် ဦးချက်ဖောင်းရှုံးရှုံးရှားရှားဖြစ်သွားပြီး ဘေးနားက သူ့တပည့်ကျော်ကောင်လေးကို လက်တို့ကာ. . .

“ဒီမှာကွ ကောင်လေးရ. . လူဆိုတာ ကိုယ့်အဆင့်တန်းကိုကိုယ် မြင့်အောင်မြှင့်ရတယ်ကွ. . . အဖေတောသား. . သားကမြို့သား. . . မြေးလေးကျတော့နိုင်ငံခြားသား. . . ဒီလိုဖြစ်ရမှာပေါ့. . . ”

သူ့စကားကို ဦးဖြားကြီးက ဘေးနားကပြုံးပြုံးကြီးလုပ်ပြီး. .

“နိုင်ငံခြားသားဟုတ်မဟုတ်က သူ့အဘွားပဲသိမှာပေါ့. . .



ဂျပန်ခေတ်မီလိုက်တာသူ့အဘွားပဲရှိတာကိုး. . . ”

ဦးဖြားကြီးရဲ့စကားကြောင့် ဦးချက်ဖောင်းတင်းသွားပြီး. . .

“ဟေ့ကောင်. . . မင်းဘာစကားပြောတာလဲကွ. . . ”

ဦးဖြားကြီးက ဦးချက်ဖောင်းကို မျက်မှောင်ကြုတ် ကြည့်ပြီး

“အလိုဗျာ. . . ငါကဘာပြောလို့လဲ. . . ”

“ဂျပန်ခေတ်မီတာ ငါ့အဘွားပဲရှိတာဆိုပြီးတော့လေ. . . အဲဒါ မင်းမိုက်ရိုင်းတာမဟုတ်လား. . . ”

“မရိုင်းရပေါင်ဗျာ. . . မီလို့မီတယ်ပြောတာ. . . ဒါရိုင်းလား. . . ”

“ဟေ့ကောင်. . ငါ့အဘွားက ဂျပန်ခေတ်ကိုမီခဲ့ပေမယ့် သူ့ဖာသာသူအိမ်ထဲမှာနေတာကွ. . . မင်းတို့အဘွားလို အိမ်ရှေ့ကပြင်ထွက်အိပ်တဲ့အစားမဟုတ်ဘူး. . . ”

ဦးချက်ဖောင်းစကားကြောင့် ဦးဖြားကြီးရှူးရှူးရှားရှားဖြစ်သွားပြီ. . .


“ဟေ့ကောင်. . မင်းရိုင်းလှချည်လား . . ဘာလဲ. . . မင်း က တစ်ယောက်ချင်းချချင်လို့လား. . . ”

ဦးချက်ဖောင်းကလည်း အင်္ကျီလက်ကိုမတင်လိုက်ပြီး. . .

“လာလေ. . တစ်ပွဲချင်းကစ်လိုက်ရအောင် ချက်ဖောင်းတဲ့လက်မောင်းလောက်ရှိတယ်နော်. . . လက်သီးက. . . ”

“အေး. . . ငါကလည်းဖြားကြီး. . . နွားထီးတောင်ရှောင်တာမဟုတ်ဘူး. . . လက်သီးက. . . ”

ဆိုပြီး တစ်ယောက်ကိုတစ်ယောက် ချဲလင်း (Challing) လုပ်ဖို့တာဆူလိုက်ကြသည်။ ဘေးလူတွေကလည်း သူတို့စိတ်ကိုသိလို့ ဝင်မဆွဲရဲဘူး။ တစ်ယောက်က သိန်းငှက်သိုင်း၊ တစ်ယောက်က ကြက်သိုင်းနဲ့ဖောင်တွေဆွဲနေပြီ။ အဲဒီအချိန်မှာပဲ. . .





"မြို့ကကားလာပြီဟေ့. . . "

ဆိုတဲ့အော်သံကြားတော့ နှစ်ယောက်လုံးကြောင်ပြီးရပ်သွားတယ်။ နှစ်ယောက်လုံးကားလာရာဘက်ပြန်လှည့်သွားတယ်။

ဟုတ်ပ. . .။ မြို့ကားတစ်စီး ရွာဘက်ဦးတည်လာပြီ။ ဒါကို အရှိန်မသေသေးတဲ့ဦးချက်ဖောင်းက. . .

"ဟေ့ကောင်. . . ကောင်လေးရ. . အဲဒီကားပေါ်မှာ ငါ့သားထွန်းနိုင် အရင်ဆုံးဆင်းလာမှာကွ. . . မယုံရင်ကြည့်နေ. . . "

ဆိုပြီးပြောတယ်။ ဒါကိုဦးပြားကြီးကလည်းအားကျမခံ. . .

"ငရဲရေ. . . ကြည့်နေ. . ကားပေါ်ကအရင်ဆုံးဆင်းလာတာငါ့သမီးသော်တာပဲဖြစ်ရမယ်. . . ငါ့သမီးကမိတဆိုးလေးမို့ ငါ့ကိုသိပ်ချစ်တာ. . . သူအရင်ဆုံးငါ့ကိုတွေ့ချင်မှာပဲ. . . "

ဒါကိုဦးချက်ဖောင်းကလည်း အလျှော့မပေး. . .

"ထွန်းနိုင်ကွာ. . . "

ဆိုပြီးထအော်တယ်။ ဦးပြားကြီးကလည်းဘယ်ခံမလဲ. . .

"သော်တာကွာ. . . "

ဆိုပြီး ပြန်အော်တယ်။

"ထွန်းနိုင်ကွာ. . . "

"သော်တာကွာ. . . "

နှစ်ယောက်သားသူ့သား သူ့သမီးအရင်ဆင်းလာမှာနဲ့ ကပ်ငြိနေကြသေးတယ်။

အဲဒီအချိန်မှာပဲ ကားကသူတို့ရှေ့'ကျွိ'ခနဲထိုးရပ်လာတယ်။ သူတို့နှစ်ယောက်လုံးမျှော်လင့်ချက်တောက်ပတဲ့မျက်လုံးမျိုးနဲ့ကားကို ငေးကြည့်နေကြတယ်။

အဲဒီအချိန်မှာပဲ ကားပေါ်ကပြိုင်တူကျလာတဲ့ခြေနှစ်ဖက်။

"ဟင်. . . "



"ဟာ. . . "

ယောကျ်ားခြေတစ်ဖက်၊ မိန်းမခြေတစ်ဖက်။

"ထွန်းနိုင်. . . "

"သော်တာ. . . "

နှစ်ယောက်လုံးနှုတ်ကပြိုင်တူလိုပဲထွက်သွားတယ်။ သူတို့ရဲ့သားနဲ့သမီးက သူတို့ဆီကိုပြေးလာကြတယ်။

"ဖေဖေ. . . "

"ဖေဖေ. . . "

ဟိုကလည်း ပြိုင်တူပဲ. . .။ အော်သံနဲ့အတူ သူတို့ရဲ့ရင်ခွင်ထဲရောက်လာကြတယ်။

"အောင်မလေး အဖေ့သားကြီး. . . "

"လှလိုက်တဲ့ အဖေ့သမီး. . . "

"ငါ့သားကြီးကတော့ကွာ မြို့မှာကျောင်းတက်ပြီး မြို့သားကြီးလိုဖြစ်နေပါပေါ့လား. . . "

"ဒါပေါ့အဖေရာ. . . အဖေ့သားပဲ အဖေ့လိုခံ့ခံ့ညားညားဖြစ်နေရမှာပေါ့. . . "

"အောင်မလေး. . . ဒါမှငါ့သား. . . ငါ့လိုပဲစကားတတ်လိုက်တာ. . . "

ဆိုပြီး ဝမ်းသာအားရတွေဖြစ်နေတယ်။ ဦးပြားကြီးကလည်း အားကျမခံ သူ့သမီးသော်တာမျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး. . .

"ငါ့သမီးကတော့ဟေ. . . ခုနေဥမ္မာဒန္တီတွေ့ရင် ထိုင်ငိုဦးမယ် . . . "

ထွန်းနိုင်က . . . သူ့အဖေ ဦးချက်ဖောင်း ရင်ခွင်ထဲကနေ သော်တာကိုခိုးကြည့်တယ်။ ဒါကိုဦးချက်ဖောင်းက သူ့မျက်နှာကို ဆွဲလှည့်လိုက်ပြီး. . .





"ပြောစမ်းငါ့သား. . . မြို့သူကောင်မချောချောလေးတွေနဲ့ ရော ကြိုက်ခဲ့သေးသလား. . ."

"ဟာ. . . အဖေကလည်းဗျာ. . . မကြိုက်ခဲ့ရပါဘူး. . . သားကစာပဲသင်လာတာ. . ."

"တောက်. . ဒါမျိုးကျတော့ အဖေနဲ့ကွာပါ့. . . မင်းအဖေ ချက်ဖောင်းမြို့ကျောင်းတက်ရလို့ကတော့ . . . ဟားဟား. . ."

ဦးချက်ဖောင်း သူ့စကားကိုသူသဘောကျနေတယ်။ ဒါကို ဦးဖြားကြီးကလည်း. . .

"သမီး. . . မြို့မှာစာသင်တာ အတော်ရောတတ်ခဲ့လား. ."

"တတ်ခဲ့တာပေါ့အဖေရဲ့. . . အခုဆိုသမီးက ဆယ့်လေး တန်းတောင်အောင်ခဲ့ပြီ. . ."

"အေး. . ဒါမှငါ့သမီး. . မြို့ကျောင်းတက်တာ ပညာရှာဖို့ကွဲ့ ကြင်ယာရှာဖို့မှမဟုတ်ပဲ. . . မဟုတ်ဘူးလား. . . အဖေ့ကိုကြည့် သမီး လေးအတွက်ဆို. . . ဘယ်မိန်းမမှ. . . . ဘယ်မိန်းမမှ. . . ဘယ် မိန်းမမှ . . ဟာ. . ."

"အလို"

ဦးဖြားကြီးစကားထပ်မဆက်နိုင်ဘဲ ခုနကဆိုက်လာတဲ့ကား ဘက်ငေးကြည့်နေတယ်။ သူ့လိုပဲ ဦးချက်ဖောင်းကလည်း ဘာစကား မှမဆက်နိုင်ဘဲ မျက်လုံးအပြူးသား၊ ပါးစပ်ဟောင်းသားနဲ့ ကားရှိရာ ဘက်ငေးကြည့်နေတယ်။

ကားပေါ်ကဆင်းလာတာက ဖြူဝင်းနုထွတ်ပြီး ဣန္ဒြေနဲ့ ပြည့် စုံတဲ့ အရွယ်လတ်လတ်အမျိုးသမီးတစ်ယောက်။ နှစ်ယောက်သား ဘာစကားမှမပြောနိုင်ဘဲ အဲဒီအမျိုးသမီးကိုပဲ ကျွတ်ကျမတတ် မျက် လုံးမျိုးနဲ့ ကြည့်နေမိကြတယ်။ အမျိုးသမီးကတော့မသိလိုက် မသိ



ဘာသာပါပဲ။ ကြွန္ဒြေရရ ပြုံးစစမျက်နှာပေးနဲ့ သူတို့ဆီတစ်လှမ်းချင်း လှမ်းလာတယ်။

"အဖေ. . . . ဒါ. . သမီးတို့ဆရာမလေ. . . "

"အဖေ. . . ဒါ. . . သားတို့ဆရာမလေ. . . "

သားနဲ့သမီးက ပြိုင်တူမိတ်ဆက်ပေးတယ်။

"ဆရာမ. . . ဒါ. . သားဖေဖေဦးချက်ဖောင်းတဲ့. . . "

"ဆရာမ. . . ဒါ. . သမီးဖေဖေဦးပြားကြီးတဲ့. . . "

ဆရာမက နှစ်ယောက်လုံးကိုဝေ့ကြည့်ပြီး. . .

"ဟုတ်ကဲ့. . . တွေ့ရတာဝမ်းသာပါတယ်ရှင်. . . "

အသံက ဥသြငှက်ကလေးတွန်လိုက်သလိုပဲ။ နှစ်ယောက်လုံး ထံမှ 'ဂလု' ခနဲတံတွေးမျိုချသံကြားရတယ်။

"ဖေဖေ. . . ဆရာမလေးက ဒီရွာမှာတစ်လလောက်နေပြီး ဒီရွာမှာပေါက်တဲ့ သစ်ပင်တွေ ပန်းပင်တွေအကြောင်းလေ့လာချင်လို့ လိုက်လာတာ. . . "

သော်တာက သူ့အဖေကို ဆရာမနဲ့မိတ်ဆက်ပေးရင်း ထွန်း နိုင်ကို ခိုးကြည့်ကာပြောတယ်။ ဒါကိုဆရာမကလည်း လွတ်လပ်ပွင့် လင်းစွာပြုံးပြီး. . .

"ဟုတ်ပါတယ်ရှင်. . ဒီရွာလေးက နာမည်နဲ့ လိုက်အောင် ပေါက်တဲ့ သစ်ပင်ပန်းပင်တွေအရမ်းလှတယ်လို့ နာမည်ကြီးလွန်းလို့ ကျွန်မလာလေ့လာတာပါ. . . နောက်ပြီး ဒီဒေသမှာပွင့်တတ်တဲ့ပန်း ကလေးတွေကို စာတမ်းပြုစုချင်လို့. . . ကျွန်မဟောဒီကလေးတွေနဲ့ လိုက် လာရတာပါ. . . "

ဆရာမရဲ့စကားကို ရပ်တည်သလောက် နှုတ်သွက်လျှာ သွက်ရှိတဲ့ ဦးချက်ဖောင်းက

"ဟုတ်ပါ့ဆရာမရေ. . . ဒီရွာကသစ်ပင်တွေက တခြားနယ်



နဲ့မတူဘူးဗျ. . . သိပ်လှတာ. . . နောက်ပြီးပန်းတွေကလည်းစုံပါ့. . ရွှေပန်း၊ ငွေပန်း၊ စကားပန်း ကျုပ်အကုန်သိသဗျ. . . ကျုပ်ကိုယ်တိုင်တောတက်ပြီးလိုက်ပြမယ်. . .”

ဆရာမ မျက်နှာလေးပြုံးသွားတယ်။

“ကျေးဇူးတင်ပါတယ်ရှင်. . .”

ဆိုပြီးပြန်ပြောတယ်။ ဒါကို ကြားကဦးဖြားကြီးကမခံနိုင်ဘဲ သူ့ရင်ဘတ်ပြားကို တဗုန်းဗုန်းရင်ကော့ထုကာ. . .

“အိုး. . . ပန်းအစုံသိချင်နေပါတယ်ဆိုမှ ရွှေပန်း၊ ငွေပန်း လောက်လာပြောနေတယ်. . . ဒီမယ်ဆရာမ စိန်ခြယ်၊ ခတ္တာ၊ နေကြာ၊ သစ်ခွ၊ နှင်းဆီ၊ သပြေ၊ ခရေကအစ အဖူးအငုံအလုံးအပြား ပန်း အားလုံး ကျုပ်သိသပ. . . ကျုပ်ကိုယ်တိုင် တောတက်လိုက်ပြမယ်. . .”

ဆိုပြီးဖြတ်ပြောတယ်။ ဒါကိုဦးချက်ဖောင်းက အကွက်ကောင်းစောင့်နေသူပီပီ ခနဲ့တဲ့တဲ့ပြုံးပြီး. . .

“မင်းစကားလွန်လွန်းပြီဖြားကြီး. . .”

“ဘာလို့လဲ. . .”

“ပန်းထဲမှာအပြားရှိတယ်ဆိုတာ ငါ့တစ်သက်နဲ့တစ်ကိုယ်တစ်ခါမှမကြားဖူးဘူးဟူးဟူး. . .”

ဦးချက်ဖောင်းစကားကို ဦးဖြားကြီးက လှောင်ပြုံးပြုံးလိုက်ပြီး. . .

“နေကြာပန်းမပြားရင် မင်းကြီးတော်မှပြားမှာလား. . . ကိုင်း ပြောစမ်းပါ. . . ပြောလိုက်စမ်းဘာ. . .”

ဦးချက်ဖောင်းမျက်နှာကြီး မည်းတက်သွားတယ်။ နောက် ရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး. . .

“ဟေ့ကောင်. . မင်းလူကြီး လူကြီးစကားပြောကွ. . .”



"ဟေ့ကောင်. . . ငါကလူကြီးစကားမပြောလို့ မင်းလို ကလေးအိုစကားပြောရမှာလား. . ."

"ဟာ. . . ဒီကောင်တော့ကွာ. . ."

ဆိုပြီး ရန်ဖြစ်တော့မလိုဖြစ်နေပြန်တယ်။ ဒါကို သားနဲ့သမီးက ပဲကြားဝင်ဆွဲပြီး. . .

"တော်ကြပါတော့အဖေတို့ရယ်. . . အဖေတို့ နှစ်ယောက် ကလည်း တွေ့ရင်ကုတ်နေကြတော့တာပဲ. . ."

"ဟုတ်သားအဖေရယ်. . . အဖေတို့နှစ်ယောက် တစ်ခါမှ သင့်သင့်မြတ်မြတ်ရှိတယ်ကို မတွေ့ရဘူး. . ."

ကလေးတွေရဲ့စကားကို ဦးချက်ဖောင်းက. . .

"ဒီကောင်က စကားအကောင်းမပြောတာကွ. . ."

ဆိုပြီး ထအော်တယ်။ ဒါကို ဦးပြားကြီးက ထွန်းနိုင်ဘက်လှည့် ပြီး. . .

"ဦးက စကားအကောင်းမပြောတာမဟုတ်ပါဘူးသားရယ် မင်းအဖေကလူမိုက်ကြီးကွ. . ."

ဦးပြားကြီးစကားကြောင့်ဦးချက်ဖောင်း ပိုလို့ဒေါသထွက်သွား တယ်။

"ဟေ့ကောင်. . . ဧည့်သည်ရှေ့မှာ မဟုတ်တာမပြောနဲ့ ငါ က ဘယ်မှာမိုက်နေလို့လဲကွ. . ဟေ. . သက်သေသက္ကာယလေး ပြ စမ်းပါဦး. . ."

ဦးပြားကြီးက မသိသလိုဟန်မျိုးနဲ့. .

"မင်းအကြောင်းပြောနေတာမဟုတ်ဘူး. . . သူ့အဖေအ ကြောင်းပြောနေတာ. . ."

"အေး. . . ဒါဆိုဆက်. . . ဟင်. . . ဘာ. . . ဘာ. . သူ့အဖေကငါကွ. . ."

"ဟင်. . . ဟုတ်လို့လား. . . မသိန်းပြောတော့ သူ့အဖေက လှတိုးဆို. . ."

"အေး. . . လှတိုးက အရင်ယောက်ျား. . . ဟော့ကောင်. . မသိန်းယောက်ျားကလှတိုးကွ. . . ငါ့မိန်းမကမိအေး. . ဘာမှမဆိုင်ဘူးကွ. . ."

"အေးလေ. . . မင်းတို့ကရှုပ်တော့ရောကုန်တာပေါ့ကွ . . "

"ဟော့ကောင်. . ငါကမရှုပ်ဘူးကွ၊ မင်းဘာသာ မင်းလာရောနေတာ. . "

"အေးလေ. . ရောမယ်ဆိုလည်းရောချင်စရာပဲ. . မင်းတို့ဖအေတူမအေကွဲညီအစ်ကိုတွေက မျက်နှာအတူတူတွေဆိုတော့ရောကုန်တာပေါ့ကွ. . ."

"ဟော့ကောင်. . စကားကိုဆင်ခြင်ပြော. . ငါ့အဖေကမိန်းမတစ်ယောက်ထဲယူတာ. . မင်းအဖေလေပျော့လို့. . ."

"တွေ့လား. . စိတ်ကထစ်ခနဲဆို ဒေါသကဖြစ်ပြီ၊ ဒါကြောင့်လူမိုက်ကြီးဆိုပြီးနာမည်ကြီးတာ. . ."

"ကဲ. . . တော်ကြပါတော့အဖေတို့ရယ်. . . အဖေတို့ကတော့စံပဲ. . . ရန်ဖြစ်ချင်လဲနောက်မှဖြစ်. . . အခုဟာက ဟောဒီကဆရာမအတွက် နေရာထိုင်ခင်းစီစဉ်ပေးရဦးမယ်. . ."

ဆရာမအသံလည်းကြားရော နှစ်ယောက်လုံးရုပ်ပြန်တည်သွားကာ ဦးချက်ဖောင်းက မျက်နှာချိုသွေးပြီး. . .

"ဩော်. . . ဟုတ်သား. . . မေ့လို့. . မေ့လို့. . အဟဲ. . ဆရာမကျွန်တော်တို့အိမ်မှာတည်းပါ. . . ကျွန်တော်အတတ်နိုင်ဆုံးဝတ်ကြီးဝတ်ငယ်ပြုစုမှာပါ. . ."

ဒါကိုဦးပြားကြီးက. . .

"ကျင်ကြီးကျင်ငယ်ပါပြုစုပါလား. . ."



“ဟော့ကောင်. . . စကားအကောင်းပြောရင် မဖောက်နဲ့ ဆရာမအတွက် အဆင်ပြေအောင်ပြောနေတာ. . ကဲ. . သားဆရာမကိုအိမ်ခေါ်လိုက်လေ. . .”

ဆိုပြီး သူ့သားထွန်းနိုင်ကိုအရှေ့တွန်းလွှတ်လိုက်တယ်။

“ဟုတ်သားဆရာမရယ်. . . ကျွန်တော်တို့အိမ်မှာတည်းပါ အိမ်ကအကျယ်ကြီးဆရာမရဲ့ ဆရာမလွတ်လွတ်လပ်လပ်နေလို့ရတယ်. . .”

ထွန်းနိုင်စကားဆုံးတာနဲ့ ဦးဖြားကြီးတစ်စခန်းထပြီး. . .

“ဟို. . . အိမ်ကျယ်တာက ကျွန်တော်တို့အိမ်လည်းကျယ်တာပါပဲ. . .”

သူ့စကားကိုအကွက်ချောင်းနေတဲ့ဦးချက်ဖောင်းက. . .

“ကျယ်မှာပေါ့ သူ့အိမ်ကဇရပ်ကြီးဟာ. . .”

“ဟုတ်တယ်. . ဟုတ်တယ်. . ဇရပ် အဲလေ. . ဟော့ကောင်ချက်ဖောင်း စကားအကောင်းပြောနေတုန်း ဝင်မဖောက်နဲ့. . . ဟိုလေ ဆရာမ ကျွန်တော်တို့အိမ်က ဘုန်းကြီးကျောင်းနဲ့လည်းနီး. . ကြီးကလည်းကြီးဆိုတော့. .”

“မင်းကဆွမ်းခံကျွေးမှာလား. . .”

“ဟုတ်ကဲ့. . . ကျွန်တော်ကိုယ်တိုင်ဆွမ်းခံပြီး. . . အဲလေ ဟော့ကောင်တော်ကွာတော်. . .”

ဆိုပြီးထအော်တယ်။ ဒါကိုဆရာမကပဲကြားဝင်ပြီး. . .

“ကဲ. . တော်ကြပါတော့ရှင်. . ရှင်တို့နှစ်ယောက်က သိပ်ရယ်ရတာပဲ. . . ကဲ. . ဒီလိုလုပ်. . ကျွန်မက အခုသော်တာတို့အိမ်မှာ တစ်ပတ်နေပြီးရင် မောင်ထွန်းနိုင်တို့အိမ်မှာတစ်ပတ်နေမယ်. . . ဟုတ်ပြီလား. . .”

“အရင်ကတော့ ဆရာမကတစ်ပတ်ထဲဆို. . အခုနှစ်ပတ်

လား. . . တော်သေးတာပေါ့ဆရာမရယ်. . . ”

“တော်စမ်းပါချက်ဖောင်းရာ. . . ”

“အဲဒီအစီအစဉ်ကောင်းတယ်ဆရာမ. . . ”

“ဟုတ်ပါတယ်ဆရာမ. . အဲဒါသင့်တော်ပါတယ်. . . ”

ကလေးတွေကပါထောက်ခံနေတော့ သူတို့လည်းဘာမှပြန်မပြောနိုင်တော့ဘူး။ ဒါကိုပဲ နှုတ်သွက်လျှာသွက်ရှိတဲ့ ဦးပြားကြီးက. .

“ကဲ. . . ဒါဆို ကျွန်တော်တို့အိမ်မှာအရင်လိုက်နေပေါ့. . . ”

ဆိုတော့ ဆရာမကနှစ်လိုဖွယ်ပြုံးပြီး. . .

“ကောင်းပါပြီရှင်. . အဲဒီမှာက ဟောဒီသမီးလေးသော်တာရှိတော့ပိုအဆင်ပြေတာပေါ့. . . ”

ဆိုပြီးပြောတယ်။ ဒါကိုသော်တာက ထခုန်မတတ်အားရဝမ်းသာပဲ။

“ကဲ. . ဒါဆိုကျွန်မတို့သွားကြရအောင်ဆရာမ. . ဆရာမလည်းနားလို့ရအောင်. . . ”

“ဩော်. . အေးအေး. . ကဲ. . မောင်ထွန်းနိုင်ရေ ဆရာမသော်တာတို့အိမ်လိုက်သွားဦးမယ်. . နောက်မှပဲ. . . ”

“ဟုတ်ကဲ့ဆရာမ. . ညနေစောင်းလောက်ရင် ကျွန်တော်လည်းလာခဲ့ပါမယ်. . . ”

“ဩော်. . မောင်ထွန်းနိုင်တို့အဖေ ကျွန်မကိုခွင့်ပြုပါဦးရှင်”

ဆရာမဦးချက်ဖောင်းကို မောင်ထွန်းနိုင်တို့အဖေဆိုပြီးနှုတ်ဆက်လိုက်တော့ ဦးချက်ဖောင်းရဲ့ အရည်လည်နေတဲ့မျက်လုံးကြီးပြန်မှောင်ကျသွားတယ်။ ပြီးတော့ စိတ်မသက်သာစွာခေါင်းညိတ်ပြီး. . .

“ဟုတ်ကဲ့ပါ ဆရာမ. . . ”



ဆိုပြီး သူ့သားကိုပြန်ကြည့်တယ်။ စိတ်ထဲမှာတော့ 'တောက်' ဒီကောင့်ညီလောက်ဖြစ်တာကမှ ပိုကောင်းဦးမယ်' ဆိုပြီး ကျိတ်မနိုင်ခဲမရတွေးမိတယ်။

ဦးဖြားကြီးကတော့ သမီးတစ်ဖက် ဆရာမတစ်ဖက်ထားပြီး ကြွားကြွားကြီးကိုလျှောက်သွားတယ်။ ဦးချက်ဖောင်းကတော့ ဘာမှ မကြည့်ပါဘူး။ သူ့သားထွန်းနိုင်က သော်တာကိုဖလိုင်းကစ်လှမ်းလုပ်လိုက်တာကိုမမြင်ဘူး။ ဆရာမရဲ့နောက်ကျောကိုကြည့်ပြီး. . .

"လှချက်ကွာ. . ."

အရှေ့ကကြည့်လည်းယဉ်တယ် . . . အနောက်ကကြည့်လည်းယဉ်တယ်ဆိုတာ ဒါမျိုးဖြစ်မှာဆိုပြီးစိတ်ကူးယဉ်နေတယ်။

■ ■ ■

ဒီနေ့ ရန်လိုချောင်းလေးဘေးမှာ ရွာသားတွေစည်ကားနေတယ်။ စည်ကားရခြင်းအကြောင်းအရင်းသိတယ်မဟုတ်လား။ ရန်လိုချောင်းအပေါ် နှစ်ပေါင်းများစွာလိုနေတဲ့ရန်တွေပြို အောင်ရန်ပြိုတံတားထိုးဖို့။ နှစ်ဖက်ရွာသားများကလည်း တက်တက် ကြွကြွပဲ။ ရွာလုံးကျွတ် ကမ်းတစ်ဖက်တစ်ချက်စီမှာရောက်နေကြ တယ်။ ဘယ်လောက်ထိလဲဆို တံတားလုပ်နေချိန်လူတွေကို ဆော်သြ ဖို့ လော်စပီကာတွေတောင် တစ်ဖက်တစ်လုံးငှားထားပြီးပြီ။

တံတားထိုးဖို့ နှစ်ဖက်ရွာသားတွေစုံနေတာတောင် တံတား ကမထိုးဖြစ်သေးဘူး။ ဘာလို့လဲဆိုတော့ နှစ်ရွာလူကြီး ဦးချက်ဖောင်း နဲ့ဦးပြားကြီးက ရန်လိုချောင်းရဲ့အလယ်မှာ တစ်ဖက်စီလှေနဲ့သွားပြီး ဆွေးနွေးနေကြတာ။

“ကဲ. . အခု ငါတို့ဒီတံတားကို မထိုးမဖြစ်ထိုးကြရတော့မယ်



ဒီတော့. . . နှစ်ဖက်တညီတညာဖြစ်အောင် ဝါးတံတားထိုးကြမယ်. . . ”

ဦးဖြားကြီးရဲ့စကားကို ဦးချက်ဖောင်းက. . .

“မင်းဟာကဒိတ်အောက်နေပြီ. . ငါကတော့ ဒီလိုဒိတ်အောက်တဲ့ ဝါးတံတားမထိုးနိုင်ဘူး. . အဆင့်မြင့်အုန်းဆံကြိုးတံတားပဲထိုးမယ်. . . ”

“မင်းကလည်း အုန်းဆံကြိုးတံတားဆို ဘယ်လိုလုပ်လွယ်မှာလဲကွ. . . စဉ်းစဉ်းစားစားလည်းပြောပါဦး. . . ”

“ငါအသေအချာလေ့လာပြီးပြီ. . . အုန်းဆံကြိုးအလုံး ဘယ်လောက်ဆို တံတားတန်ချိန်ဘယ်လောက်ကိုဆွဲထားနိုင်တယ်ဆိုတာ ငါအသေအချာတွက်ချက်ကြည့်ပြီးပြီ. . . နောက် ဒီနည်းဟာ ဒီနေ့ထိုး ဒီနေ့တံတားဖြစ်တယ်. . . မင်းဝါးတံတားက ဝါးတွေဆွေး ကုန်ရင် တံတားကပျက်ပြီ. . . အုန်းဆံကြိုးတံတားက မြန်ကောင်းသက်သာ. . ”

“ဟကောင်ရ. . . ဒီနေ့ထိုးဒီနေ့ဖြစ်တယ်မပြောနဲ့ ဒီနေ့ပြိုကျတော့ရော. . . ”


“ဒါကတော့ သတ္တဝါတစ်ခုကံတစ်ခုပဲ. . . သူလေဟုန်စီးရတဲ့ကံပါရင် တံတားပြိုပြီးလေဟုန်စီးရမှာပဲ. . . ”

“ဟေ့ကောင်ချက်ဖောင်း. . . မင်းအဲဒီလိုမညစ်ပတ်နဲ့ကွ”

“ငါညစ်ပတ်တာမဟုတ်ဘူး. . ဗုဒ္ဓရဲ့အဆုံးအမမှာကို အဲဒီလိုပါတာ. . . ဖြစ်ချိန်တန်ရင်ဖြစ်မှာပဲ. . ပျက်ချိန်တန်ရင် မင်းတံတားကို ကွန်ကရစ်နဲ့ထိုးထိုး သံမဏိနဲ့တည်တည်ပျက်မှာပဲ. . . ”

“မဟုတ်ဘူးချက်ဖောင်း. . . အခုဟာက. . . ”

“အခုဟာကတွေဘာတွေလုပ်မနေနဲ့ ငါကတော့ ငါ့ဆုံးဖြတ်ချက်ကိုမပြင်နိုင်ဘူး. . . မင်းဘာသာမင်းအသေအချာပြန်စဉ်းစား. . .





ပြီးရင် ပြင်သင့်တာအချိန်မီပြင်ဒါပဲ. . . ”

ဆိုပြီး လှေကိုပြန်လှော်လိုက်တယ်။ သူ့လှေဦးက ဦးဖြားကြီး လှေဦးနဲ့ခပ်လှမ်းလှမ်းရောက်မှ. . .

“ဟေ့ကောင်. . မင်းပြန်သွားရင် ဆရာမကိုငါသတိရနေ တယ်လို့ပြောလိုက်. . . ”

ဆိုပြီး မဆီမဆိုင်အော်ပြောလိုက်သေးတယ်။ ဦးဖြားကြီးဆီ က တောက်ခတ်သံကြားရတယ်။ နောက်အသံကျယ်ကျယ်နဲ့. . .

“သေတာတောင်မပြောဘူးဟေ့ကောင်. . . ”

ဆိုပြီးပြန်အော်တယ်။ ဒါကိုဦးချက်ဖောင်းက. . .

“အေး. . . အဲဒါဆို မင်းသမီးသော်တာကို ငါ့သားထွန်းနိုင် ကလည်း လုံးဝဂရုမစိုက်ဘူးလို့ပြောပေး. . . ”

ဆိုပြီးလှည့်ကြပ်သွားသေးတယ်။ ဦးဖြားကြီးဆီက ခွေးသား မျောက်မြေးဆိုပြီး ကြိမ်ဆိုသံတွေသာကြားရတော့တယ်။

■ ■ ■

**မဟုတ်** "မဟုတ်သေးဘူးအဖေ. . တံတားထိုးတယ်ဆိုတာ ဒီလိုပြီး စလွယ်လုပ်လို့မဖြစ်သေးဘူး. . . နှစ်ဖက်ရွာသားတွေ အသေအချာ စုရုံးပြီး ခိုင်ခန့်တဲ့ သစ်သားတံတားလေးတော့ထိုးသင့်တယ်နော်. . . အခုဟာက. . . "

"မင်းအသာနေစမ်းပါသားရာ. . . "

ထွန်းနိုင်ရဲ့စကားကို ဦးချက်ဖောင်းကဖြတ်ပြောလိုက်တယ်။

"ဘယ်လိုအသာနေလို့ရမှာလဲအဖေရ. . . အခု အဖေတို့ နှစ်ယောက်မာနပြိုင်နေကြတာနဲ့ ရွာအတွက် အသုံးဝင်မယ့်တံတားကောင်းတစ်စင်း ဘယ်လိုရ နိုင်မှာလဲ. . . "

"မောင်ထွန်းနိုင်. . . မင်းကိုငါမွေးခဲ့တာပါကွ. . . အဖေ ထက်သားတစ်ပေပိုမရှည်ချင်ပါနဲ့. . . ရှည်တယ်ဆိုတာ မိန်းမတွေအ

တွက်ကဆံပင်ကွ. . . ယောကျ်ားတွေအတွက်က. . . အင်း. . . အလုပ်ပဲကောင်းပါတယ်. . . ”

ဆိုပြီး ရွာသားတွေဘက်လှည့်ပြီး. . .

“ဟေ့. . . လော်စပီကာပြင်စမ်း. . . ”

ဆိုပြီး အမိန့်ပေးလိုက်တယ်။ ရွာသားအားလုံး လှုပ်လှုပ်ရွရွနဲ့လော်စပီကာပြင်ကြတယ်။ ထွန်းနိုင်သက်ပြင်းချရှုံကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူး။ ကြည့်ဦးလေ တံတားဆောက်မယ့်ဟာကို လော်စပီကာအရင်ပြင်ခိုင်းနေပြန်ပြီ။

“ယနေ့ကြွရောက်ကြတဲ့ အနောက်သစ်ပင်လှရွာသား သူတော်ကောင်းများခင်ဗျား. . . ”

လော်စပီကာက ကျယ်လောင်စွာထွက်လာတဲ့ ဦးချက်ဖောင်းရဲ့အသံကြောင့် ဦးဖြားကြီးခေါင်းထောင်သွားတယ်။

“ယနေ့ကြွရောက်ကြတဲ့ အနောက်သစ်ပင်လှရွာသား သူတော်ကောင်းများခင်ဗျား. . . ယခုကျွန်တော်တို့ဟာ ဒီရွာရဲ့အလယ်မှာဖြတ်စီးနေတဲ့ ရန်လိုချောင်းပေါ်မှာ အေးအေးဆေးဆေး သက်သောင့်သက်သာဖြတ်သန်းသွားလာနိုင်ရန်အတွက် ရန်ပြိုတံတားဆောက်ကြမှာဖြစ်ပါတယ်. . . အဲ. . တံတားတည်ဆောက်တဲ့နေရာမှာလည်း ဖေဖေ၊မေမေ၊ ကိုကို၊ မမ၊ ညီ၊ ညီမအရွယ် ကလေးငယ်များသိတော်မူကြတဲ့အတိုင်း. . ရှေးယခင်ကနဲ့မတူ တစ်မူထူးခြားစွာဖြင့် ခေတ်မီနည်းပညာနဲ့ ဝိဇ္ဇာဓာတ်ပေါင်းစပ်ကာ ဈာန်နဲ့ကြွသွားသိပ္ပံကြိုးတံတားကို တည်ဆောက်မှာဖြစ်ပါတယ်. . . ”

“ဒီတံတားကြီးကိုဖြတ်လျှောက်သူများဟာ လေထဲမှာဈာန်နဲ့ကြွသွားသလို တငြိမ့်ငြိမ့်မူးမူး တလိမ့်လိမ့်လူးလူးနဲ့ ခံစားရမှာဖြစ်ပါတယ်. . . ”

“ဒီတံတားကိုတည်ဆောက်ဖို့ မတည်ထားတာကတော့ သုံး



မတ်လုံးအုန်းဆံကြိုးခြောက်ပင်၊ ငါးမူးလုံးနိုင်လွန်းကြိုးအပင်ငါးဆယ်၊ တစ်မတ်လုံးလျှော်ကြိုးတစ်ရာနဲ့ ခိုင်ခိုင်ခံခံ့တည်ဆောက်သွားမှာဖြစ်ပါတယ်. . . အဲ. . . နောက်ပြီးပြောလိုတာက သူများတွေလို စေတနာမပါတဲ့ ခနော်နီခနော်နဲ့ ဝါးတံတားတည်ဆောက်ခြင်း မဟုတ်ဘဲ ခေတ်မီသိပ္ပံပညာနဲ့ လောကဓာတ်ပညာပေါင်းစပ်ပြီး သစ်ပင်လှတံတားဟော့လို့လူလူသူသူကြွေးကြော်နိုင်အောင် အုန်းဆံသုံးပင်ချာန်ရရန်ပြိုတံတားတည်ဆောက်သွားမှာဖြစ်ပါတယ် ခင်ဗျား. . . ”

ဦးချက်ဖောင်းစကားလည်းကြားရော ‘ရွှီးဖြောင်းဖြောင်း’ ဆိုတဲ့ လက်ခေါက်မှုတ်သံ လက်ခုပ်တီးသံများဆူညံသွားတယ်။

“ဒါမှ အနောက်ချက်ဖောင်း. . တို့ချက်ဖောင်း. . . ”

ဆိုတဲ့အသံများလည်းဆူညံသွားတယ်။

အဲဒါကိုမြင်တော့ ဦးပြားကြီးကလည်းဘယ်နေမတုံး။ အကျႌလက်ကိုခပ်မြင့်မြင့်ဆွဲတင်ပြီး မိုက်ခွက်ကိုဆွဲကာ. . .

“သပ္ပုရိသအနွယ်ဝင် ဘုရားဒကာ. . ဘုရားဒါယိကာမအပေါင်းတို့ခင်ဗျား. . . ယနေ့ဟာဆိုရင်ဖြင့် ကျွန်တော်တို့ရဲ့သစ်ပင်လှရွာကြီးမှာလိုအပ်နေတဲ့ ရန်ပြိုတံတားကိုတည်ဆောက်ရမယ့် နေ့ထူးနေ့မြတ်ပဲဖြစ်ပါတယ်. . . တံတားတည်ဆောက်ရာမှာလည်း ရှေးကုသိုလ်ကံကြီးလို့ ကျောင်းကြီးကန်ကြီးနားနေခဲ့ရသူပီပီ ပညာဉာဏ်မျှော်အရှည်တွေးလို့ ပေလေးဆယ်ဝါးဆစ်လုံးနဲ့လူအများ သုံးနိုင်အောင်စေတနာရှေ့ထား ဝါးတံတားကိုခံ့ခံ့ထည်ထည်တည် ဆောက်နေခြင်းဖြစ်ပါတယ်. . . သူများတွေလို ရှေးကံကလည်းချို့ ယခုဘဝမှာလည်းသဒ္ဓါနည်းပြီး ခပ်ကျဲကျဲအုန်းဆံကြိုးနဲ့ ပိုးစိုးပက်စက်တည်ဆောက်နေခြင်းမဟုတ်ပါဘူး. . . ဒီလိုကြိုးတံတားမျိုးကတော့ သဒ္ဒါလည်းမတတ် ပရမတ်လည်းမကျေဘဲ လူရှေ့မှာနေပြီး မှန်လျှင်မှန်ပေး. . . မမှန်လျှင်လျှာထုတ်ပြတတ်တဲ့ချိန်ခွင်လို လူစားမျိုးမှ

အခွက်ပြောင်ပြီး တည်ဆောက်ရဲတဲ့တံတားမျိုးသာဖြစ်ကြောင်း အများသိအောင် ကြေညာမောင်းခတ်လိုက်ရပါတယ်ခင်ဗျား. . . ”

“ဒါမှဦးဖြားကြီးကွ. . . အရှေ့ဖြားကြီးဟေ့. . . ”

ဦးဖြားကြီးရဲ့စကားကြောင့် အရှေ့သစ်ပင်လှရွာသားတွေ လက်ခမောင်းထခတ်ကြတယ်။ သဘောကျလွန်းလို့တဲ့လက်ခုပ်သံက တော်ရုံနဲ့မစဲဘူး။ ဦးဖြားကြီးစကားနဲ့ အရှေ့ သစ်ပင်လှရွာသားတွေ ဖြစ်နေပုံကိုကြည့်ပြီး ဦးချက် ဖောင်း စိတ်ဆတ်တတ်သူပီပီမိုက်ခွက်ကို ဆတ်ခနဲဆွဲ လိုက်ပြီး သူ့စကားကိုဆက်ပြန်တယ်။

“ဤကျေးရွာအတွင်းနေထိုင်ကြပါကုန်သော သူတော်စင်ဓမ္မမိတ်ဆွေများခင်ဗျား. . . ယခုတည်ဆောက်နေတာက ကျေးရွာအတွက်လိုအပ်တဲ့တံတားကိုတည်ဆောက်နေခြင်းဖြစ်ပါတယ်. . သဒ္ဒါပရမတ်နဲ့ယှဉ်ပြိုင်ရမယ့်ပြိုင်ပွဲကြီးမဟုတ်ပါဘူး. . . အဲ. . အဲဒီလိုဆိုလိုက်လို့ဒီလူကြီး သဒ္ဒါပရမတ်မကျေဘဲစာဆိုတော်လုပ်ချင်နေသေးလားလို့ ဆိုကြပါဦးမယ်. . . မဟုတ်ပါဘူးခင်ဗျား. . . ”

“စိန္တာမဏိ ရတနာနိ
ဗုဒ္ဓံ ဗုဒ္ဓရတနာနံ
ကရံ ကရတိသရနံ
ခိပ္ပမေဝ သမိဇ္ဈတု. . .

စိန္တာမဏိရတနာနိ ကြံတိုင်းဖန်တိုင်း ရပ်ဆိုင်းမရှိအလိုလိုကို ပြည့်ဝစေနိုင်သော ရတနာတို့သည် ဗုဒ္ဓတရားတည်းဟူသော ရတနာဖြစ်၏။ ဗုဒ္ဓရတနာနံ ဘုရားတည်းဟူသောရတနာကို သရဏံ ကိုးကွယ်ခြင်း၌ ကရံကရော အနန္တောပြုထိုက်သည် ဟောတိဖြစ်၏။ ကရတိပြုသောသူအား ဣစ္ဆာကြံစည်တောင့်တ အလိုဆန္ဒသည် ခိပ္ပမေဝ လျင်မြန်စွာလျှင် သမိဇ္ဈတုပြည့်စုံပါစေသတည်း. . . ဆိုတဲ့ ဆုတောင်းစကားကစလို့ အာမဘန္တေပါအရှင်ဘုရားခံတဲ့အထိ အလုံးစုံသိ

ပါတယ်။ ဒါကို တချို့က သဒ္ဒါမီးကြိုးမောင်းပျက်နဲ့ လာလက်ယှဉ်ယှက်သူက ရှိနေပါသေးတယ်။ ဒါကို ပညာရှိချက်ဖောင်းအမျက်အပြင်မထွက်ကောင်းတာမို့ ပညာကိုမျှသိပ်လို့ လိုအပ်တာကိုဖြည့် ဆည်းဟောဒီ တံတားကြီး ခံ့ခံ့ထည်ထည်ပြီးရအောင် ရွာသားတို့ ရေလုပ်အားနဲ့ပြ. . . ”

“ဒါမှဦးချက်ဖောင်းဗျ. . . ”

အနောက်သစ်ပင်လှရွာသားများ ဦးချက်ဖောင်းကို တစ်ခဲနက်အားပေးကြတယ်။

ဦးချက်ဖောင်းရဲ့စကားလည်းကြားရော အရှေ့သစ်ပင်လှရွာသားများ ရှူးရှူးရှားရှားဖြစ်ကုန်ကြတယ်။ ဦးပြားကြီးကတော့ အသာနေဆိုတဲ့ မျက်နှာပေးမျိုးနဲ့ မိုက်ကရိုဖုန်းကိုဟန်ပါပါကိုင်ရင်း. . .


“အဟမ်းအဟမ်း. . . ပေါ့ဗျာ. . နေ့ဗျာ. . . ကျွန်တော်လူသား ကိုကိုပြားက ထင်ရမြင်ရတင်ပြချင်တာက. . . ဘုရားဟောအတိုအစ ဆိုပြရုံနဲ့ ပညာဂုဏ် ထင်ရာငုံပြနေတာတော့ ရယ်စရာကောင်းလှပါတယ်. . စာကဗျာသင်္ချာတွက်ဆိုတာ မြင်မြင်ရာညာတုတ်နေလို့မဖြစ်ပါဘူး. . . ဟောသလို လျှပ်တစ်ပြက်လည်း စပ်ဆိုတတ်ရပါတယ်. . . ကိုင်း. . ရွာသားတို့ရေ. . . ”

“ဝေ. . . ”

အရှေ့သစ်ပင်လှရွာသားတွေ ထူးလိုက်သံက ကမ်းပါးပါပြိုကျမတတ်ပါပဲ။ ဦးပြားကြီးအသံက လော်ထဲကပြန်ပေါ်လာပြန်တယ်။

“တရားစာအတိုအပြတ်တွေနဲ့. . . လူတတ်ကြီးလုပ်ချင်ပုတ်သင်လိုလူစား. . ဘာမှမတတ်. . . စောင်းချိတ်ရန်မူ. . . ခေါင်းညိတ်သန်သူချက်ဖောင်း. . . ”

“ဟေး. . . ”





အရှေ့သစ်ပင်လှူရှာသားတွေ လက်ခုပ်လက်ဝါးတီးပြီး အားပေးကြတယ်။

ဒါကို ဦးချက်ဖောင်းက တစ်ဖက်ကမ်းကနေ. . .

“ဟေ့ကောင် ပြားကြီး မင်းဟာကာရန်မညီဘူးကွ . . . ပြောချင်ဇောနဲ့ မတတ်ဘဲနဲ့မီးကျိုးမောင်းပျက်လာမလုပ်နဲ့. . . ဟောဒီမှာ ကြည့်. . . ”

ဆိုပြီး ဌာန်နဲ့မာန်နဲ့ ဇာတ်မင်းသားအသံဖြင့်. . .

“ကျားသတ္တဝါဟာ. . အဏ္ဏဝါသမုဒ်မှာ ဟန်လုပ်ပြီး ကူးခတ်နိုင်ပေမယ့် ငပြားခများမှာတော့ သနားစရာကုန်းပေါ်အတက် မျက်နှာငယ်လွန်းလှပါတယ်. . . မတူရင်လေမတုကောင်းပါဘူး ရွှေဥဖောင်းဆိုတဲ့ ဆရာအကျော်. . . ဗလာနော် တစ်ခါဆော်လိုက်ရင်ဖြင့် မသာ ပေါ်ကာသွားမယ်. . မင်းငတက်ပြား. . . ဟားဟား. . . ”

ဦးချက်ဖောင်း သူ့ဘာသာသူအော်ပြီး သဘောကျစွာအော်ရယ်တယ်။ အနောက်သစ်ပင်လှူရှာသားတွေလည်း ဝိုင်းပြီး ရယ်လိုက်ကြတာ အူတက်မတတ်ပါပဲ။ ဦးပြားကြီးကတော့ တင်းသွားတယ်။ ချက်ချင်းပဲ. . .

“ပညာလည်းစုံ အာဂုံလည်းဆောင် စာစုံလည်းတတ် အမှောင်ကိုခွင်း အလင်းကိုဆောင်မယ့် မတစ်ထောင်တစ်ကောင်ဖွားအာဂမောင်ပြားပါဗျ. . . နော့်. . . ဒါကိုမှ မထောက်မညှာ ယှဉ်လာသူကိုကြည့်လိုက်တော့ ဉာဏ်ကလည်း အီးလိုးမပြတ်အောင်တုံး. . ထုံးကလည်းမကျ. . . မျက်ပေတုံးကြီးတမနဲ့ အသုံးကလည်းမကျ . . . ဟောဒီ. . လက်သီးကြီးနဲ့ဆုံးမဖို့တောင် သနလွန်းလှပါသဗျာ. . . သရကလည်းမကျေ. . သန္ဓေကလည်းမကောင်း ‘မ’ မြင်ရင်တဏှာထန် ဗာလာနံချက်ဖောင်း. . . ဟားဟား. . . ဟား. . ”

တစ်ယောက်နဲ့တစ်ယောက် လော်ကြီးတွေနဲ့ ပါးစပ်စစ်ပွဲခင်း

နေလိုက်ကြတာ ရွာဦးကျောင်းဆရာတော် ကြိမ်လုံးကိုင်ပြီးရောက်လာမှ ငြိမ်သွားကြတော့တယ်။ မငြိမ်လို့လည်းမရဘူး။ ဆရာတော်က မထင်ရင်မထင်သလို ဆော်တော့မှာကိုး။ ဆရာတော့်ကြိမ်လုံးက အကြောင်းသုံးပါးရွေးတာမဟုတ်ဘူး။ ကျောပြင်ကို ပြောတင်လိုက်လို့ကတော့. . .

ဒီလိုနဲ့ပဲ နှစ်ဖက်ရွာမညီညွတ်တာနဲ့ပဲ တစ်ဖက်က ခနော်နီခနော်နဲ့ဝါးတံတား တစ်ဖက်ကအုန်းဆံကြိုးနဲ့ဖရိုဖရဲတည်ဆောက်ထားတဲ့ကြိုးတံတား။ ဘယ်လိုမှဆက်စပ်လို့မရပေမယ့် ဒီအတိုင်းပဲ ဆက်စပ်ထားတယ်လေ. . .။

■ ■ ■

**သား** . . . ထွန်းနိုင်. . . ”

ဦးချက်ဖောင်းရဲ့စကားကို သူ့သားထွန်းနိုင်ကစာအုပ်တစ်အုပ်နဲ့မျက်နှာကပ်ပြီး ဘာတွေအတွေးလွန်နေတယ် မပြောတတ်ဘူး။ ပြန်ထူးသံမကြားရဘူး။ ဒါကြောင့်ဦးချက်ဖောင်း သူ့သားနားကပ်ပြီး

“သား. . . ထွန်းနိုင်. . . ”

“ဗျာ. . အဖေ. . . ”

သူစာအုပ်ကိုကမန်းကတန်းပိတ်ပြီး ခပ်မြန်မြန်ပြန်ထူးလိုက်သည်။ နောက် သူ့အဖေချက်ဖောင်းကိုကြည့်တယ်။ ဦးချက်ဖောင်းရဲ့မျက်နှာ ဘာကြောင့်ရယ်မသိဘူး၊ ရှက်ကိုးရှက်ကန်းဖြစ်နေတယ်။

“ဘာပြောမလို့လဲအဖေ. . . ”

"ဟိုလေ. . . "

ထွန်းနိုင်ရဲ့စကားကို ဦးချက်ဖောင်းကစကားမဆက်သေးဘဲ ရှက်တက်တက်အမူအရာနဲ့ခေါင်းကုတ်လိုက်သေးတယ်။

"ဟိုလေ. . ဟို. . . သား. . သားဆရာမ. . ဘယ်သူ. . "

"ဩော် . . . ဆရာမ ဒေါ်နီလာလွင်ကိုပြောတာလား . . . ဘာဖြစ်လို့လဲအဖေ. . . "

သားဖြစ်သူရဲ့အဖြေကြားမှ ဦးချက်ဖောင်းအလုံးကြီးကျသွားသလို ဟန်မျိုးနဲ့ပေါင်ကို ဖျပ်ခနဲပုတ်ကာ. . .

"အေး. . . အဲဒါကိုပြောမလို့သားရဲ့. . . "

ထွန်းနိုင်မျက်မှောင်ကြုတ်သွားတယ်။ နောက် နားမလည်နိုင်သလိုဟန်မျိုးနဲ့. . .

"ဆရာမက ဘာဖြစ်လို့လဲအဖေ. . . "

"ဘာဖြစ်လို့လဲဆိုတော့. . . "

ဦးချက်ဖောင်းစကားကို မဆက်သေးဘဲခေါင်းကုတ်ပြန်တယ်။ အတော်ကြာမှ . . . သားဖြစ်သူရဲ့မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး. . .

"ဟိုလေကွာ. . . မင်းတို့ဆရာမဘယ်သူ. . . "

"နီလာလွင်ပါ. . . "

"အေး. . . နီလာလွင်က ဟိုကောင်ဖြားကြီးတို့အိမ်သွားတည်းတာမဟုတ်လား. . . "

"ဟုတ်တယ်လေ. . . အဖေသိသားနဲ့. . . "

ဦးချက်ဖောင်းအလုပ်မရှိအလုပ်ရှာခေါင်းကုတ်ပြန်တယ်။

"အဲဒါပြောမလို့ကွ. . ဖြားကြီးဆိုတဲ့ကောင်က လူမှုရေးဘာညာနားလည်တဲ့ကောင်မဟုတ်ဘူးကွ. . ဟိုကွာ မလုပ်တတ်မကိုင်တတ်နဲ့ ဆရာမအပေါ်တာဝန်မကျေသလိုဖြစ်နေမှာစိုးလို့ကွာ. . .



ဟုတ်ဘူးလား. . .”

ဒီတော့မှ ထွန်းနိုင်သဘောပေါက်သွားကာ ခပ်ဟဟရယ်ပြီး

“ဩော်. . ဒါများအဖေရယ်. . . စိုးရိမ်စရာမရှိ ကြံဖန်စိုးရိမ်နေတယ်. . . သူ့အိမ်မှာသော်တာရှိသားပဲ. . သော်တာကသူ့ဆရာမအပေါ်ဂရုစိုက်မှာပေါ့. . .”

ထွန်းနိုင်စကားကြောင့် ဦးချက်ဖောင်းဟိုကြည့်ဒီကြည့်ဖြစ်သွားတယ်။ နောက်မှ. . .

“အို. . သားရယ်. . . ဒီကောင်မလေးကလည်း ဒီပုတ်ထဲကဒီပဲပါပဲ. . . အဖေပြားကြီးကမွေးတဲ့သမီး သမီးပြားကြီးပဲဖြစ်မှာ စိတ်မချပါဘူးသားရယ်. . . တော်ကြာတစ်ခုခုဖြစ်ရင် သစ်ပင်လှရွာသားတွေ ဧည့်ဝတ်မကျေဘူးလို့ ရောကောသောကောအပြောခံရမှာ. . . ဒီတော့ သားနဲ့အဖေ သူတို့အိမ်သွားပြီး ဆရာမကိုဘယ်လိုထားသလဲဆိုတာ သွားလေ့လာရအောင်. . .”

“သော်တာကလိမ္မာ. . .”

“တိတ်စမ်းသား. . . အဲဒီသားအဖနဲ့ပတ်သက်ပြီး သားဘာမှပြောစရာမလိုဘူး. .”

ဦးချက်ဖောင်းရဲ့ ငေါက်ငန်းစကားကြောင့် ထွန်းနိုင်သက်ပြင်းချတယ်။

ဟုတ်တယ်။ ဦးချက်ဖောင်းက သူ့သားထွန်းနိုင်ကို ပြားကြီးသမီးသော်တာနဲ့ လုံးဝကိုနီးစပ်စေချင်တာမဟုတ်ဘူး။ မြို့ကျောင်းတောင် မတတ်သာလို့အတူသွားထားရတာ။

“ဒါဆိုလည်း သူတို့အိမ်ဘာလို့သွားနေရမှာလဲ. . .”

ထွန်းနိုင်အမေးကြောင့် ဦးချက်ဖောင်းပြန်ပြီး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး. . .

“ဩော်. . . ဒါကတော့သားရယ်. . ခုနကပြောသလိုပေါ့

အဖေတို့က အရွယ်ရှိတုန်းမဟုတ်လား. . အဲ. . ဟုတ်ပေါင်. . ”

ထွန်းနိုင်သက်ပြင်းထပ်ချလိုက်သည်။ သူ့အဖေအကြောင်း သူသိတယ်လေ။ ဟုတ်ဘူးလား။ နောက်ပြီးသူကလည်း သော်တာနဲ့။

“ဟင်း. . ဒီလောက်ဖြစ်နေရင်လဲ သွားတာပေါ့အဖေရာ”

“ဟော့ကောင်. . . မင်းစကားက. . . ”

“ဩော်. . ဒီလိုပါ. . အဖေဒီလောက်စိုးရိမ်နေရင်လည်း သွားကြတာပေါ့. . . လို့. . . ”

အဲဒီတော့ကျမှ ဦးချက်ဖောင်းနေသာထိုင်သာရှိသွားသလို သက်ပြင်းချပြီး. . .

“အေး. . . အဲဒီလိုလုပ်စမ်းပါကွယ်. . . အဖေတို့က လူကြီး တွေမဟုတ်လား. . . အရာရာကိုအသေးစိတ်ကစပြီးပူပင်တတ်တယ် သားရဲ့. . ကဲ. . ဒါဆိုလဲ နေမမြင့်ခင်သွားရအောင်. . ”

“အဖေ. . . ”

သားဖြစ်သူခေါ်သံကြောင့် ဦးချက်ဖောင်းပြန်ဝေ့ကြည့် သည်။

“ဟိုရောက်ရင် အဖေတို့လူကြီးနှစ်ယောက် ဆရာမရှေ့မှာ ရန်မဖြစ်ကြနဲ့နော်. . . ”

ဦးချက်ဖောင်းက မျက်နှာကိုမဲ့လို့ ခေါင်းယမ်းလိုက်ပြီး. . .

“ဒီကောင်ကြီးက အဖေ့ဆိုကြောက်ပါတယ်သားရာ. . . လာ မြန်မြန်သွားရအောင်. . . ”

ဦးချက်ဖောင်းရဲ့လောဆော်မှု။ ထွန်းနိုင်စိတ်မသက်သာစွာ သက်ပြင်းချတယ်။ နှစ်ယောက်လုံးထိုင်ရာမှထလိုက်တယ်။ အဲဒီတော့ မှ ထွန်းနိုင်က သူ့အဖေကိုကြည့်မိတယ်။ သူ့အဖေဝတ်ထားတာ ပြောင်လက်နေတာ။

■ ■ ■

ရန်ပြို တံတားရောက်တော့ ဦးချက်ဖောင်းက ဖရိုဖရဲဖြစ်နေတဲ့ တံတားလေးကိုငေးကြည့်နေတယ်။ တံတားတစ်ဖက်က ခနော်နီခနော်နဲ့ခင်းထားတဲ့ဝါးတံတား၊ တစ်ဖက်ကလည်း လေတိုက်တိုင်း ယိမ်းနွဲ့နေတဲ့ကြိုးတံတားလေး။ ဘယ်လိုမှ မျက်စိ ပသာဒမဖြစ်ဘူး။

"လာလေအဖေ. . . တံတားဖြတ်ရအောင်. . ."

ဦးချက်ဖောင်းခေါင်းငုံ့ပြီးသက်ပြင်းချတယ်။ ပြီးတော့ ရန်ပြိုတံတားလေးကို ပြန်ကြည့်တယ်။ အတော်ကြာမှ သက်ပြင်းချပြီး. . .

"လေှနဲ့ပဲကူးကြတာပေါ့သားရယ်. . ."

တဲ့. . .။ ထွန်းနိုင်က သူ့အဖေဦးချက်ဖောင်းကိုကြည့်တယ်။ ဦးချက်ဖောင်းကတော့ ခေါင်းငိုက်စိုက်ချပြီး လေးကန်တဲ့ခြေလှမ်းမျိုးနဲ့ လှေဆိပ်ကိုဆင်းသွားတယ်။



ငှက်ကလေးတွေရဲ့စိုးစီသံနဲ့ သူတို့သားအဖ တက်ခတ်သံက လွဲပြီး ပတ်ဝန်းကျင်တွင် ဘာသံမှမကြားရ။ ဦးချက်ဖောင်းက လှေဦး မှထိုင်လိုက်လာတယ်။ ခါတိုင်းဆိုရင်တော့ သားအဖနှစ်ယောက် ဒီလို သွားရင် ဦးချက်ဖောင်းက ပဲ့ကိုင်နေကြ။ အခုတော့ သူ့သားထွန်းနိုင် က ပဲ့ကိုင်ပရစေခွင့်တောင်းလို့ ပဲ့ကိုင်ခွင့်ပေးလိုက်တယ်။ ရေလယ် လောက်ရောက်တော့ ဦးချက်ဖောင်းမနေနိုင်တော့ဘူး။ လှေကိုဂရုတ စိုက်လှော်ရင်း နောက်ဘက်လှည့်လို့. . .

"ငါ့သားကပဲ့ကိုင်ဘယ်ဆိုးလို့လည်း လှေကိုဖြောင့်နေတာပဲ"

ဆိုပြီး လှည့်ပြောတယ်။ ဒါကိုထွန်းနိုင်ကခပ်ဟဟရယ်ပြီး. .

"ပဲ့ကိုင်ကောင်းရင်လှေမဟုတ်ပါဘူးအဖေရာ. . . ဘယ်အ ရာမဆို ကိုယ်ညွှန်ရာတည့်တည့်သွားတာချည်းပဲ. . ."

ထွန်းနိုင်စကားကြောင့် ဦးချက်ဖောင်းအလိုလိုနေရင်း ရန် ပြုံတံတားဘက်လှည့်ကြည့်မိတယ်။ နောက်သူ့စိတ်ထဲမှာ. . .

"ကြည့်စမ်း တံတားကြီးကကောက်ကွေ့နေလိုက်တာ. . ."

■ ■ ■

ရွာထဲကိုဦးချက်ဖောင်းတို့ သားအဖဝင်လာတာမြင်တာနဲ့ ရွာသားအားလုံး အထူးအဆန်းသဖွယ်ထွက်ကြည့်ကြတယ်။ ဦးချက်ဖောင်းကြီး ဝတ်လာတာကလည်း ပြောင်လက်နေတာကိုး။ ပိုးပုဆိုးနဲ့ တိုက်ပုံ ရွှေအိုရောင်နဲ့ဆိုတော့ မျက်စိထဲမှာ ပြိုးပြိုးပြက်ပြက်ဖြစ်နေတာ။ နောက်ပြီး ဦးချက်ဖောင်းဆိုတာကလည်း အရှေ့သစ်ပင်လှရွာထဲကို တစ်ခါမှဝင်ဖူးတာမဟုတ်ဘူး။ ဘုန်းကြီးကျောင်းသွားရင်တောင် ရွာဘေးလမ်းကနေပတ်သွားတာ။ အခုတော့ ရွာထဲ ဆိုက်ဆိုက် မြိုက်မြိုက်ဝင်လာပြီ။

သူဝင်လာတာကလည်းနှယ်နှယ်ရရမဟုတ်ဘူး။ အရှေ့သစ်ပင်လှရွာရဲ့ကျက်သရေဆောင် သူနဲ့ရန်ဘက် ဦးဖြားကြီးအိမ်ကို။

"မိန်းမရေ ခေါ်သွေးထားဟ. . . တို့ရွာလူကြီးဘုရားဒကာ ဦးဖြားကြီးအိမ်ကို ဟိုဘက်ရွာကသင်္ချိုင်းစောင့်ဦးချက်ဖောင်းတို့ သားအဖဝင်သွားပြီ. . ."



ဆိုတဲ့ အသံတောင်ရွာထဲကြားရတယ်။ ဟုတ်တယ်လေ သူတို့နှစ်ယောက်က ဆိုတာနဲ့ရန်ဖြစ်နေကျ။ တစ်ခုခုဖြစ်ရင် သူ့တို့ရွာလူကြီးဘက်က ဝင်ပိုင်းလို့ရအောင် ဓားသွေးတဲ့လူကသွေး၊ ဝါးရင်းတုတ်ပြင်တဲ့လူကပြင်ကြတာ။

ဦးချက်ဖောင်းကြီးကတော့ ခပ်တည်တည်ပဲ မျက်ပေတုံးကြီးနဲ့ဦးတည်ချက်မပြောင်းဘဲ ဦးဖြားကြီးအိမ်ကိုတည့်တည့်သွားနေတုန်း။

ခြံဝမှာ ဦးချက်ဖောင်းမျက်နှာကို ရုတ်တရက်မြင်လိုက်တော့ ဦးဖြားကြီးအံ့အားသင့်သွားတယ်။ နောက် ချက်ချင်းလုံချည်ပြင်ဝတ်ပြီးကပျာကယာထတယ်။ ပြီးတော့ ခြံဝကိုတစ်လှမ်းချင်းလှမ်းသွား တယ်။ ခြံတံခါးကိုတော့ဖွင့်မပေးသေးဘူး။

"မင်းဘာလာလုပ်တာလဲချက်ဖောင်း. . . "

ဦးဖြားကြီးအမေးကို ဦးချက်ဖောင်း ထိမထင်ဟန်နဲ့အိမ်ထဲဝေ့ကြည့်ရင်း. . .

"ငါမင်းဆီလာတာမဟုတ်ဘူးဟေ့ကောင်. . . "

ဦးချက်ဖောင်းစကားကြောင့် ဦးဖြားကြီးမျက်မှောင်ကြုတ် သွားတယ်။


"ဒါဆို. . . မင်းကငါ့ခြံရှေ့ဘာလာလုပ်တာလဲကွ. . . ဟေ. . . "

"ငါဆရာမဆီလာတာ. . . ကျောင်းသားမိဘနဲ့ ကျောင်းဆရာမ. . . ကလေးတွေအကြောင်းဆွေးနွေးချင်လို့. . . "

"ဘာ. . . "

ဦးချက်ဖောင်းစကားကြောင့် ဦးဖြားကြီးမျက်လုံးပြူးကြီးနဲ့ထအော်တယ်။

"ဟ. . ဖြည်းဖြည်းအော်စမ်းပါကွာ. . ဆရာမရှိလား. . . သူနေရထိုင်ရတာရော အဆင်ပြေရဲ့လား. . . "





ဦးချက်ဖောင်းက အခွင့်ကောင်းယူပြီး အသံမြှင့်အော်တယ်။ ဒါကို ဦးဖြားကြီးက ပျာပျာသလဲဖြစ်သွားပြီး. . .

"ဟေ့ကောင်. . . မင်းကျက်သရေမရှိတဲ့အသံဝါကြီးနဲ့ ငါ့ခြံရှေ့အော်ကြီးဟစ်ကျယ် လာလုပ်မနေနဲ့. . . ဆရာမရှိရင်လည်း မင်းကိုပေး မတွေ့နိုင်ဘူး. . . ငါ့လက်ထဲကပစ္စည်း ငါ့ပစ္စည်းကွ. . . "

ဦးဖြားကြီးက သူ့ရင်ဘတ်ကိုသူ တဗုန်းဗုန်းထုရင်းပြော တယ်။ ဦးချက်ဖောင်းက မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

"ဥစ္စာရှူးနဲ့လာတွေ့နေသေးတယ်. . ဟေ့ကောင် အပျို ဆိုတာပြည်သူပိုင်ကွ. . အေး. . ဆရာမဆို ပိုတောင်ဆိုးသေး. . . အစိုးရလစာစားထားတဲ့အတွက် အစိုးရလည်းပိုင်တယ် ပြည်သူလည်းပိုင်တယ် ငါလည်းပိုင်ချင်ပိုင်နိုင်တယ်ကွ. . . မှတ်ထား. . . "

"ဟေ့ကောင်. . . မင်းငါ့ဆရာမကို အဲလိုမပြောနဲ့ကွ. . . "

"အောင်မာ. . မင်းကများငါ့ဆရာမလေးဘာလေးနဲ့ ပိုင်စိုးပိုင်နင်း. . . "

"ဘာဖြစ်လဲကွ. . . ငါ့လက်ထဲကပစ္စည်း ငါ့ပစ္စည်း. . . ငါ့လက်အောက်မှာရှိသမျှပစ္စည်းငါ့ပစ္စည်းချည်းပဲ. . . ဟောဒီမှာကြည့် ငါ့လက်အောက်မြေ ငါ့မြေ. . ငါ့ပစ္စည်း. . ဟားဟား. . . "

"သြော်. . . မင်းကဒီလိုလား. . . မင်းလက်ထဲကပစ္စည်း မင်းပစ္စည်း. . . မင်းလက်အောက်ပစ္စည်း မင်းပစ္စည်းပေါ့လေ. . . ဟုတ်လား. . . "

"ဒါပေါ့. . . "

"ဒါဆိုငါ့ခါးပုံစကိုကိုင်ကြည့်စမ်း. . . "

ဦးချက်ဖောင်းရဲ့စကားကြောင့် ဦးဖြားကြီးမျက်မှောင်ကြုတ်သွားတယ်။ ပြီးတော့ ဦးချက်ဖောင်းကောပြတဲ့ခါးပုံစကိုကြည့်လိုက် ဦးချက်ဖောင်းကိုကြည့်လိုက်ဖြစ်နေတယ်။ အတော်ကြာမှာ အဓိပ္ပာယ်



ပေါ်သလိုဟန်မျိုးနဲ့. . .

“ဘာလို့မကိုင်ရမှာလဲကွ. . .”

“ကိုင်မဲ့သာကိုင်ကြည့်ပါ. . . မင်းသတ္တိမရှိဘူးလား. . . မင်းငါ့ကိုမထိရဲဘူးလား. . .”

ဦးချက်ဖောင်းစကားကြောင့် ဦးပြားကြီးတင်းသွားပြီး. . .

“ဘာလို့ ကိုင်ရဲရမှာလဲကွ. . ကိုင်း. . ကိုင်တယ်ကွာ. . .”

ဆိုပြီးဦးချက်ဖောင်းရဲ့ခါးပုံစကိုလှမ်းဆွဲလိုက်တယ်။ အဲဒီ တော့မှ ဦးချက်ဖောင်းက. . .

“ကိုင်း. . . ဘယ့်နှယ်လဲ. . . မင်းလက်ထဲကပစ္စည်း မင်းပစ္စည်းဟုတ်လား. . .”

“အဲ. . . ထွမ်. . .”

“မင်းလက်အောက်ကပစ္စည်းရော မင်းပစ္စည်းဟုတ်လား”

အဲဒီတော့မှ ဦးပြားကြီး အဖြေသိသွားပြီ ခါးပုံစကို ဆတ်ခနဲ လွှတ်လိုက်ပြီး. . .

“ဟေ့ကောင်. . . မင်းမရိုင်းနဲ့. . .”

ဆိုပြီး ရှုံ့ရှာသွားသလို ခါးပုံစကိုင်မိတဲ့သူ့လက်ကို သူ့ပေါင်နဲ့ ပြန်ပွတ်တယ်။ ဦးချက်ဖောင်းက အောင်နိုင်သူလိုပြုံးပြီး. . .

“မင်းကိုငါကဖိနပ်ကိုပြောတာ. . မင်းမှတ်ထား မင်းလက်ထဲကပစ္စည်းတိုင်း မင်းပစ္စည်းမဟုတ်ဘူး. . . မင်းလက်အောက်က ပစ္စည်းတိုင်းလည်း မင်းပစ္စည်းမဟုတ်ဘူး. . . တစ်ခါတလေ ငါ့ပစ္စည်း လည်းဖြစ်တတ်တယ်. . . ဒါပဲ. . .”

ဦးချက်ဖောင်းစကားကြောင့် ဦးပြားကြီးရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး. . .

“ဟေ့ကောင်. . . မင်းမရိုင်းနဲ့ကွ. . .”

“ရိုင်းတာမဟုတ်ဘူးကွ၊ တရားနည်းလမ်းကျကျရှင်းပြတာ”

"မင်းဘာမှရှင်းပြနေစရာမလိုဘူးဟေ့ကောင်. . . မင်းငါ့ခြုံထဲအခုထွက်သွား. . ."

"အောင်မာ. . ငါကမင်းခြုံထဲဝင်ပြီမို့လား. . ."

"အေး. . . ခြုံထဲမဝင်ရင်လည်း ဒါ ငါ့ရွာက. . ငါ့ရွာထဲမင်းမလာနဲ့. . . လစ်. . ."

"လာတော့ဘာဖြစ်လဲကွ. . ."

အခြေအနေက ရုတ်ခြည်းတင်းမာသွားပြန်တယ်။ နှစ်ယောက်လုံးက လျှော့မယ့်ပုံမပေါ်ဘူး။ လူကြီးနှစ်ယောက်ကဖြစ်နေတော့ ထွန်းနိုင်လည်းဝင်မတားရဲဘူး။ အဲဒီအချိန်မှာပဲ. . .

"ဟော. . ဦးချက်ဖောင်းတို့မောင်ထွန်းနိုင်တို့ပါလား. . . လာကြလေ. . ခြုံထဲဝင်ကြလေ. . ."

ဆိုတဲ့ ဆရာမရဲ့ဆည်းလည်းသံ။ အဲဒီအသံလည်းကြားရော ခုနက နီမြန်းနေတဲ့ဦးချက်ဖောင်းရဲ့မျက်နှာချက်ချင်းပြန်ဝင်းတက်သွားပြီး. .

"ဟုတ်ကဲ့ ဆရာမ. . . အခုပဲခြုံထဲဝင်မလို့ဟာ. . . ဟောဒီမှာ. . ."

ဆိုပြီး ရှေ့မှပိတ်နေသော ဦးပြားကြီးကိုလက်ညှိုးထိုးပြလိုက်တော့ ဦးပြားကြီးချက်ချင်းပဲဘေးကပ်ပေးကာ. . .

"အောင်မာ. . ကိုယ့်ဘာသာကိုယ် မဝင်ဘဲပေကတ်နေပြီးတော့များ. . ."

ဆိုပြီး စိတ်မကောင်းဟန်နဲ့ ပဏာယူလိုက်သေးတယ်။ ဒီတော့မှ သားဖြစ်သူကိုနောက်မှထားပြီး ဦးချက်ဖောင်းရင်ကော့ပြီး ခြုံထဲဝင် လိုက်တယ်။

"ဘယ်ကလှည့်လာတာလဲဦးချက်ဖောင်းရဲ့. . ."

"ဒီကိုပဲလာတာဆရာမရေ ဟောဒီကသားမောင်ထွန်းနိုင်က



ဆရာမကိုစိတ်မချလို့တဲ့. . . သွားကြည့်ပါရစေဆိုလို့လိုက်လာတာ. . အဟဲ. . . ”

ဦးချက်ဖောင်းက မဆီမဆိုင်သားကိုလွှဲချတယ်။ ထွန်းနိုင်အသံကြားတော့ အိမ်ထဲမှာရှိတဲ့သော်တာက အပြင်ထွက်ကြည့်တယ်။ ထွန်းနိုင်ကိုလည်းမြင်ရော သူ့မျက်နှာလေးပြုံးသွားတာ။ ဆရာမ ကလည်း ချိုမြိန်တဲ့အပြုံးလေးနဲ့. . . .

“အဆင်ပြေပါတယ်ဦးချက်ဖောင်းရယ်. . သော်တာတို့ သားအဖကလည်း ဆရာမကိုဂရုစိုက်လွန်းလို့ အားတောင်နာနေရတယ်”

“ကိုယ်ဖိရင်ဖိပြုစုတယ်လို့ပြောပါဆရာမရယ်. . . ”

ဆရာမစကားကို ဦးဖြားကြီးက ပဏာဝင်ယူတယ်။ ဒါကို ဦးချက်ဖောင်းကပြုံးပြုံးကြီးလုပ်ပြီး. . .

“ကောင်းပါတယ်ဆရာမရယ် ကောင်းပါတယ်. . . တချို့ကတော့ အပေါ်ယံသာချိုတာ အတွင်းစိတ်ကျခါးတယ်ဗျ. . . မသန့်ရှင်းတာတွေလည်း အများကြီးပဲနော့. . . ကျုပ်ဆိုကိုယ်တွေ့ ပြောတော့ သာဘုရားဒကာ. . လည်ပင်းမှာပုတီးလုံး. . လက်ထဲမှာ ခွက်ပုန်းနဲ့ ဗျ. . . ဟားဟား. . . ”

ဦးချက်ဖောင်းစကားကြောင့် ဦးဖြားကြီးမျက်နှာမည်းတက်သွားတယ်။ သူပြန်ပက်မလို့လုပ်တုန်းမှာပဲ သော်တာက လက်ဖက်အုပ်လေးယူပြီးထွက်လာတာတွေလို့ စကားအရှိန်သတ်လိုက်တယ်။

သော်တာကိုမြင်တော့ ထွန်းနိုင်မျက်နှာပြုံးသွားတယ်။ ဒါကိုမြင်တဲ့ဦးချက်ဖောင်းက . . .

“ဟော့ကောင်. . မင်းမျက်နှာဟိုဘက်လှည့်နေစမ်း. . . ”

ဦးဖြားကြီးကလည်း သူ့သမီးကို. . .

“သမီး. . . လက်ဖက်တည်ပြီးရင် အိမ်ထဲဝင်နေစမ်း. . . ကလေကချေတွေရဲ့ မသမာတဲ့မျက်လုံးတွေငါတွေ့နေတယ်. . . ”





ဦးချက်ဖောင်းတို့သားအဖ မျက်နှာပျက်သွားတယ်။ သော်တာကခြေလေးဆောင့်ကာဆောင့်ကာနဲ့ အိမ်ထဲပြန်ဝင်သွားတယ်။ ဒါကိုဦးပြားကြီးက. . .

““အဲဒါသာကြည့်ပေတော့ဆရာမရေ. . ကျုပ်မှာသမီးလေးတစ်ယောက်မွေးထားတာဆိုတော့ မိတဆိုးလေးဆိုတော့ ကိုယ်ကပဲအစစအရာရာဦးဆောင်သွန်သင်နေရတာ. . . သမီးအတွက်တစ်ခါတစ်ခါတော့လဲ အိမ်ထောင်ထိန်းသိမ်းနည်းသင်ပြနိုင်မယ့် အိမ်ထောင်ရှင်မတစ်ယောက်လောက်တော့ လိုချင်မိပါရဲ့. . . ဟင်း. . . ”

ဆိုပြီးကပ်ရိတယ်။ ဒါကိုဦးချက်ဖောင်းကလည်း အကွက်ဝင်ပြီမို့ ပြောင်လက်တဲ့မျက်လုံးအစုံနဲ့စကားစလိုက်တယ်။

“ဒီလိုပဲဆရာမရေ. . ကျုပ်မှာကလည်း ကျေးရွာထိန်းသိမ်းရတာကတစ်မျိုး. . . ဘုရားတရားလုပ်ရတာကတစ်မျိုး. . . သားလေးတစ်ယောက်ကိုပြုစုရတာကတစ်မျိုး. . . တစ်ယောက်ထဲဆိုတော့ အိမ်အလုပ်ကတစ်ဖက် ကျေးရွာရဲ့အလုပ်ကလည်းကိုယ်မှ မဦးစီးရင်. . . ”

သူ့ကိုယ်ရည်သွေးစကားတောင်မဆုံးလိုက်ဘူး။ ဦးပြားကြီးကဖြတ်ပြီး. . .

“ဟေ့ကောင်. . . မင်းတို့ခြေရင်းအိမ်က ဟိုကောင်အရက်သမားရဲ့မင်းထက်မိန်းမမိနီ ကလေးမွေးလို့ဆို. . . ”

ဆိုပြီးမေးလိုက်တယ်။ ဦးချက်ဖောင်းလည်းတင်းသွားပြီး မျက်မှောင်ကြီးကြုတ်လို့. . .

“အဲဒါမင်းအလုပ်မဟုတ်ပါဘူး. . . ”

သူ့စကားကို ဦးပြားကြီးကချက်ချင်းပဲ. . .

“ဘာလဲ. . အဲဒါလဲမင်းအလုပ်ပဲလား. . . ”

ဆိုပြီးဖြတ်ပြောတယ်။ ဦးချက်ဖောင်းကယောင်တောင်



တောင်နဲ့ခေါင်းညိတ်ပြီး. . .

"အေး. . . ငါ့အလုပ်. . . ဟာ. . . ဟေ့ကောင် မင်းဘာစကားပြောတာလဲ. . ."

"မသိဘူးလေကွာ. . . နေရာတကာမင်းအလုပ်ချည်းပဲဆို တော့ မိနီကလေးမွေးတာလည်း မင်းအလုပ်များဖြစ်နေမလားလို့ . . အိမ်ချင်းကလည်းနီး. . . ဟိုကောင်ကလည်း ဆယ့်နှစ်ရာသီမူးနေတာမဟုတ်လား. . ."

ဦးဖြားကြီးစကားကြောင့် ဦးချက်ဖောင်းတင်းသွားပြီး. . .

"ဟေ့ကောင်. . . မင်းစကားကိုဆင်ဆင်ခြင်ခြင်ပြောစမ်း ငါဆိုတဲ့ကောင်က မိန်းမကိစ္စရှင်းတယ်ကွ. . ."

သူ့စကားကို ဦးဖြားကြီးကပြုံးပြီး. . .

"အဲဒါတော့ ကျွန်တော်ထောက်ခံတယ်ဆရာမရေ. . . ဒီချက်ဖောင်းဆိုတဲ့ကောင်က မိန်းမနဲ့ဆိုအရမ်းကင်းတာ. . ."

ဦးဖြားကြီးကသူ့ဘက်က ဝင်ပြီးထောက်ခံတော့ ဦးချက် ဖောင်းပြုံးပြီး မရှိတဲ့ကော်လံကို လူမြင်အောင်ထောင်တယ်။ အဲဒါကို ဦးဖြားကြီးကပဲဆက်ပြီး. .


"ဘယ်လောက်ထိကင်းလဲဆို သူ့မိန်းမမိအေးမဆုံးခင်က သူ့သားလေးထွန်းနိုင်ကိုပြောခဲ့တာကြည့်ပါလား. . ."

"ဘာပြောခဲ့လို့လဲ ဦးဖြားကြီးရဲ့. . ."

ဆရာမကဝင်ထောက်တယ်။ ဒါကိုဦးဖြားကြီးကပြုံးပြီး. . .

"အင်း. . . ဘာတဲ့. . . နင်တို့အဖေသာအားကိုးနေရင် နင်တောင်လူ့လောကထဲရောက်လာမှာမဟုတ်ဘူးတဲ့. . . ကဲ. ."

"ကျွန်တော်အဲဒီလိုကင်း. . . အင်း. . ဟေ့ကောင်. . . မင်းဘာစကားပြောတာလဲကွ. . . ယောက်ျားပီသတဲ့နေရာမှာချက်ဖောင်းကိုဘယ်သူမှမမီဘူးနော်. . . . မယုံရင်သွေးဖောက်ကြည့်လို့ရတယ်. . ."





ဦးချက်ဖောင်းရဲ့ ဒေါသတကြီးစကားကို ဦးဖြားကြီးက ပြုံးထေ့ထေ့လုပ်ပြီး. . .

"သွေးတော့မဖောက်ရဲပါဘူးကွ. . ."

သူ့စကားကို ဦးချက်ဖောင်းရင်ကော့ပြီး. . .

"ဘာလို့လဲ. . မင်းကြောက်လို့မဟုတ်လား. . ."

"လူတော့ကြောက်ပေါင်ဗျာ. . . ဝမ်းတွင်းပိုးဆိုတာမျိုးက ပြန့်တတ်ကူးတတ်တယ်ကွ. . ."

ဦးဖြားကြီးစကားကြောင့် ဦးချက်ဖောင်းမျက်နှာကြီးရဲတက်သွားပြီး. . .

"ဟင်. . . မင်း. . . မင်း. . ."

ဆိုပြီး ဖြားကြီးလည်ကုပ်ကိုလှမ်းဆွဲဖို့လုပ်တယ်။ ဒါကို ကြားကဆရာမကပဲ. . .

"တော်ကြပါတော့ရှင်. . . ရှင်တို့နှစ်ယောက်က ကလေးတွေလိုပဲ. . . တွေ့တာနဲ့တစ်ယောက်ကိုတစ်ယောက်ကုပ်ကြဖွဲ့ကြဖို့ပဲ. ."

"ကျွန်တော်ကအေးပါတယ်ဆရာမရယ် ဒီကောင်ကသာ"

"ဟုတ်ပါပြီ. . . တော်ကြပါတော့ရှင်. . ကဲ. . မောင်ထွန်းနိုင်. . . ဆရာမဆီလာတာအကြောင်းရှိလို့လား. . ."

ဆရာမလူကြီးနှစ်ယောက်ကို မထိန်းနိုင်လို့ သူ့တပည့် ထွန်းနိုင်ဘက်လှည့်မေးတယ်။ ဒါကိုအကင်းပါးတဲ့ထွန်းနိုင်က. . ."

"ဟုတ်. . . ဆရာမ. . . ဟိုလေ. . . ဆရာမလေ့လာချင်တဲ့ပန်းမျိုးတွေ. . ."

ထွန်းနိုင်ရဲ့စကားကို ဆရာမသွားတက်ပေါ်အောင်ရယ်ပြီး. .

"ရပါတယ်သားရယ်. . ဒီမှာလည်းဦးဖြားကြီးက တောထဲထိလိုက်ပြီး ပန်းမျိုးစုံအောင်ပြခဲ့ပါတယ်. . ."



ဆရာမစကားကို ဦးဖြားကြီး ရှက်ကိုးရှက်ကန်းနဲ့ လက်ညှိုးလေးကိုက်ပြီး. . .

"ဆရာမ ပန်းကလေးတွေအကြောင်းပြောရင် ဆရာမနဲ့ကျွန်တော်နဲ့ ဟိုပန်းရုံလေးဘေးမှာဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးကိုမပြောရဘူးနော်. . ."

ဆိုပြီး မျက်လုံးကလေးကလယ်ကလယ်နဲ့ ပြုံးစေ့စေ့နဲ့မူနွဲ့နွဲ့ ပြောတယ်။ သူ့စကားလည်းကြားရော ဦးချက်ဖောင်းနေမထိထိုင်မသာနဲ့ ဖင်တကြွကြွဖြစ်သွားတယ်။ အဲဒီအချိန်မှာပဲ သော်တာကအိမ်ထဲကနေပြီး. . .

"အဖေရေ. . ဒီမှာရေတွေလျှံကုန်ပြီး လာလုပ်ပါဦး. . ."

ဆိုတဲ့အော်သံကြားတော့ ဦးဖြားကြီးကမန်းကတန်းပဲ. . .

"အေး. . . အဖေလာပြီ. . ."

ဆိုပြီး ခပ်သုတ်သုတ်အိမ်ထဲလှမ်းဝင်သွားတယ်။ ဦးဖြားကြီးမရှိတော့မှ ဦးချက်ဖောင်းက မရိုးမရွနဲ့ ခုနကသူသိချင်တဲ့မေးခွန်းကိုဆက်မေးတယ်။

"ဆရာမ ဆရာမနဲ့ဖြားကြီး ပန်းရုံဘေးမှာဘာဖြစ်ခဲ့လို့လဲ"

သူ့အမေးကို ဆရာမကပြုံးစစလုပ်ပြီး. . .

"သြော်. . . မပြောပါရစေနဲ့ရှင်. ."

ဆရာမကပါမပြော ချင်ဘူးဆိုတော့ ဦးချက်ဖောင်း ပိုမရိုးမရွဖြစ်သွားတယ်။ ဟိုကောင်ဖြားကြီး ဆရာမကို ဘာမတော်မတရားလုပ်ပြီလဲပေါ့။ ဒါကြောင့် . . .

"ဟင့်အင်း. . . မရဘူးပြော. . . ပြော. . . ပန်းရုံဘေးမှာဘာဖြစ်ခဲ့ကြလို့လဲ. . ."

ဦးချက်ဖောင်းက ကလေးလိုခြေဆောင့်ပြီးမေးတယ်။ ဆရာမကလည်းမပြောမချင်းဦးချက်ဖောင်းကြီးရစ်နေမှာသိလို့. . .



"သူနဲ့ကျွန်မနဲ့တောထဲဝင်ပြီး ကျွန်မကအဲဒီပန်းရဲ့ ကလေး ကပန်းကလေးကိုလိုချင်တယ်ဆိုတော့ ဦးဖြားကြီးက ကမန်းကတမ်း စွတ်ရှက်ပြီး ပန်းကိုဘတ်ခနဲခူးလိုက်တာ ပန်းမှာကပ်နေတဲ့ဘောက် ဖက်ပိုးနဲ့ထိပြီး ယားလာလို့တော်ရေ. . . အဲဒါကိုသူက ရှက်နေ တာ. . ."

အဲဒီတော့မှ ဦးချက်ဖောင်းရင်ထဲအလုံးကြီးကျသွားပြီး. . .

"ဟားဟား. . . လက်မှာဘောက်ဖက်ကပ်တာများ ဟိုလို ဖြစ်သလို ဒီလိုဖြစ်သလိုလုပ်သေး. . . ဟားဟား. . အတော်နောက် တဲ့ကောင်. . ဟားဟား. . ."

ဆိုပြီး ဟက်ဟက်ပက်ပက်ကိုအော်ရယ်နေတော့တာ။ သူ့ ရယ်သံလည်းကြားရော ဦးဖြားကြီးသူ့အထုပ်ပြေသွားမှန်းသိပြီး ထွက် ကိုမလာတော့ဘူး။

ဒါကိုအလိုက်သိတဲ့ထွန်းနိုင်ကပဲ. . .

"ကဲ. . ဆရာမရေ . . ဒါဆိုလည်းကျွန်တော်တို့ပြန်လိုက်ပါ ဦးမယ်၊ ကျွန်တော်တို့အိမ်ဆရာမရောက်တော့မှပဲ အနောက်သစ်ပင် လုံမှာရှိတဲ့ပန်းပင်တွေသစ်ပင်တွေကိုကျွန်တော်လိုက်ပြပေးပါ့မယ်"

"ဟသားရ . . . သားလိုက်ပြစရာမလိုပါဘူး. . အဖေကိုယ် တိုင်လိုက်ပြမှာပေါ့. . . အဖေကသားထက်ပိုပြီး တောပိုကျွမ်းပါတယ် အဖေလည်းဆယ့်နှစ်ရာသီအားနေတာပဲ. . ."

"ခုနကတော့မအားဘူးဆို. ."

"ဒါက. . ဒီရွာကလူတွေအတွက်ပါ. . . ဆရာမတို့လိုဧည့် ကောင်းဆောင်ကောင်းတွေအတွက် ဆယ့်နှစ်ရာသီလုံးအားပါးတယ် ဆရာမရယ်. . . ဆရာမကိုဟောဒီကချက်ဖောင်းကြီးကိုယ်တိုင်လိုက်ပြ ပါ့မယ်. . ."

ဦးချက်ဖောင်းသူ့ရင်ဘတ်ကို တဗုန်းဗုန်းထုရင်းပြောတဲ့



စကားကြောင့်ဆရာမပြုံးသွားတယ်။ ပြီးတော့ ချိုသာတဲ့မျက်နှာပေးနဲ့

“ကောင်းပါပြီရှင်. . အခုလိုကူညီပေးမယ်ဆိုတော့ ကျွန်မလည်းအရမ်းဝမ်းသာမိပါတယ်. . .”

“မလိုပါဘူးဆရာမရယ်. . ဆရာမအတွက်ဆို. . .”

ဦးချက်ဖောင်းစကားမဆုံးခင်မှာပဲ အကင်းပါးတဲ့ဆရာမက အိမ်ထဲဘက်လှည့်ပြီး. . .

“သော်တာရေ. . ဒီမှာမောင်ထွန်းနိုင်တို့ ဦးချက်ဖောင်းတို့ ပြန်တော့မယ်တဲ့. . .”

ဆရာမရဲ့အသံကြောင့် သော်တာရှင်ပျတဲ့မျက်နှာပေးနဲ့ ပြေးထွက်လာပြီး. . .

“သြော်. . ဟုတ်ကဲ့. . နောက်ကိုလည်းလာလည်နော်. . ”

ဆိုပြီးဖိတ်မန္တကပြုတယ်။ ဒါကိုဦးချက်ဖောင်းက သူ့မျက်နှာကြီးကို ပြုံးဖြီးဖြီးလုပ်ပြီး. . .

“မလာမှာမပူနဲ့သမီးရေ. . . သားကသာမလာမှာ ဦးကတော့ ဟောဒီဆရာမရှိနေသရွေ့ ချောင်းပေါက်အောင်ကိုလာဦးမှာ. . . ဟီးဟီး. . .”


ဆိုပြီး မျက်နှာရှုံးကြီးနဲ့ဝင်ပြောတယ်။ ဆရာမကခေါင်းငုံ့ပြီးပြုံးတယ်။ ဒါကိုအိမ်ထဲကဦးဖြားကြီးကကြားပြီး. . .

“ဒီကိုချောင်းပေါက်အောင်လာမယ်ဆိုတော့ မင်းနှာခေါင်းကြီးမြေကြီးစိုက်ပြီးမြောင်းဖော်လာမှာမို့လား. . .”

ဦးဖြားကြီးစကားလည်းကြားရော ဦးချက်ဖောင်းရှက်ကိုးရှက်ကန်းဖြစ်သွားပြီး. . .

“ဟေ့ကောင်. . . မင်းအလုပ်မဟုတ်ဘူး. . မင်းဝင်မပါနဲ့”

ဆိုပြီးထအော်တယ်။ ဒါကိုဦးဖြားကြီးက အိမ်ထဲကမထွက်ဘဲ အသံကျယ်ကျယ်နဲ့ပြန်အော်တယ်။





"ဟုတ်တယ်. . . နေရာတိုင်းသူ့အလုပ်ချည်းပဲ. . ခြေရင်း အိမ်ကမိနီကလေးမွေးတာလည်းသူ့အလုပ်ပဲ. . "

ဆိုတော့ ဦးချက်ဖောင်းရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး. . .

"မင်းတော့ကွာ. . . "

ဆိုပြီး ခြံပြင်ဘက် ဇောက်ဇောက်ဇောက်ဇောက်နဲ့ထထွက် သွားတော့တယ်။ ထွန်းနိုင်ကသာ ရုတ်တရက်ထွက်မသွားသေးပဲ သော်တာနားကပ်ပြီး. . .

"ညဆယ်နာရီလာခဲ့မယ်. . . "

သော်တာက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ ပြုံးပြုံး ကြီးကျန်ခဲ့တော့တာ။

ရွာလမ်းတစ်လျှောက် ဖုန်တထောင်းထောင်းထအောင် ပြန်သွားတဲ့ ဦးချက်ဖောင်းတို့သားအဖကိုကြည့်ပြီး အရှေ့သစ်ပင်လု ရွာသားတွေ တိုးတိုးပြောကျန်ခဲ့တယ်။ တိုးတိုးပြောတာဆိုတော့ ဘယ်သူမှ မကြားရဘူးပေါ့နော်. . . ။

ဦးချက်ဖောင်းကလည်း ဂရုမစိုက်ပါဘူး။ လှည့်လည်း မကြည့်ဘူး။ အခုသူ့စိတ်ထဲမှာရှိနေတာက အမြင်ကတ်စရာကောင်း တဲ့ မင်းထက်ပြားကြီးမျက်နှာရယ်၊ ရယ်လိုက်ရင်ပါးချိုင့်လေးခွက် ဝင်သွားတဲ့ ဆရာမနီလာလွင်ရဲ့မျက်နှာရယ် ဒီနှစ်ခုပဲ တရစ်ဝဲဝဲဖြစ် နေတယ်။

ထွန်းနိုင်ရဲ့အတွေးထဲမှာတော့ လှပတဲ့သော်တာရဲ့မျက်နှာ လေးရယ်၊ နောက် ညဆယ်နာရီဆိုတာကိုပေါ့။

အဲ. . . တူညီတာတစ်ခုကတော့. . .

နှစ်ယောက်လုံးရင်အခုန်သားနဲ့. . . အပြုံးစားကြီးနဲ့ပေါ့။

■ ■ ■

တော့မဟုတ်ပါဘူး။ ဒါပေမယ့် ပတ်ဝန်းကျင်တစ်ခုလုံးမည်းမှောင်နေ တယ်။ ရွာရဲ့ထုံးစံအတိုင်း ညဥ့် ဦးကတည်းကအိပ်ကြတာဆိုတော့ ညဆယ်နာရီ လောက်ဆိုလူခြေကတိတ်နေပြီ။ နောက်ပြီးရွာမှာ ကသူခိုးသူဝှက်က မရှိတော့ ဒီအချိန်ထိဘယ်သူမှ စောင့်ကြည့်မနေတော့ဘူး။ ဒါကိုအခွင့် ကောင်းယူပြီး ထွန်းနိုင်က အရှေ့သစ်ပင်လှရွာလေးထဲဝင်လာတာ။

သူ့ခမျာ လူခြေတိတ်ချိန်မှလာတာဆိုပေမယ့် ဘယ်ဟာကိုမှမျက်ခြည်ပြတ်ခံလို့မရဘူး။ မိသွားလို့ကတော့အသေပဲ။ အနောက်သစ်ပင်လှရွာသားဆို အရှေ့သစ်ပင်လှရွာသားတွေက အသေသတ်မှာ။ ဒါပေမယ့်ဒီအချိန်မှာ ထွန်းနိုင်အဖို့ဘာကိုမှကြောက်မနေနိုင်

တော့ဘူး။ သူ့စိတ်တွေက. . .။

ဦးဖြားကြီးခြံဝလည်းရောက်ရော၊ ထွန်းနိုင်ခြံတံခါးကိုတွန်းကြည့်တယ်။ ခြံတံခါးကစေ့ရုံလေးစေ့ထားတာတွေ့တော့ ဝမ်းသာသွားတယ်။ ဒါကြောင့် ခြံတံခါးကို လူတစ်ကိုယ်စာဟပြီး လှစ်ခနဲဝင်လိုက်တယ်။

မြန်တယ်။ ဦးချက်ဖောင်းသားလို့မပြောရဘူး။ ဒါမျိုးဆိုလှစ်ခနဲနေတာ။ ခြံထဲရောက်တာနဲ့ အိမ်ခြေရင်းတိုင်တစ်တိုင်ကိုပြေးကပ်လိုက်တယ်။ အခြေအနေကအေးအေးဆေးဆေးပဲ။ ဘယ်သူ့အရိပ်အရောင်မှမတွေ့ရဘူး။ ဒါတောင် ဒင်းကမသက်ာနိုင်စွာ ဘေးဘီဝေ့ကြည့်တယ်။ ဘာလှုပ်ရှားသံမှမကြားမှ လှစ်ခနဲဦးဖြားကြီးအိမ်အောက်ထဲ ပြေးဝင်လိုက်တယ်။ နောက် သူမှတ်မိနေတဲ့သော်တာရဲ့အခန်းကို ဖြည်းဖြည်းချင်းတွားသွားလိုက်တယ်။

"သော်တာ. . . သော်တာ. . ."

ထွန်းနိုင်ရဲ့အသံတိုးတိုးအုပ်အုပ်ပဲ။ ဒါပေမယ့် သော်တာအခန်းဆီက. . .

"ကိုထွန်းနိုင်လား"

ဆိုတဲ့အသံပြန်ကြားရတယ်။ နောက်သော်တာဆင်းခဲ့မယ်ဆို တဲ့အသံနဲ့အတူ အိမ်ပေါ်ကတရှပ်ရှပ်ခြေသံကြားရတယ်။

သိပ်မကြာလိုက်ပါဘူး။ အိမ်နောက်ဖေးတံခါး'ချောက်' ခနဲဖွင့်သံနဲ့အတူ သော်တာရဲ့ခြေဖွေးဖွေးလေး။ နောက် သူမရဲ့ဝင်းပပမျက်နှာ။ ညအိပ်ချိန်မို့ထင့်၊ ကပိုကရိုလေးကိုလှလို့။

သော်တာထွန်းနိုင်ဆီခြေသံမကြားအောင်ပြေးလာရင်း. . .

"လာ. . ."

ဆိုပြီး သူကပဲဦးဆောင်လို့ အိမ်နောက်ဖေးအကြိုအကြားကဖြတ်လို့ ကောက်ရိုးပုံဆီခက်သွက်သွက်လှမ်းသွားတယ်။



ကောက်ရိုးပုံနားရောက်တော့ ထွန်းနိုင်ကသော်တာ့လက်ကို ဆွဲကာ တင်ပျဉ်ခွေထိုင်လိုက်ပြီး. . .

"လွမ်းလိုက်တာသော်တာရယ်. . ."

သော်တာက သူ့မျက်နှာချင်းဆိုင်မှာထိုင်ပြီး ပြုံးစစမျက်နှာနဲ့

"ပိုပြီ. . . မနက်ကတောင်တွေ့သေးတဲ့ဟာကို. . ."

ထွန်းနိုင်က သော်တာ့လက်ကိုဆွဲကာ. . .

"မနက်ကတွေ့ရတာ လွတ်လွတ်လပ်လပ်တွေ့ရတာမှမဟုတ်တာ. . ."

"ဟိတ်. . . မကဲနဲ့. . . အဖေနိုးသွားလို့ ဒုက္ခရောက်ကုန်မယ်. . ."

သော်တာက ထွန်းနိုင်ရင်ခွင်ကပြန်ရုန်းရင်းပြောတယ်။ ဒါကို ထွန်းနိုင်ဆိုတဲ့ကောင်က သူ့နှုတ်ခမ်းတိုကြီးကိုချွန်ပြီး. . .

"အို. . . မကြားနိုင်ပါဘူးသော်တာရယ်. . . ယောက္ခမက အိပ်တာမှသိုးနေပြီ. . . ."

သူ့စကားကို သော်တာကမျက်စောင်းထိုးပြီး. . .

"ဘာယောက္ခမလဲ၊ သူများအဖေကိုများ ပိုင်စိုး ပိုင်နင်း. ."

သော်တာရဲ့စကားကို ထွန်းနိုင်က ဖြဲခနဲရယ်ပြီး . . .

"ဩော်. . အခုမတော်လည်း နောက်တော်ရမယ့်ဟာကို. . . နောက်ပြီးစဉ်းစားမိတယ်. . တို့တွေကျောင်းတက်နေရတုန်းကတောင် ကောင်းသေးတယ်နော်. . . အချိန်တိုင်းလွတ်လွတ်လပ်လပ်တွေ့လို့ရတယ်. ."

သူ့စကားကို သော်တာက မူနွဲ့နွဲ့လုပ်ပြီး. . .

"ကဲ. . လေးနှစ်လုံး လွတ်လွတ်လပ်လပ်တွေ့ခဲ့ရတာ မကျေနပ်နိုင်သေးဘူးလား. . ."

ထွန်းနိုင်က သူ့မျက်လုံးကို ကြာကူလီမှေး မှေးပြီး. . .

www.foreverspace.com.mm

"ဘယ်ကျေနပ်နိုင်မှာလဲ သော်တာရယ်. . . ဖြစ်နိုင်ရင် တစ်သက်လုံးဟောဒီလို. . . "

"အို. . . "

ထွန်းနိုင်ကသော်တာ့ကို သူ့ရင်ခွင်ထဲဆွဲသွင်းလိုက်တယ်။ နောက်. . .

လရောင်ကမှုန်ပျပျလင်းနေတယ်။ မှောင်မည်းနေတဲ့ညအမှောင်မှာတောင် ချစ်သူနှစ်ဦးရဲ့ပခုံးစွန်းတွေကို လင်းနေအောင်ဆွဲဆောင်နေတုန်းပဲ။ ကြယ်ကလေးတွေက မှိတ်တုတ်မှိတ်တုတ်နဲ့။ သူတို့နှစ်ယောက်ကို ခိုးချောင်းနေသယောင်။ လေပြည်ကလည်း ခပ်ဖြည်းဖြည်းပဲ အေးတယ်ဆိုရုံလှုပ်ခတ်နေတာ။

နှစ်ယောက်လုံး လောကကြီးကိုမေ့လျော့စွာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြတယ်။ နှစ်ရှည်လများခွဲခွာပြီးမှပြန်တွေ့ရတဲ့သူတွေလို တစ်ယောက်ကိုတစ်ယောက်ကြည့်မဝနိုင်ဖြစ်နေကြတယ်။

ဒီအချိန်မှာပဲ. . .

"ဟာ. . . "

"ဟင်. . . "

တရှပ်ရှပ်ခြေသံ။

"အလို. . . "

ဘယ်ကပေါ်နေပါလိမ့်. . ။

အဖေ. . အဖေနိုးလာပြီလားမသိဘူး. . . ။

သော်တာထွန်းနိုင်ရင်ခွင်ကရုန်းထွက်ရင်း အမောတကောပြောတယ်။ ထွန်းနိုင်ထိုင်ရမလို ထရမလိုနဲ့ ပတ်ဝန်းကျင်ကို ဝေ့ကြည့်တယ်။ သော်တာက သူ့ကိုပြန်ဆွဲချလိုက်ပြီး. . .

"အို. . ထိုင်နေလေ. . . တော်ကြာအဖေတွေ့သွားလို့ အား

www.foreverspace.com.mm





လုံးဒုက္ခများကုန်မယ်. . . ”

ဆိုတော့ ထွန်းနိုင်ခုနကအတိုင်း တင်ပျဉ်ခွေပြန်ထိုင်နေလိုက်တယ်။ ပတ်ဝန်းကျင်က လှုပ်ရှားမှုဘာမှမမြင်ရဘူး။ ဒါပေမယ့် တရှပ် ရှပ်ခြေသံကကြားနေရတုန်း။

“နေဦး. . . အဖေလားမသိဘူး. . သော်တာထကြည့်လိုက်ဦးမယ်. . . ”

သော်တာ ဖုတ်ဖတ်ခါပြီးထသွားတယ်။ ထွန်းနိုင်ကတော့ တင်ပျဉ်ချိတ်ထိုင်ရင်း တစ်ယောက်တည်းကျန်ခဲ့တယ်။ ခြေသံက လုံးဝပျောက်မသွားသေးဘူး။

သိပ်မကြာလိုက်ဘူး။ ထွန်းနိုင်ပေါင်ကိုလာထိတဲ့ အေးခနဲအထိ။

“ဟာ. . ”

အာမေဋိတ်သံ. . . ။ မသက်သာသလိုနဲ့ကြည့်လိုက်တော့. . .

“မြွေ. . . မြွေ. . . မြွေ. . . ”

သူ့ပေါင်ပေါ် တစ်လိမ့်ချင်းလိမ့်တက်လာတဲ့ မြွေပွေးတစ်ကောင်။ ဇောချွေးတွေ ချက်ခြင်းပြိုက်ခနဲကျလာတယ်။ လှုပ်လည်း မလှုပ်ရဲဘူး။

“အမေရေ. . ကယ်ပါဗျ. . . ”

ထွန်းနိုင်ရဲ့ ကတုန်ကယင်အသံ။ မြွေပွေးကသူ့ပေါင်ပေါ်က ဆက်မသွားဘဲ ဟိုကြည့်ဒီကြည့်လုပ်တယ်။ နောက် သူ့ရဲ့ပေါင်နှစ်ခုကြားအချိုင့်ထဲ ဦးတည်သွားတယ်။

“အမေရေ. . ဘဝဆုံးပြီဗျ. . . ဟီး. . . ”

ထွန်းနိုင်ရဲ့အံကြိတ်ငိုသံ။ မြွေပွေးကဘာကိုမှဂရုမစိုက်ဘဲ ဘာမှလည်းမလုပ်။ ပေါင်ကြားထဲဝင်ခွေလိုက်တယ်။ ခွေတာမှ ခေါင်းကိုအသေအချာ နေရာကျအောင်ဖိချပြီးမှခွေတာ။

www.foreverspace.com.mm





"သွားပြီ. . . သွားပြီ. . . ဒီတောင်တော့ မကျော်နိုင်တော့ ဘူး ဟီ. . . ကို. . ကိုကိုမြွေရယ်ထပါဗျ. . . ဟီး. . "

ဆိုပြီး ကယောင်ကတန်းရေရွတ်တယ်။ လှုပ်လည်း မလှုပ် ရဲဘူး။ လှုပ်တာနဲ့ချက်ကောင်းပဲ။ ပြောမရဆိုမရတဲ့နေရာကဒဏ်ရာနဲ့ ဆိုပြီးပြီသာမှတ်လိုက်။

"သော်တာ. . သော်တာ. . . ကို. . ကိုထွန်းနိုင်တော့. . ဘ၀. . . ဘ၀ဆုံးပြီနဲ့တူတယ်. . . ဟီး. . . "

ငိုသံနဲ့အတူ သူ့မျက်နှာပေါ် ဇောချွေးတွေ၊ မျက်ရည်တွေ၊ နှပ်တွေဖြိုင်ခနဲကျလာတယ်။ သူ့အသံလည်းကြားရော သူ့အဖေသွား ချောင်းနေတဲ့ သော်တာကမန်းကတန်းပြန်လှည့်လာပြီး. . .

"ဘာတွေအော်နေတာလဲ. . အဖေကြားသွားလို့ အားလုံး ဒုက္ခများ. . . . ဟင်. . . "

မြည်တွန်တောက်တီးပြီး ပျာယီးပျာယာလှမ်းလာတဲ့သူ့ခြေ လှမ်းတွေ ထွန်းနိုင်ဖြစ်နေပုံကိုကြည့်ပြီးရပ်သွားတယ်။ နောက် သူ့ပါး စပ်ကလည်း ကယောင်ကတန်းနဲ့. . .

"မြွေ. . မြွေ. . . မြွေပွေး. . . မြွေပွေး. . . "

သူ့စကားကိုထွန်းနိုင်က 'ဟီး' ခနဲငိုချလိုက်ပြီး. . .

"ဟီး. . အဲဒါကိုပြောတာပေါ့. . အဲဒါကိုပြောတာ . . ဒီဘ၀ တော့ ကိုထွန်း လူမွေးလူတောင်ပြောင်တော့မယ်မထင်ပါဘူး. . . ကွာဟဲ့. . . "

ထွန်းနိုင်အာပြဲကြီးနဲ့ငိုချလိုက်တယ်။ သူ့ကိုကြည့်ပြီး သော်တာ လည်း. . .

"ကိုကိုထွန်း. . . အဲလေ. . . ကိုထွန်းနိုင် မလှုပ်နဲ့နော်. . . မလှုပ်နဲ့. . . သူ့ခေါင်းကဘယ်မှာရှိလဲ. . . "

"သူ့ခေါင်းက . . . ခေါင်းနေရာမှာရှိမှာပေါ့. . . အဟီးဟီး"

"ဩော်. . . အရေးထဲ ရှင်ကနောက်နေပြန်ပြီ. . ."

"ဘာလို့နောက်ရမှာလဲ. . . သူရှိတဲ့နေရာ ပြောတာပဲ ဒီအချိန်မှာ နောက်စရာလား. . . ဟီးဟီး. . ငိုချင်ပါတယ်ဆိုမှ. . ."

"ဟင်. . . ဒါ. . ဒါဆိုဘယ်လိုလုပ်မှာလဲ. . . ဒီကောင်က ယင်ကောင်တောင်လွတ်တာမဟုတ်ဘူးနော်. . . ."

"ငါသိတယ်. . . ငါသိတယ်. . . ကြောက်ပါတယ်ဆိုမှ ခြောက်နေ. . . နင်လျှာမရှည်နဲ့. . တောက်. . . ငါပဲလျှာရှည်တာ. . . တောက်. . ထချင်ဦးဟဲ့တဏှာတစ်ကြော. . . ဟီးဟီး. . ."

"အို. . . ရှင်ကလည်းငိုနေတာချည်းပဲ. . ."

"ဟီး. . အဲဒီအချိန်မှာ ငါမငိုနေလို့ဘာလုပ်နေရမှာလဲ. . ဟီး. . . နင်ပဲတော်တော်တတ်. . ."

သူကငိုလေ၊ မြွေပွေးကသူ့ကိုပုခက်နဲ့လွဲသိပ်နေတယ်များ အောက်မေ့နေလားမသိဘူး။ မျက်လုံးတောင်မဖွင့်ဘဲငြိမ်နေတယ်။ သူ့ကိုကြည့်ပြီး သော်တာလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေတယ်။ အနားလည်းမကပ်ရဲဘူး။ ဟိုကလှုမ်းဟတ်လိုက်မှ ဟုတ်ပေ့ဖြစ်နေမယ်။ နောက်မှ သတိရသွားပြီး. . .

"ဒါဆိုနေဦး. . နေဦး. . အဖေ့ကိုသွားနှိုးလိုက်ဦးမယ်. ."

ဆိုပြီး အိမ်ဘက်ပြန်ပြေးသွားကာ. . .

"အဖေရေ. . အဖေ. . ထပါဦး. . ."

သော်တာရဲ့အော်သံနဲ့အတူ. . .

"ဟင်. . . ဘယ်ကောင်လဲကွ. . အိမ်ခေါင်းရင်းလာအော်နေတာ. . ."

ဦးပြားကြီးရဲ့အိပ်ချင်မူးတူးအသံ။

"သမီးသော်တာပါအဖေရဲ့. . သမီးသော်တာပါ. . ."

"ဟေ. . သမီးဘာဖြစ်လို့လဲ. . ."



www.foreverspace.com.mm

www.foreverspace.com.mm





"ဟိုဘက်ရွာက ဦးချက်ဖောင်းသားကိုထွန်းနိုင်ခြံထဲရောက်နေလို့. . ."

"ဟေ. . ချက်ဖောင်းသားခြံထဲရောက်နေတယ်. . ဟုတ်လား. . . တောက် ကလေကချေကောင်. . . တွေ့ကြသေးတာပေါ့ကွာ. . ."

ဆိုတဲ့အော်သံနဲ့အတူ ဒုန်းဒုန်းဒိုင်းဒိုင်းအသံများ. . .

သိပ်မကြာလိုက်ပါ မီးအိမ်တစ်ဘက်၊ ငှက်ကြီးတောင်ဓားတစ်ဘက်ဆွဲပြီးဆင်းလာတဲ့ဦးပြားကြီး။

"ဘယ်မှာလဲကွ. . အဲဒီကောင်. . ."

ဆိုပြီးခြံထဲ ဒရောသောပါးဆင်းလာတယ်။ ဒါကိုသော်တာက သူ့အဖေလက်မောင်းကိုဆွဲပြီး. . .

"ဟိုမှာအဖေ. . ဟိုဘက်မှာထိုင်နေတယ်. . ."

သောတာညွှန်ပြရာကြည့်ပြီး ဦးပြားကြီးပိုစိတ်တိုသွားတယ်။

"အောင်မာ. . ငါ့ကိုမြင်တာတောင်ထမပြေးဘဲ ရသေ့တရားကျင့်သလိုထိုင်နေတယ်ပေါ့လေ. . . ကိုင်းတွေ့ကြပြီပေါ့. . ."

ဆိုပြီး ဒေါသတကြီးနဲ့လှမ်းအထွက် သော်တာကဆွဲပြီး. . .

"မလုပ်နဲ့ အဖေ. . မလုပ်နဲ့. . သူ့ပေါင်ကြားမှာ. . သူ့ပေါင်ကြားမှာ. . ."

"ပေါင်ကြားမှာဘာဖြစ်လို့လဲကွဟေ သမီးကိုပြသေးလား"

"ပြတယ်အဖေ. . . ပြတယ်. . ."

သော်တာ့စကားကြောင့် ဦးပြားကြီးမျက်လုံးပြူးသွားပြီး. . .

"အောင်မာ. . ဒီကောင်ကရာရာစစ. . ပြတော့ဘာမြင်လဲပြောစမ်း. . ."

"မြွေအဖေ. ."

"ဟေ. . . အဲဒါမြွေမဟုတ်ပါဘူးသမီးရဲ့. . . ဒီကောင်

www.foreverspace.com.mm





သက်သက်ခြုံထဲဝင်ပြီးစော်ကားတာ. . ”

“မဟုတ်ဘူးအဖေ. . မြွေ. . . မြွေပွေးကြီး. . . မြွေပွေးကြီး. . . ”

သော်တာ့စကားကြောင့် ဦးပြားကြီးမျက်လုံးပိုပြူးသွားတယ်။ နောက်. . .

“ဟုတ်ရင်ဟုတ်ပေ့ါကွာ. . . မှန်းစမ်း. . . ”

ဆိုပြီး ထွန်းနိုင်နားကပ်ကြည့်တော့. . .

“ဟာ. . . ”

ဦးပြားကြီးလန့်ပြီး အနောက်ခုန်ဆုတ်လိုက်တယ်။

“ဟာ. . မြွေ. . မြွေပွေးကြီး. . . ”

ဟုတ်တယ်သူမြင်လိုက်တယ်။

ထွန်းနိုင်ပေါင်ကြားထဲဝင်ခွေနေတဲ့မြွေပွေးကြီး။ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး။

“အဲ. . အဲဒါဘယ်လိုလုပ်မလဲဟင်အဖေ. . . ”

သော်တာ့ရဲ့စိုးရိမ်တကြီးစကား။ ဦးပြားကြီးသော်တာဘက်တစ်ချက်လှည့်ကြည့်တယ်။ ထွန်းနိုင်ကလည်း မရှူနိုင်မကယ်နိုင်နဲ့. . “ကျွန်တော့်ကို မကယ်နိုင်တော့ဘူးလားဦးရယ်. . ကယ်ကြ ပါဦး. . အဟင့်. . ဟင့်. . . ဦးမှမကယ်ရင် သေတာတောင် ဒီသူငယ် ဘာနဲ့သေတာလဲမေးရင်တောင် ရောဂါကိုဘယ်လိုပြ ရပ့ါ. . . ဟီး. . လူကြားမကောင်းတဲ့နည်းနဲ့သေရမှာပါဗျာ. . . အဟင့်. . အဟင့်. . . . ”

ထွန်းနိုင်ရဲ့ငိုသံ။ ဦးပြားကြီးကရင်ကိုကော့ပြီး. . .

“အို. . . ချက်ဖောင်းသားပဲသေပလေ့စေကွာ. . . ချက်ကောင်းထိပါစေလို့တောင် ဆုတောင်းပေးလိုက်ဦးမယ်. . . ”

“အဖေရယ်အဲဒီလိုတော့မရက်စက်ပါနဲ့. . . သမီးနဲ့သူနဲ့

www.foreverspace.com.mm





က. . ”

“ဘာကွ . . . တိတ်စမ်း. . ဘာစကားမှဆက်မပြောနဲ့. . . နင့်ကိုအစကတည်းကငါပြောထားသား. . . ဒီချက်ဖောင်းသားနဲ့ လုံးဝမပတ်သက်ပါနဲ့လို့. . . အေး. . ပတ်သက်ပြီးဆိုမှဖြင့် ငါသတ်ရင်သတ်. . မဟုတ်ရင်သူ့ဘာသာသူ မြွေပွေးကိုက်သေလိမ့်မယ်. . . ”

“အောင်မလေးဦးရယ်. . . ရက်စက်လှချည့်လား. . . ဘယ်နေရာအကိုက်ခံပြီးသေရမယ်ဆိုတာ ယောက်ျားအချင်းချင်း ကိုယ်ချင်းစာကြည့်ပါဗျာ. . . ဟီး. . . ရှေးဦးသူနာပြုနည်းနဲ့ ပြုစုဖို့လည်း မကောင်း. . အီး. . . ”

“အေး. . အဲဒါမှပိုကောင်းတာ. . အဲဒါမှငါ့သမီးအတွက်ပါ နောင်ရေးစိတ်အေးရမှာ. . ဟွင်း. . ဟွင်း. . . ”

“ဗျာ. . သမီးနောင်ရေးစိတ်အေးချင်လို့ဟုတ်လား. . . သေပါပြီအမေရဲ့. . . သေပါပြီဗျာ. . . ”

ထွန်းနိုင်ရဲ့ ချုံးပွဲချငိုသံ။ အဲဒီအသံလည်းကြားရော အိမ်ပေါ်ကဆရာမလန့်နိုးသွားပြီး အိမ်အောက်ကမန်းကတန်းပြေးဆင်းလာကာ. . .

“ဘာဖြစ်နေကြတာလဲဟင်. . . ဘာဖြစ်နေကြတာလဲ. . ”

ဆိုပြီးအနားကပ်လာတယ်။ သူ့ရှေ့မှာတင်ပျဉ်ချိတ်ပြီးထိုင်နေတဲ့ထွန်းနိုင်ကို ညကြီးအချိန်မတော်မြင်ရတော့ အံ့အားသင့်သွားပြီး. . .

“ဟင်. . . မောင်ထွန်းနိုင်. . မင်းဘာလုပ်. . . ဟာ. . ”

ထွန်းနိုင်ပေါင်ကြားထဲက မြွေပွေးကြီးမြင်တော့ဆရာမအံ့အားသင့်သွားတယ်။ နောက် ထွန်းနိုင်ကိုလက်ညှိုးတထိုးထိုးနဲ့. . .

“မြွေ. . . မြွေကြီး. . . မြွေကြီး. . . ”

ဆရာမစကားကိုထွန်းနိုင်က ငိုလျက်တန်းလန်းနဲ့. . .



"အဲဒါပြောတာဆရာမ. . အဲဒါကိုပြောနေတာ ကျွန်တော် ဘဝကတော့ လူညွန့်တုံးပြီးထင်ပါတယ်ဗျာ. . . ဟီးဟီး. . "

"ဟင်. . အို. . အညွန့်တုံးလို့ဘယ်ဖြစ်မှာလဲ . . ဦးဖြားကြီး. . . လုပ်ပါဦး. . ထွန်းနိုင်ပေါင်ကြားထဲမှာ. . . "

ဆရာမစကားကြောင့် ဦးဖြားကြီးတိန်သွား ပြီး

"ဟာ. . အဲဒါကိုကျွန်တော်ကလည်း ဘာလုပ်တတ်မှာလဲ ဆရာမရဲ့. . . "

"ဟင်. . . အဲဒါဆို တတ်တဲ့လူခေါ်ကြလေ. . . လာကြပါဦးရှင့်. . ဒီမှာမြွေ. . မြွေ. . . "

ဆရာမရဲ့အော်သံကြောင့် တစ်ရွာလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်။

"ဟေ. . ဟေ. . အော်သံကြားတယ်. . . "

"ဦးဖြားကြီးတို့အိမ်ကဖြစ်မယ်. . . "

"ဆရာမလေးအသံဟ. . မြန်မြန်သွားမှဖြစ်မယ်. . "

ဆိုပြီး အားလုံးတုတ်တွေ၊ ဓားတွေ၊ မီးတုတ်တွေ၊အောက်လင်းမီးတွေဆွဲပြီးရောက်လာကြတယ်။

"ဘယ်မှာလဲ. . ဘယ်မှာလဲ. . . "

"ဒီမှာရှင့်ဒီမှာ. . ကောက်ရိုးပုံဘက်မှာ. . . "

"ကောက်ရိုးပုံဘက်မှာတဲ့ဟေ. . သွားကြမြန်မြန်သွားကြ"

ရွာသားအားလုံး ကောက်ရိုးပုံကြီးဘက်ရောက်လာကြတယ်။

"ဟာ. . . "

"မြွေ. . မြွေ. . . "

မြွေပွေးကြီး. . . နည်းတာကြီးမှမဟုတ်တာ. . . "

"ဟော့. . . အနားမကပ်ကြနဲ့ ဒီကောင်က ယင်ကောင်တောင် လွတ်တာမဟုတ်ဘူး. . . ပေါက်လိုက်လို့ကတော့ကြည့်



www.foreverspace.com.mm

www.foreverspace.com.mm





ကောင်းပြီ. . . ”

အားလုံးဆီက ဆူညံသွားတယ်။ ဘယ်သူမှတော့အနားမ ကပ်ရဲကြဘူး။ ထွန်းနိုင်ကသာ မပြီးနိုင်မစီးနိုင်ငိုပြီး. . .

“ဟီး. . ဦးတို့ရယ် တိုးတိုးလုပ်ကြပါဗျာ. . . တော်ကြာဒီ ကောင်ကြီးနိုးလာပြီး ကျုပ်ကိုပေါက်လိုက်မှဖြင့် ချက်ကောင်းထိပြီး သေ ရမှာဗျ. . . ဟောဟော. . ပြောရင်းဆိုရင်း. . . မျက်လုံးပွင့်လာပြီ. . . ကျွတ်ကျွတ်ကျွတ်. . မြွေကြီးရယ်အိပ်ပါနော်. . . ကျွတ်ကျွတ်ကျွတ် မြွေကြီးရယ် အိပ်ပါနော်. . . လိမ္မာတယ်နော်. . . ”

ဆိုပြီး မျက်လုံးပွင့်လာတဲ့မြွေကြီးကို ကလေးတစ်ယောက် ချော့သိပ်သလိုသိပ်နေတယ်။ မြွေကြီးကလည်းသူ့စကားနားလည် သလားမသိဘူး မျက်လုံးလေးပြန်စင်းကျသွားတယ်။

“အို. . အေး. . အေး. . အို. . မြွေကလေးက. . အို. . . ခိုဖမ်းလို့မျို. . . ”

ထွန်းနိုင်က ကယောင်ကတန်းနဲ့ ဆိုမိဆိုရာသီချင်းတွေဆို လိုက်သည်။ အဲဒီတော့မှ မြွေကြီးမျက်လုံး လုံးဝမှိတ်ကျသွားတယ်။ ဒီတော့မှ ရွာထဲကမြွေကျွမ်းကျင်သူ အောင်ကြီးကအောက်လင်းဓာတ် မီးဆွဲပြီး မလှမ်းမကမ်းကနေလာကြည့်တယ်။

“ဒီကောင်က မြွေပွေးမဟုတ်ဘူးဗျ. . . ငန်းမြွေကြီး. . . ဒီကောင်ကပိုအဆိပ်ပြင်းတယ်. . . ကောင်လေးကတော့ ဘယ်လိုမဆို သေမှာပဲ. . . ”

သူ့စကားကြားတော့ ထွန်းနိုင်ရဲ့. . .

“အောင်မလေး. . အားကိုရှိသွားတာပဲ သူကပိုပြီးအဆိပ် ပြင်း တယ်တဲ့. . . အဖေရဲ့. . . သားတော့သေလူဖြစ်နေပြီတဲ့. . အဖေရဲ့”

ဆိုတဲ့ငိုသံနဲ့အတူ ဝိုင်းကြည့်နေကြတဲ့လူတွေအားလုံး. .



“ဟာ. . ငန်းမြွေတဲ့. . . ”

“သူကပိုပြီးအဆိပ်ပြင်းတယ်တဲ့. . . ”

“ဟာ. . ငန်းမြွေဆိုတော့ လိုက်မှာပေါ့. . . ”

“ဟေ့ဟေ့. . ဝေးဝေးနေကြ. . ဝေးဝေးနေကြ. . တော်ကြာ ကိုယ့်လိုက်နေမှဖြင့်. . . ”

ဆိုတဲ့အော်သံတွေဆူညံသွားတယ်။ ဒါကိုဦးအောင်ကြီး က. .

“ဒီကောင်ကြီး လူသံကြားတာတောင် ဘာလို့မလိုက်တာလဲ မသိဘူး. . . ”

ဆိုပြီးငုံ့ကြည့်လိုက်တယ်။

“ဟာ. . . မြွေကြီးကအမဗျ. . . သူ့ဥကျင်းမှတ်ပြီး ဝင်ခွေ နေတာ. . . အချိန်တန်လို့ သူ့ဥကအကောင်မပေါက်ရင် သူ့ဘာသာ သူ ကိုက်ခွဲမှာ. . . ”

သူ့စကားလည်းကြားရော မြွေကြီးအိပ်သွားလို့ အနည်းငယ် စိတ်သက်သာရာရနေတဲ့ထွန်းနိုင် မျက်ရည်ဥကြီးပြန်ဝိုင်းတက်လာ တယ်။

“ဗျာ. . . သူ့ဥကိုသူကိုက်ခွဲဦးမှာ. . . အောင်မလေးသေပါ ပြီဗျာ. . သူ့ဥမဟုတ်ဘူးဗျ. . ကျွန်တော့်. . . ကျွန်တော့်. . ဟီး. . ဟီး ပြောရခက်တယ်ဗျ. . . ဟီးဟီး. . . ဝိုင်းပြီး မရှင်းပြနိုင်တော့ဘူးလာ အရပ်ကတို့ရဲ့. . . တမလွန်ကအမေလည်းလက်ပိုက်ကြည့်မနေပါ နဲ့. . . ”

ဆိုပြီး ငိုငိုပြီးပြောတယ်။ ဒါကိုဦးအောင်ကြီးက အနား ကပ်ပြီး

“မှန်းစမ်း ငါအနားကပ်ကြည့်မယ်. . . ”

ဆိုပြီး ခြေတစ်လှမ်းအတိုး. . .



www.foreverspace.com.mm

www.foreverspace.com.mm



'ဖြီး' ခနဲ မှုတ်သံနဲ့အတူ မြွေကြီးပါးပျဉ်းထောင်ပြီး လှမ်းဟပ်တယ်။ ဦးအောင်ကြီးက. . .

"အောင်မလေးဗျ. . ."

ဆိုပြီး နောက်ကိုခုန်ဆုတ်လိုက်တယ်။ မြွေကြီးက လူတွေကို လှမ်းကြည့်နေတယ်။ ထွန်းနိုင်ခမျာအသံတောင်မထွက်ရဲဘူး။ ပါးစပ်ကြီးဟလို့ အသက်အောင့်ပြီးအငိုကိုမျိုချနေတယ်။ ဒါကိုအောင်ကြီးက. . .

"မလွယ်ဘူးဗျ. . ဒီကောင်ကြီး သားဇောကပ်နေတာ. . . ကြာရင်ဒီထက်ပိုဆိုးလိမ့်မယ်. . ."

အောင်ကြီးရဲ့စကားကြောင့် ထွန်းနိုင်တုန်တက်သွားပြီး အသံတိုးတိုးနဲ့. . .

"မြွေမရယ်. . ဘယ်ဘဝရေစက်ကြောင့် ဥကျင်းမှားပြီးလာဝပ်နေရတာလဲကွယ်. . ကျွတ်ကျွတ်. . . အိပ်တော့နော်. . . ပတူတူလေးအိပ်တော့နော်. . အို. . အေးအေး. . အို. . . မိတ္ထီလာကန်တော်အောက်က ဖားသွားလို့မြို့. . အိပ်. . အိပ်. . အိပ်ရေးဝမှ မိတ္ထီ လာ. . . သွား. . . အဲဒီမှာဖားပေါတယ်. . . ကိုယ့်သားသမီး အတွက်ပဲ. . စိတ်ချ အီး. . . အီး. . ."

ဆိုပြီးပါးစပ်က ပတွတ်ပတွတ်နဲ့ချော့သိပ်တယ်။ မြွေမကြီးကလည်း နားလည်ပြီလား။ ခေါင်းလေးတညိတ်ညိတ်လျှာလေးပြူတစ်ပြူတစ်နဲ့ ပြန်ခွေကျသွားတယ်။ ဒါကို ဦးအောင်ကြီးက. . .

"ဒီအတိုင်းဆို ဒီမြွေကြီး. . . မနက်ထိခံမှာမဟုတ်ဘူး. . မိုးလင်းလို့အလင်းရောင်မြင်ရင် သူမှားနေမှန်းသိရင် တစ်ခုပြီး တစ်ခုလုပ်ချင်တာတွေဆက်တိုက်လုပ်တော့မှာ. . . ဒီမြွေကြီးကသိပ်စိတ်ကြီး တာ. . . ပေါက်ကွဲပြီးဆိုထိန်းမရဘူး. . . ကောင်လေးကတော့ သေမှာပဲ. ."

www.foreverspace.com.mm





"အားပေးနေတာပါအဖေရဲ့. . . "

သူ့စကားလည်းကြားရော တစ်ချိန်လုံးစိုးရိမ်တကြီးကြည့်နေတဲ့ဆရာမက. .

"ဟာ. . ဒါဆိုဘယ်လိုလုပ်မှာလဲ. . . "

ဆရာမရဲ့အမေးကို ဦးအောင်ကြီးက သက်ပြင်းချပြီး. .

"ဟင်း. . . သူ့အဖေဦးချက်ဖောင်းကို သွားခေါ်လိုက်တာအကောင်းဆုံးပဲ. . သူ့အဖေလာမှဆုံးဖြတ်ပါစေတော့. . . "

သူ့စကားလည်းကြားရော ဆရာမက. .

"ဟာ. . ဟုတ်တယ်. . ဒါဆိုသူ့အဖေဦးချက်ဖောင်းကို တစ်ယောက်လောက် အမြန်ဆုံးသွားခေါ်ကြပါ. . . "

ဆိုပြီး လောဆော်တယ်။ ဒါကို ဖင်ပေါ့တဲ့ ဦးပြားကြီးလက်ရင်းတပည့် ဝက်ကလေးက. . .

"ကျွန်တော်သွားခေါ်မယ်. . . "

ဆိုပြီး အနောက်သစ်ပင်လှဆီ ဒုန်းစိုင်းချသွားတာ. . .

ထွန်းနိုင်ကတော့ ဘာမှမပြောနိုင်ဘူး သူ့ပေါင်ကြားက မြွေကြီးကိုပဲ. . .

"ပူတူတူလေးရယ်အိပ်ပါတော့. . . မြွေမလေးရယ်အိပ်ပါတော့. . . အို. . အေးအေး. . . အို. . . "

ချစ်သူကိုတောင်မချော့ဖူးတဲ့ချော့နည်းမျိုးစုံနဲ့ မျက်ရည်တဝိုင်းဝိုင်းကျ အသံလေးမှိန်လိုက်ဖျော့လိုက်နဲ့ကိုချော့နေတော့တာ။

သိပ်မကြာလိုက်ပါဘူး။ အနောက်သစ်ပင်လှက ရွာဆော်ဦးချက်ဖောင်းနဲ့အဖွဲ့ အရှေ့သစ်ပင်လှကို မီးတုတ်တယမ်းယမ်း၊ ဓားတရွှမ်းရွှမ်းနဲ့ကိုရောက်ချလာတာ။

"ဘယ်မှာလဲကွငါ့သား. . . ငါ့သားကိုမင်းတို့ဘယ်လို လုပ်ထားကြလဲကွ. . . "

www.foreverspace.com.mm



လူမမြင်ရခင်ကတည်းက ဦးချက်ဖောင်းရဲ့ အသံကျယ်ကျယ်ကိုစကြားရတော့တယ်။

ဒါကို ဆတ်ဆတ်ထိမခံဦးဖြားကြီးက. . .

“ဟေ့. . အနောက်သစ်ပင်လှသားဆို လက်ဖျားနဲ့တောင်ထိချင်တဲ့ကောင်မဟုတ်ဘူးကွ. . . မင်းတို့သာ ကိုယ့်ဒုက္ခကိုယ်ရှာပြီး အရှေ့သစ်ပင်လှကိုရောက်ရောက်လာတာ. . .”

“ဘာကိစ္စနဲ့မှ ကိုယ့်ဒုက္ခကိုယ်မရှာဘူးဟေ့ကောင်. . . မဖြစ်လို့လာလာနေရတာ. . . လုံးဝလာချင်တာမဟုတ်ဘူး. . . ဘယ်မှာလဲငါ့သား. . .”

“အဖေ. . . ကျွန်တော်ဒီမှာ. . .”

“ဟင်. . .”

ထွန်းနိုင်ရဲ့ကတုန်ကယင်အသံကြားတော့ ဦးချက်ဖောင်းအံ့အားသင့်သွားတယ်။ လူပုံအလယ်မှာ မျက်နှာငယ်လေးနဲ့ထိုင်နေတဲ့ သူ့သားထွန်းနိုင်။

“သားဒီမှာဘာထိုင်လုပ်. . . ဟင်. . .”

ထွန်းနိုင်ဆီကပ်သွားဖို့အလုပ် ထွန်းနိုင်ပေါင်ကြားထဲက ငန်းမြွေကြီးမြင်တော့ လန့်သွားတယ်။

“ဒီ. . . ဒီကောင်ကြီးက. . .”

သူ့စကားကို ဘေးနားကအောင်ကြီးက. . .

“အေး. . . အဲဒီကောင်ကြီးက ခင်ဗျားသားရဲ့ပေါင်ကြားဥကျင်းမှတ်ပြီးဝင်ခွေနေတာ. . .”

“ဘာ”

ဦးအောင်ကြီးရဲ့စကားကို ဦးချက်ဖောင်း အလန့်တကြားထအော်တယ်။ ပြီးတော့ သူ့သားဘက်လှည့်ပြီး. . .

“ဟင်. . . ဒါ. . . ဒါဆို. . ဖယ်ထုတ်လိုက်လေသား. .”



သူ့စကားလည်းကြားရော ထွန်းနိုင်ချုံးပွဲချငိုချလိုက်ပြီး. . .

"ဟီး. . . ဟီး. . ဖယ်ထုတ်လိုက်ရင် သားရဲ့ ချက်ကောင်းကို ဖမ်းကိုက်မှာပေါ့အဖေရဲ့. . . အဖေ့သားကို လူဖြစ်ရှုံးစေချင်တာ လားဟီး. . ."

ထွန်းနိုင်ရဲ့စကားကို ဦးအောင်ကြီးက . . .

"ဟုတ်တယ်ဗျ. . . ခုနက ကျုပ်အနားကပ်သွားတောင် ဒီကောင်ကြီးဖြီးခနဲနေတာ. . အခုတောင်မောင်ထွန်းနိုင်ချော့သိပ်ထားလို့. . ."

ထွန်းနိုင်ဆီကငိုသံဝဲကြီးနဲ့. . .

"အို. . . အေးအေး. . . အို. . . အိုင်လပ်ဖ်ယူး မိုးသမ်းအိုင်ကန်ဆေး. . ."

ဆိုတဲ့အသံကြားရတယ်။ ဦးချက်ဖောင်းတစ်ချက်စဉ်းစားလိုက်ပြီး. . .

"ဒါဆို. . နှစ်ခွဆူးချွန်ရှိလား. . ."

သူ့အမေးကို ဦးပြားကြီးက မျက်မှောင်ကြုတ်ပြီး. . .

"ဘာလုပ်ဖို့လဲ. . ."

ဦးချက်ဖောင်းက သူ့နဖူးမှာပေကျံနေတဲ့ချွေးတွေကို သုတ်ဖယ်လိုက်ပြီး. . .

"ဖင်ကြားမှာယင်နားနေပါတယ်ဆိုမှ ထင်ရှားတဲ့သဲလွန်စလာတောင်းနေသေးတယ်မြွေခေါင်းကို နှစ်ခွဆူးချွန်နဲ့ ထောက်ပြီးဖမ်းမှာပေါ့ကွ. . ."

ဦးပြားကြီး မျက်နှာရှုံ့မဲ့လိုက်တယ်။ ဒါကို ဦးအောင်ကြီးက

"အဲဒီအကြံမဆိုးဘူး . . . မြွေခေါင်းကိုနှစ်ခွဆူးချွန်နဲ့ထောက်ပြီးဖမ်းလိုက်ရင်ဖြစ်နိုင်တယ်. . ."

"ဒါဆိုလဲ. . . နှစ်ခွဆူးချွန်နဲ့မြွေခေါင်းကိုတစ်ခါတည်းထိုး



www.foreverspace.com.mm



www.foreverspace.com.mm

လိုက်ရင်မပြီးဘူးလား. . ”

ဦးချက်ဖောင်းက . . .

“မြွေခေါင်းက အမာကွ. . . ကိုယ်ထိုးလိုက်လို့ ခေါင်းမပေါက်သွားရင် အန္တရာယ်ရှိနိုင်တယ်. . . မင်းဒါလေးတောင်မစဉ်းစားမိဘူးလား. . . ”

ဆိုပြီး ပြန်ခွပ်လိုက်တယ်။ ဦးပြားကြီးပြန်ပြောမလို့ပြင်တုန်းမှာပဲ ဆရာမက. . .

“ကဲ. . ဒီအချိန်မှာစကားများမနေကြပါနဲ့ နှစ်ခွဆူးချွန်အမြန်ရှာပေးလိုက်ပါ. . . ”

ဆိုပြီး ဖြတ်ပြောလိုက်တယ်။

“နှစ်ခွဆူးချွန် ကျွန်တော့်ဆီမှာပါတယ်. . . ”

ဖင်ပေါ့တဲ့ ဝက်ကလေးရဲ့အသံ။ နောက် သူ့လက်ထဲက နှစ်ခွဆူးချွန်ကို ဦးချက်ဖောင်းကိုလှမ်းပေးလိုက်တယ်။

ဆူးချွန်က စပါးစိုက်တဲ့ဆူးချွန်။ အလယ်သွားနဲ့ ဦးကမြဲနေတယ်။ ဦးချက်ဖောင်းက ဆူးချွန်ကိုဆလိုက်ပြီး. .

“ဆူးချွန်ကတော့အနေတော်ပဲ. . ကဲ. . သားရေ. . . ”

“ဗျာ. . . အဖေ. . . ”

သူ့အဖေရဲ့ခေါ်သံကို ထွန်းနိုင်က ကတုန်ကရင်နဲ့ပြန်ထူးတယ်။ ဦးချက်ဖောင်းက နဖူးကချွေးကိုသုတ်ပြီး. . .

“စိတ်ကိုငြိမ်ငြိမ်ထား. . ဘုရားတရားကို အာရုံပြုနေနော်”

“ဟုတ်. . ဟုတ်ကဲ့အဖေ. . . ဒါနဲ့. . . သားကဘာလို့ အာရုံပြုရမှာလဲဟင်. . . ”

ဦးချက်ဖောင်းသက်ပြင်းချလိုက်ပြီး. . .

“အဖေ . . အဖေသားကိုရက်စက်ရတော့မယ်. . သား. . ”

“ဗျာ. . . ”

www.foreverspace.com.mm





ထွန်းနိုင်ရဲ့အသံက ငိုသံကြီးနဲ့တုန်ယင်နေတယ်။

"ဟုတ်တယ်သား. . . အဖေ မြွေခေါင်းကို ဒီခွနဲ့ထိုးရလိမ့်မယ်. . . အကယ်၍များလွဲခဲ့ရင် သားရဲ့အဖြစ်ဟာ မတွေးရဲစရာပဲ သား. . ."

ဦးချက်ဖောင်းအသံကလည်း တစ်ဦးတည်းသော လက်ကျန်သားအပေါ် မေတ္တာကရုဏာနဲ့ပြည့်နှက်တုန်ယင်နေတယ်။ ဦးချက်ဖောင်းခက်ရင်းခွကို ကျစ်ကျစ်ပါအောင်ဆလိုက်ပြီး. . .

"သားအဖေ့လက်ဆကိုယုံတယ်မဟုတ်လား. . ."

"ယုံ. . . ယုံ. . . ပါတယ်အဖေရယ်. . ."

"အေး. . . မယုံရင်လည်း. . . သဗ္ဗေသတ္တာ ကမ္မသကာပေါ့ကွယ်. . ."

"ဗျာ. . . သဗ္ဗေသတ္တာ ကမ္မသကာ. . ဟုတ်လားဟင်. . အဖေခေါင်းရောမြင်လို့လားအဖေရဲ့. . ."

"မြင်ပါတယ်သားရယ်. . ဘုရားတရားသာအာရုံပြု. ."

ထွန်းနိုင်မျက်လုံးကိုမှိတ်ထားလိုက်တယ်။ သူ့အဖေစိတ်လည်းသူသိတယ်။ လုပ်မယ်ဆို ဟုတ်သည်ရှိ မဟုတ်သည်ရှိလျှော့မှာမဟုတ်ဘူး။

"ကဲ. . . စပြီ. . ."

ဦးချက်ဖောင်းခက်ရင်းခွကိုလှည့်ကစားလိုက်တယ်။ သိတယ်။ ဦးဖြားကြီးသိတယ်။ ဒါရွာကျောင်းက ကိုရင်ကြီးသင်ပေး ထားတဲ့ သိုင်းပြောင်းပြန်တုတ်သိုင်း။ ပစ်မှတ်ကိုတစ်ချက်တည်း ဆတ်ခနဲထိတဲ့နည်း။

"လာပြီသားရေ. . ."

ဆိုပြီး ဦးချက်ဖောင်းထွန်းနိုင်ဆီဆတ်ခနဲပြေးဝင်သွားတယ်။ နောက် ထွန်းနိုင်ရဲ့ပေါင်ကြားကမြွေခေါင်းကို ဆတ်ခနဲစိုက်ချလိုက်

www.foreverspace.com.mm





တယ်။

"ယစ်စ်. . ."

"ကျလိ. . ."

"အား. . ."

ထွန်းနိုင်ရဲ့အော်သံနက်နက်ကြီးထွက်လာတယ်။ ဦးချက်ဖောင်းစိုးရိမ်တကြီးနဲ့ ခက်ရင်းခွကိုပိုစိုက်ချလိုက်ပြီး. . .

"ဘာ. . . ဘာဖြစ်လို့လဲသား. . . မြွေ. . . မြွေအကိုက် ခံရပြီလား. . ."

ထွန်းနိုင်က မျက်လုံးကိုမှိတ်အံကိုကြိတ်ပြီး. . .

"မြွေ. . မြွေကိုက်တာထက်နာတယ်အဖေရဲ့. . . အား ဟား ဟား. . ."

ဆိုပြီး သူ့ခေါင်းကိုသူထု သူ့ပါးကိုသူရိုက်နဲ့ဖြစ်နေတယ်။

"အား. . . သေပါပြီအဖေရဲ့. . အား. . . ဟင်. . နန့်ချင်ဦးဟာ. . နန့်ချင်ဦးဟာ. ."

ထွန်းနိုင်ရဲ့အော်သံ။ သူ့ကိုကြည့်ပြီး ဘေးကလူတွေပါ အံကြိတ် မိကုန်ကြတယ်။

ဦးချက်ဖောင်းကလည်းလက်မှန်တယ်။ မြွေခေါင်းမှမြွေခေါင်းကို သူ့ခက်ရင်းခွနဲ့စိုက်မိနေတာ။ ထွန်းနိုင်ကသာ မျက်ရည် အရွှဲသားနဲ့သူ့ဆံပင်သူဆွဲနုတ်ပြီး. . .

"အဖေရေ. . . အဖေရဲ့. . နည်းနည်းလေးဖွပါဦးဗျ. . . အားဟားဟား. . ."

ထွန်းနိုင်ရဲ့အော်သံကြောင့် ဦးချက်ဖောင်း ပျာပျာသလဲဖြစ်သွားပြီး. .

"အာ. . . ဒီအတိုင်းဖွလို့ရမလားကွ. . ငါညှပ်ထားတဲ့မြွေခေါင်းကို မင်းဘာသာမင်းဖမ်းလိုက်. . . အဲဒီတော့မှ ခက်ရင်းခွက

www.foreverspace.com.mm





ကြွလို့ရမှာ. . . ”

ဆိုတော့ ထွန်းနိုင်က နာနေတဲ့ကြားကပဲ. . .

“ဟုတ်ကဲ့အဖေ. . သားကိုယ်တိုင်ပဲဖမ်းပါ့မယ်. . . ”

ဆိုပြီးငုံ့ကြည့်လိုက်တယ်။ မြွေခေါင်းကခက်ရင်းခွမှာ ညှပ်မိနေပေမယ့် အမြီးပိုင်းက သူ့ခါးကိုကျစ်ကျစ်ပါအောင် ဝှက်ထားတယ်။ ထွန်းနိုင် မြွေခေါင်းနေရာကို သေချာကြည့်ပြီး လှမ်းအညှစ် အဲဒီအချိန်မှာပဲဦးချက်ဖောင်းက သူ့ခက်ရင်းခွကိုအလွှတ်. . .

“အား. . . ”

သူ့အော်သံကြောင့် ဦးချက်ဖောင်းပျာပျာသလဲဖြစ်သွားပြန်ပြီး. . .

“ကိုက်ပြီလားသား. . . ကိုက်ပြီလား. . . ”

ထွန်းနိုင်ခေါင်းကိုခပ်ဖြည်းဖြည်းခါလိုက်သည်။

“အား. . . မြွေ. . မြွေကိုက်တာထက်နာတယ်အဖေရဲ့. ဟဲဟဲ. . . ဟီး. . . ”

ဆိုပြီးမြွေခေါင်းကို လုံချည်စတွေနဲ့ရောကိုင်ကာ ဖြည်းဖြည်းချင်းထလာတယ်။

“ဒါ. . ဒါဆို ဖွဖွလေးကိုင်ထားပါလားသားရယ်. . ”

“ဖွလို့ဖြစ်မလား. . အခုတောင်သူ့ပါးစပ်က ဟစိဟစိဖြစ်နေတာ. . . အား. . ”

ထွန်းနိုင် ကုန်းကုန်းကြီးနဲ့ပြန်ဖြေတယ်။

“ဒါ . . . ဒါဆိုဘယ်လိုလုပ်ကြမလဲဟင်. . . မြွေကိုအကြောဆွဲဆန့်ပြီးသတ်လိုက်ရင် မကောင်းဘူးလား. . . ”

ဦးချက်ဖောင်းရဲ့အလောတကြီးစကား. .

ဒါကိုဦးအောင်ကြီးက. .

“မဖြစ်နိုင်ဘူးဗျ. . . ဒီကောင်တွေက အဲဒီလို အကြောဆွဲ

www.foreverspace.com.mm

ဆန့်ပြီး နှစ်ပိုင်းဖြတ်လိုက်ရင်တောင် ခေါင်းသက်သက်ခုန်ထွက်ပြီး မှီရာလှမ်းဟပ်တတ်တယ်. . . ”

“ဒါ. . . ဒါဆို ဘယ်လိုလုပ်မလဲ. . ဘယ်လိုလုပ်ရမှာလဲ ဟင်. . . ”

သူ့စကားကို ဦးအောင်ကြီးကတစ်ချက်စဉ်းစားလိုက်ပြီး. . .

“အင်း. . အနီးနားကလူတွေ အားလုံးဖယ်ပြီး ခေါင်းကို ခုတ်ဖြတ်လိုက်မှ စိတ်ချရမှာ. . နို့မဟုတ်ရင်မလွယ်ဘူး. . . ”

ဦးအောင်ကြီးစကားကြောင့် ထွန်းနိုင်မျက်လုံးပြူးသွားပြီး. .

“ခေါင်းခုတ်ဖြတ်ရမယ်. . . ”

“အေး. . . အဲဒါမှ စိတ်ချရမယ်. . . ”

ဦးအောင်ကြီးထောက်ခံစကားလည်းကြားရော ထွန်းနိုင်ဟီး ခနဲငိုချလိုက်ပြီး. .

“ဟီး. . ခေါင်းခုတ်ဖြတ်ရမယ်တဲ့. . . ကျွန်တော်. . ကျွန်တော်တော့ အညွန့်တုံးပြီထင်ပါရဲ့အဖေရဲ့. . . ခုနကလည်း ခက်ရင်းခွနဲ့ဟီးဟီး. . . ”

သူ့စကားကိုဦးချက်ဖောင်းက သက်ပြင်းချပြီး. .

“ဘာတတ်နိုင်မှာလဲသားရယ် ကံစီမံရာပေါ့ဒီလိုလုပ်မှ သေချာမယ်ဆိုရင်လည်း ဒီလိုပဲလုပ်ရတာပ. . . ကိုင်း. . စဉ်းနှီတုံးသာ ရှာပေးကြပေတော့. . . ”

ဦးချက်ဖောင်းရဲ့ဆုံးဖြတ်ချက်။ အားလုံးစဉ်းတီတုံးရှာပေး ကြတယ်။ စဉ်းတီတုံးရလာတော့ ဦးချက်ဖောင်းက သူ့လက်သုံးတော် ငှက်ကြီးတောင်ဓားကို ရွှမ်းခနဲဆွဲထုတ်လိုက်ပြီး. . .

“ကဲ. . သား စဉ်းတီတုံးပေါ်သာတင်လိုက်ပေတော့. . ”

ဦးချက်ဖောင်းစကားကြောင့် ထွန်းနိုင်ဇောချွေးတွေပြိုက်ခနဲ ပြန်ကျလာပြီး. . .

www.foreverspace.com.mm





"ဗျာ. . . စင်းတီတုံးပေါ်တင်ရမယ် ဟီး. . အဖေရဲ့. . . သားကို မသနားတော့ဘူးလားအဖေရဲ့. . အဟင့်. . အဟီး. . ."

ဦးချက်ဖောင်းက သူ့ဓားကိုဆလိုက်ပြီး ဆုံးဖြတ်ချက်အပီအပြင်ချထားတဲ့မျက်နှာနဲ့

"မင်းကိုသနားလို့ ဒီလိုစီစဉ်ရတာပေါ့ . . . သားရယ် . . ကိုင်း. . ပြောနေကြာတယ် စဉ်းတီတုံးပေါ်သာတင်လိုက်ပါကွာ. ."

မတက်သာတဲ့အဆုံး ထွန်းနိုင်လုံချည်နဲ့ဆုပ်ထားတဲ့ မြွေခေါင်းကို စဉ်းတီတုံးပေါ်တင်လိုက်တယ်။ ဦးချက်ဖောင်းက လူတွေအားလုံးဘက်လှည့်ပြီး. . .

"ကဲ. . အားလုံးဒီနားကဖယ်ထားကြပါ. . . မြွေခေါင်းခုန်ထွက်လာရင် အားလုံးဒုက္ခများကုန်မယ်. . ."

သူ့စကားကြောင့် အားလုံးရှဲခနဲဖယ်ပေးကြတယ်။ အဲဒီတော့မှ ဦးချက်ဖောင်းက မြွေခေါင်းကို ဓားတင်ပြီး. . .

"ဒီလောက်ဆိုရမှာလား. . ."

"ရှေ့နည်းနည်းတိုးပါအဖေရာ. . မြွေအစွယ်ပါသွားရင် ရပါပြီ. . ."

ဦးချက်ဖောင်းက ဓားကိုရှေ့နည်းနည်းထပ်တိုးလိုက်ပြီး. .

"ဒီလောက်ဆိုရင်ရော. . ."

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ထင်တာပဲအဖေ. . . အဟင့်. . "

ဦးချက်ဖောင်းဓားကိုဆတယ်။ တကယ်ခုတ်ရမယ်ဆိုတော့ သူလည်းမခုတ်ရဲဘူး။ သူ့သားပုံကိုကြည့်ပြီး လက်တွေတုန်နေတာ။ အတန်ကြာမှ အားတင်းပြီး . . .

"ကဲ. . သားဘုရားတရားသာအာရုံပြု. . အရှက်နဲ့အသက်ကိုလဲရမှာပဲ. . . သား. . လူကဘာနဲ့အသက်ရှင်တာလဲ . . ."

"အရှက်နဲ့အသက်ရှင်တာပါအဖေ. . ."

www.foreverspace.com.mm





ထွန်းနိုင်စကားကိုဦးချက်ဖောင်းက နဖူးကချွေးကိုသုတ်သက်ပြင်းကိုချပြီး. .

"အေး. . အရှက်ကိုရစေရမယ်သား. . . မင်းအရှက်ကိုရစေရမယ်. . . ကိုင်းလဟာ. . "

ဆိုပြီး ခေါးအမြှောက် သော်တာဆီကဘုရားစာရွတ်သံ။ အသေအချာကြားလိုက်ရတာက မိန်းမများကလေးမွေးရင် ရွတ်ဖတ်ပေးရသော အင်္ဂုလိမာလသုတ်။

ဒါကြောင့် 'ဝိုး' ခနဲခေါးက အရှိန်ပြင်းစွာကျသွားတယ်။ လက်ဆကမပြောင်းဘူး။ မြွေခေါင်းမှ မြွေခေါင်း။

"ဒုတ်. . . "

လိမ့်ကျသွားသောမြွေခေါင်း။

"အား. . "

ထွန်းနိုင်ရဲ့ ငယ်သံပါအော်သံကကပ်ရက်။ ပြီးသွေးတဖြိုင်ဖြိုင်ကျနေတဲ့မြွေကြီးကိုပစ်ချလိုက်ပြီး. . .

"အား. . . "

အော်သံနဲ့အတူ အမှောင်ထဲလုံချည်မကာ ဒရကြမ်းပြေးထွက်. . . ။

■ ■ ■

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm

**အဲဒီ** ထဲက ထွန်းနိုင်ကို အိမ်ထဲကအိမ်ပြင်ကိုထွက်တာ မတွေ့ရတော့ဘူး။ သူ့အဖေ ဦးချက်ဖောင်း ပြောသလို အရှက်ရသွားလို့ထင်ပါ့။

ဒီလို့နဲ့ ဆရာမကို သူတို့အိမ်ပြန်ခေါ်ရမယ့်နေ့ရောက်လာ တယ်။

ဒါပေမယ့် လာမခေါ်ဘူး။ ဆရာမကတော့ သူတို့လာခေါ် ရင် အဆင်သင့်ဖြစ်ရအောင် အထုပ်အပိုးတွေတောင်ပြင်ထားတာ။

အဲ. . လာတော့ခေါ်တယ်။ အဲဒီအချိန်ကျတော့ ခေါ်ရမယ့် ရက်ထက်နှစ်ရက်လောက်နောက်ကျသွားတယ်။ အဲဒီအခါကျတော့ ဦးချက်ဖောင်းက ခေါင်းမေ့ရင်ကော့လို့ပေါ့။ ထွန်းနိုင်က အနောက် က ခွေးအိုကြီး ဖင်သီသလို ကုပ်ချည့်ကုပ်ချည့်နဲ့။

သူတို့နှစ်ယောက် ထုံးစံအတိုင်း စကားတော့များကြသေး



www.foreverspace.com.mm

တာပေါ့။

ထွန်းနိုင်ကတော့ ဘာမှဝင်မပြောဘူး။ တားလည်းမတား ဘူး။ ပြန်ခါနီးကျမှ သော်တာကထွက်လာပြီး အသံတိုးတိုးနဲ့ ဘယ်သူမှမကြားအောင်မေးတယ်။

"ဘယ်လိုနေသေးလဲ. . ."

တဲ့. . .။ ထွန်းနိုင်ကသက်ပြင်းကိုချ ခေါင်းကြီးတန်းလန်းချပြီးပြန်ဖြေတယ်။

"ညှော်တော့ရှောင်နေရသေးတယ်. . ."

တဲ့. . .။

"ဟူး. . . တော်သေးတာပေါ့. . ."

www.foreverspace.com.mm

**ဆရာမ** ထွန်းနိုင်တို့အိမ်ရောက်ပြီး . . . နောက်နေ့မှာပဲ ဦးပြားကြီး သူတို့အိမ်ကို စပ်ဖြီးဖြီးနဲ့ရောက်လာတယ်။ သူ့ကိုမြင်တာနဲ့ အိမ်ရှေ့မှာ ဝတ်ကောင်းစားလှဝတ်ထားတဲ့ ဦးချက်ဖောင်းကြီးမျက်နှာရှုံ့မဲ့ သွားတယ်။ နောက်ခါးကိုထောက်ပြီး. . .

"မင်းဘာလာလုပ်တာလဲဟေ့ကောင်. . . "

သူ့စကားကိုဦးပြားကြီးက အဖြေမပေးသေးဘဲ အိမ်ထဲဝေ့ကြည့်လိုက်သေးတယ်။ ပြီးမှ. . .

"ဘာမှမဟုတ်ပါဘူးကွာ. . ဆရာမနေရထိုင်ရတာအဆင်ပြေလားလို့ လာကြည့်တာပါ. . . "

သူ့စကားကြောင့် ဦးချက်ဖောင်းမျက်နှာရှုံ့မဲ့လိုက်ပြီး. . .



www.foreverspace.com.mm

"ဒါမင်းအလုပ်မဟုတ်ဘူး . . ငါ့အလုပ်ကွ . . . "

ဦးပြားကြီးက ဦးချက်ဖောင်းစကားကိုဂရုမစိုက်သလိုဟန်မျိုးနဲ့ အိမ်ထဲဝေ့ကြည့်လိုက်ပြီး . . .

"ငါသိပါတယ်ကွာ . . မင်းအလုပ်မှန်း . . . ဒါနဲ့ ကလေးမွေးထားတဲ့မိနီလေးရောနေကောင်းလား . . . "

"ဟေ့ကောင် . . မဆိုင်တာလျှောက်မပြောနဲ့ မင်းအခု ငါ့ခြံထဲက ထွက်သွား . . . "

ဒါကိုဦးပြားကြီးက မျက်မှောင်ကြုတ်ပြီး . . .

"ဟ . . . ဖြည်းဖြည်းပေါ့ဟ . . . ငါ့အိမ်တုန်းကမင်းလာပြီး မင်းအိမ်လာတော့မှ မောင်းမထုတ်ပါနဲ့ . . . "

"ဟေ့ကောင် . . မင်းအိမ်ကိုငါလာတာတစ်ခါထဲကွ . . . "

"အေးလေ . . . အခုလဲငါတစ်ခါပါပဲ . . . "

"ဟေ့ကောင်ပြားကြီး မင်းအကြံငါသိတယ် . . . ဒါမျိုးတော့ ချက်ဖောင်းခြံထဲလာပြီး ချက်ဖောင်းကိုကျောဖို့မကြံနဲ့ . . . "

"ကျောပေါင်ကွာ . . ခြေတော်လေးတင်ရုံပါ . . . "

"ဘာကွ . . ဟေ့ကောင် မင်းစကားဘာစကားလဲ . . . "

သူ့စကားကို ဦးပြားကြီး ဖြဲခနဲရယ်လိုက်ပြီး . . . .

"သြော် . . မင်းအိမ်ကပြင်ကိုပြောတယ် . . . အိမ်ကပျဉ်ကိုခြေတော်တင်ရုံလေးပဲလို့ပြောတာ . . . "

"တောက် . . . မင်းတော့လားကွာ . . ငါစိတ်ဆိုးလာရင်မလွယ်ဘူးနော် . . . "

သူတို့နှစ်ယောက်အသံကြောင့် အိမ်ထဲကဆရာမထွက်လာပြီး . . .

"သြော် . . . အိမ်ရှေ့က ဆူဆူညံညံအသံကြားကတည်းက ဦးပြားကြီးရောက်နေမှန်းသိလိုက်တာ . . . "



ဆရာမကိုမြင်တော့ ဦးဖြားကြီးမျက်နှာဝင်းလက်သွားသလို ဦးချက်ဖောင်းရဲ့ မျက်နှာမည်းတက်သွားတယ်။ အဓိက သူမကျေနပ်တာက ဒီဖြားကြီးဆိုတဲ့ကောင်ကို၊ ဆရာမလေးကခေါ်လိုက်တာကိုပဲ. . .။ ဒါကို ဦးဖြားကြီးက. . .

"ဟုတ်တယ်ဆရာမရေ . . . ဟုတ်တယ်. . . ဒီကောင်နဲ့ ကျုပ်နဲ့ကခွေးနဲ့ကြောင်လိုပဲ. . . ကျုပ်ကကြောင်. . သူတော်ကောင်းမဟုတ်လား. . . ဒီကောင်ကတစ်ချိန်လုံးကိုက်ချင်ဖွဲ့ချင်နေတာ. . "

ဦးဖြားကြီးစကားကြောင့် ဦးချက်ဖောင်းတင်းသွားပြီး. . .

"ဟေ့ကောင်. . ငါကခွေးမဟုတ်ဘူးကွ. . . "

"အေးပါ. . . မင်းကိုငါကအောင်နက်လို့ခေါ်မိလို့လားကိုင်း. . . "

"ဟေ့ကောင်. . . မင်းလွန်လာပြီနော်. . . "

သူတို့နှစ်ယောက်ကသိတယ်မဟုတ်လား။ တွေ့လိုက်တာနဲ့ အခြေအနေမကောင်းဘူး။ ဒါကို ဆရာမကပဲကြားဝင်ပြီး. . .

"ကဲ . . . တော်ကြပါတော့ရှင် . . . ဒါနဲ့ဦးဖြားကြီးက အလည်သက်သက်ပဲလား. . . "

ဆရာမရဲ့အမေးကို ဦးဖြားကြီးက ပိုင်စိုးပိုင်နင်းနဲ့ အိမ်ကပြင်ဝင်ထိုင်လိုက်ပြီး. . .

"အလည်အပတ်လည်းပါတယ်ပေါ့. . နောက်ပြီး ဆရာမဒီမှာနေရထိုင်ရတာအဆင်ပြေပါ့မလားလို့စိုးရိမ်ပြီးလာကြည့်တာလည်းပါတယ်ပေါ့. . . "

သူ့စကားကို ဦးချက်ဖောင်းက. . .

"ဒီမှာဘာမှ အဆင်မပြေစရာအကြောင်းမရှိဘူး . . . . ဟေ့ကောင်"

ဆိုပြီး ဝင်ထောက်တယ်။ ဒါကို ဦးဖြားကြီးက မသိချင်

www.foreverspace.com.mm



ယောင်ဆောင်ပြီး. . .

"ဒီမှာက ကျွန်တော်တို့ အိမ်မှာလိုအဆင်ပြေမှာမဟုတ်ဘူးလေ. . . စားရေးသောက်ရေးကအစ အိမ်မှာက သမီးမိန်းကလေးရှိတယ်မဟုတ်လား. . ."

သူ့စကားကိုဦးချက်ဖောင်းက. . .

"ဒီမှာလည်းသားယောကျ်ားလေးရှိတယ်. . . သူလည်းအကုန်လုပ်တတ်တယ်. . ."

"ဩော်. . ဒါဆို မိနီကလေးမွေးတဲ့ကိစ္စလည်း. . . ."

"ဟဲ့ကောင်. . မင်းစကားပြောရင် မိနီကလေးမွေးတဲ့ကိစ္စမပါရင်မပြောတတ်ဘူးလားကွ. . . ဟော. . ."

ဦးချက်ဖောင်းရဲ့ဒေါသတကြီးစကားကို ဦးပြားကြီးကပြုံးပြီး

"အဲဒါပဲဆရာမရဲ့. . . သည်းခံတာမှကျတော့ မိန်းကလေး နဲ့ယောကျ်ားလေးကွာတယ်လေ. . ဟော. . လိမ္မာရေးခြားရှိတဲ့ကျွန်တော့်သမီး. . ."

"လင်ပေးစားလိုက်ပေါ့. . . မင်းတို့ရွာထိပ်က ငမူးသမားကျော်ကိုအားနေတာပဲ. . ."

ဦးချက်ဖောင်းစကားကြောင့် ဦးပြားကြီး ရှုံ့ရှုံ့ရွားရွားဖြစ်သွားပြီး. . .

"ဘာကွ. . . ငါ့သမီးကိုငမူးသမားကျော်ကိုနဲ့ပေးစားရမှာလား. . ."

ဆိုပြီး ထအော်တယ်။ ဒါကို ဦးချက်ဖောင်းက. . .

"ဟုတ်တယ်ဆရာမရဲ့ သူကသူ့သမီးကို ဘယ်ငမူးသမားနဲ့မှမပေးစားနိုင်ဘူး. . . ဒါကြောင့် မြို့တက်ပြီး စပါယ်ယာရှာတာ. . ."

"ဟဲ့ကောင် မင်းစကားလွန်လာပြီနော်. . ငါ့သမီးကိုစပါယ်ယာမပြောနဲ့ ချိုချက်မကင်းတဲ့ မင်းသားနဲ့မပေးစားနိုင်ဘူးကွ

www.foreverspace.com.mm





မှတ်ထား. . . "

"အောင်မာ . . ငါ့သားကရောမင်းသမီးကိုယူမယ်မှတ်နေလား. . ."

"မယူလေကောင်းလေပေါ့. . . "

"ကောင်းမကောင်းကတော့ သူတို့နှစ်ယောက်မှသိမှာ. . "

"ဘာ. . ဟေ့ကောင်. . . "

"ကဲ . . ကဲ. . တော်ကြပါတော့ရှင်. . ရှင်တို့နှစ်ယောက်ကလည်း တွေ့တာနဲ့ရန်ဖြစ်ဖို့ချည်းပဲ. . . တစ်ခါတလေများ အေးအေးဆေးဆေးစကားပြောကြပါလား. . . "

သူ့စကားကို ဦးဖြားကြီးက. . .

"ကျုပ်ကပြောချင်ပါတယ်ဆရာမရယ်. . . ဒါပေမယ့်ဒီကောင်ကသိတယ်မဟုတ်လား. . . ခိုးသားလက်ထဲကကြက်တူရွေးလိုနှုတ်သီးကောင်းလျှာပါး. . . ကျွန်တော်ကပီယဝါစာ ချစ်ဖွယ်သောစကားလေးတွေပြောဖို့. . . "

ဦးဖြားကြီးစကားမဆုံးလိုက်ဘူး အကွက်ကောင်းစောင့် နေတဲ့ဦးချက်ဖောင်းက ရှေ့တိုးလာပြီး . . .

"ဒါဆိုလာလေ. . ငါနဲ့ခြံထောင့်သွားပြီး စကားပြောရအောင်. . . "

ဆိုပြီး လက်ဆွဲခေါ်တယ်။ ဒါကို ဦးဖြားကြီးက ယက်ကန်ယက်ကန်နဲ့ရုန်းလိုက်ပြီး. . .

"အိုး. . . မင်းနဲ့ဘယ်အချိန်ပြောပြောရတယ်ကွ. . . အခုဆရာမနဲ့ပြောလိုက်ဦးမယ်. . . "

ဆိုပြီး ဆရာမဘက်တိုးသွားတယ်။ ဒါကိုဦးချက်ဖောင်းက အတင်းပြန်ဆွဲပြီး. . .

"လာပါ. . . ဆရာမကအားတာမဟုတ်ဘူး. . . ဒီအိမ်မှာ

www.foreverspace.com.mm

အားနေတာငါတစ်ယောက်ပဲရှိတယ်. . . လာ. . ခြံထဲသွားပြီးစကား သွားပြောရအောင် ဘယ်ကစပြောချင်လဲ. . . ”

ဆိုတော့ ဦးပြားကြီးဘာမှမတတ်နိုင်တော့ဘူး။ ယက်ကန် ယက်ကန်နဲ့ဦးချက်ဖောင်းဆွဲရာနောက်ပါသွားတယ်။ မတတ်သာတဲ့ အဆုံး ဆရာမဘက်လှည့်လှည့်ကြည့်ပြီး. . .

“ဒါဆိုလည်း ကျွန်တော်ပြန်တော့မယ်ဆရာမရေ . . . ဆရာမမှမအားတာ. . အဟဲ. . . နောက်မှပဲလာတော့မယ် . . ဟီးဟီး. . ”

ဆိုပြီး မျက်နှာပြောင်တိုက်လိုက်သေးတယ်။ ဒါကို အလိုက် သိတဲ့ဆရာမလေးကပဲ. . .

“ကောင်းပါပြီရှင်. . . နောက်မှအေးအေးဆေးဆေးဆုံကြ သေးတာပေါ့. . . ”

ဆိုပြီး စကားစဖြတ်လိုက်တယ်။ ဦးချက်ဖောင်းက ဦးပြား ကြီးကိုလွှတ်မပေးသေးဘဲ. . .

“ဆရာမမအားတော့လည်းငါနဲ့ပြောလို့ရပါတယ်ကွာ. . . လာပါ. . . အေးဆေးပေါ့. . . ”

ဆိုပြီး အတင်းဆွဲနေသေးတယ်။ ဦးပြားကြီးလည်းအတင်း ရုန်းပြီး. . .

“မင်းနဲ့ကတော့ လေကုန်ခံပြီးပြောမနေတော့ဘူး. . . ငါပြန် မယ်. . . ”

ဆိုတော့မှ ဦးချက်ဖောင်းက. . .

“အေး. . . ပြန်မယ်ဆိုလည်းမြန်မြန်ပြန်. . . နောက်ငါ့အိမ် ကိုဘယ်တော့မှမလာနဲ့. . . ”

ဆိုတာကို အခွက်ပြောင်တဲ့ဦးပြားကြီးက. . .

“အေး. . . မင်းအိမ်မျိုးကို ငါကလည်းအိမ်ရိပ်တောင်နင်း

www.foreverspace.com.mm





ချင်တာမဟုတ်ဘူး. . ဆရာမလေးရှိလို့သာ ကျောင်းသားမိဘအနေနဲ့ လာရတာ. . ငါသွားမယ်”

ဆိုပြီး ဆရာမဘက်လှည့်လို့. . .

“ဆရာမ ကျွန်တော်ပြန်ဦးမယ်. . . ဆရာမ ဒီမှာနေလို့အဆင်မပြေရင် အချိန်မရွေးပြန်လာခဲ့နော်. . . ကျွန်တော်ရွာထိပ်ကကုက္ကိုပင်အောက်ကစောင့်နေမယ်. . . နော်. . နော်. . . ”

ဆိုပြီး လွမ်းလွမ်းဆွေးဆွေး ရင်ကွဲနာအပြည့်ပေးမယ့်မျက်နှာပေးနဲ့လှမ်းပြောသေးတယ်။ ဒါကို ဦးချက်ဖောင်းက. . .

“ရွာထိပ်က ကက္ကိုပင်ကသေပြီကွ. . . မင်းကဘယ်ကကုက္ကိုပင်ကစောင့်ချင်သေးလို့လဲ. . . ဟားဟား. . . ”

ဆိုပြီး လှမ်းပြောတယ်။ ဦးပြားကြီးရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး

“မင်းအသာနေစမ်းပါကွာ. . . ဒီမှာလွမ်းလွမ်းဆွေးဆွေးနဲ့ရင်ကွဲနာတွေပေးနေတာ. . . ”

ဆိုပြီး ဆရာမဘက်ထပ်လှည့်လို့. . .

“တကယ်ပါဆရာမရယ်. . ဆရာမသာပြန်လာမယ်ဆိုရင်ကျွန်တော်ကိုယ်တိုင်လှေနဲ့. . . ”

“ဟေ့ကောင် မင်းလှေကတစ်မြန်နှစ်ကတည်းကဘုန်းကြီးဆီမှ အပေါင်ဆုံးကတာကိုအကြောင်းပြုပြီးတစ်ဖက်လှည့်နဲ့ကျောင်းကိုလှူထားတာလေးဘာလေးနဲ့. . . မင်းကဘယ်လှေခိုးပြီးကြိုဦးမှာလဲ”

“ဟား . . ဒီကောင်ကွာ. . . ဆရာမ. . ဆရာမသာပြန်လာမယ်ဆိုရင် ကျွန်တော့်ကိုကြိုအကြောင်းကြားနော်. . . ဆရာမစားဖို့. . . ”

“ဘာလဲ. . . မင်းကကြက်ကြိုခိုးထားမလို့လား. . . ”

ဆိုတော့ ဦးပြားကြီးရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး. . .

www.foreverspace.com.mm





“အာ. . . ဒီကောင်တော့ကွာ. . ပြန်မယ်. . ဒါပဲ. . . ”

ဆိုပြီး ဖောက်ဖောက် ဖောက်ဖောက်နဲ့ထွက်ချသွားတယ်။

“ကြွ. . . ကြွ. . . ”

ဆိုတဲ့ ဦးချက်ဖောင်းရဲ့ အောင်မြင်ခံ့ညားတဲ့ရယ်သံကြီးက သူ့နောက် ကပ်ပါလာတုန်း။ ဆရာမက သူ့လက်ထဲရောက်နေပြီး ကိုး. . . မာပေါ့။

■ ■ ■



www.foreverspace.com.mm

**နောက်** မနက် ဝေလီဝေလင်းမှာပဲ ဦးချက်ဖောင်းအိမ်ဦး ဖြားကြီးရောက်လာပြန်တယ်။

မျက်နှာတောင်မသစ်ရသေးခင် ဦးဖြားကြီး မျက်နှာမြင်လိုက်ရတော့ ဦးချက်ဖောင်းတင်းသွားပြီး ခြေလှမ်းကျဲကြီးနဲ့ လှမ်းလာကာ. .

"ဟေ့ကောင်. . မင်းဘာလာလုပ်တာလဲကွ. . ဟေ. . ."

ဆိုတာကို ဦးဖြားကြီးက သူ့မကြည့်ဘူး။ အိမ်ထဲက ဆရာမအရိပ်အရောင်ကိုသာကြည့်ပြီးပြန်ဖြေလိုက်တယ်။

"မီးခြစ်ကျန်ခဲ့လို့. . ."

ဦးချက်ဖောင်းက သူ့ရှေ့က ကာပြီး. . .

"ဟေ့ကောင်. . ဘာမီးခြစ်မှမကျန်ဘူးကွ. . . မင်းမနေ့က ပြောတော့ ငါ့အိမ်ရိပ်တောင်မနင်းဘူးဆို. . ."

ဦးဖြားကြီး သူ့ကိုဂရုမစိုက်ဘူး။ အိမ်ထဲကိုသာ ခြေဖျား

www.foreverspace.com.mm

ထောက်ကြည့်ပြီး. . .

"အသာနေစမ်းပါ. . ."

ဆိုပြီး အိမ်ထဲက ဆရာမအရိပ်အရောင်မြင်တာနဲ့ အားရဝမ်းသာထအော်တယ်။ သူ့အသံလည်းကြားရော ဆရာမအိမ်ပြင်ထွက်လာပြီး. . .

"ဩော်. . . ဦးဗြားကြီးပါလား. . မနက်စောစောစီးစီး. . "

ဆရာမအသံလည်းကြားရော ဦးဗြားကြီး ခြေလှမ်းကျဲကြီးနဲ့လှမ်းသွားပြီး. . .

"မနေ့က မီးခြစ်ကျန်ခဲ့လို့ဗျ. . မီးခြစ်ကသိတယ်မဟုတ် လားဟင်း. . . ဟင်း. . . နောက်ပြီး. . ဆရာမကိုသတိရတာလည်းပါတာပေါ့. . အဟဲ. . ."

ဆိုပြီး အိမ်ကပြင်ရှေ့မှာဝင်ထိုင်တယ်။ ပြီးတော့ ဆရာမကိုသွားဖြဲကြီးနဲ့ပြုံးပြပြီး. . .

"ဆရာမလုပ်စရာရှိတာလုပ်ပါ. . ကျွန်တော်က အေးအေးဆေးဆေးသမား. . ဒီမှာအေးအေးဆေးဆေးနေမှာဆိုတော့ အချိန်ရပါတယ်. . "

ဆရာမက ထုံးစံအတိုင်း နှစ်လိုဖွယ်ပြုံးပြပြီး. . .

"အင်း. . ဒါဆိုလည်းခဏစောင့် ကျွန်မလုပ်စရာရှိတာလေးတွေလုပ်လိုက်ဦးမယ်. . ."

ဆိုပြီး အိမ်ထဲပြန်ဝင်သွားတယ်။ အဲဒီတော့မှ ဦးချက်ဖောင်းက. . .

"ဟေ့ကောင်. . မင်းငါ့အိမ်မှာ ဘာကိစ္စအေးအေးဆေးဆေးနေရမှာလဲကွ. . . ဟေ. . မင်းကိုဘယ်သူကခေါ်လို့ ဒီအိမ်ကိုရောက်လာရတာလဲ. . ."

ဦးချက်ဖောင်းစကားကို ဦးဗြားကြီးရှုးချင်ယောင်ဆောင်ပြီး

"မီးခြစ်. . . မီးခြစ်. . . မီးခြစ်ကျန်ခဲ့လို့ရှာပေးပါဦးကွ. . မီးခြစ်မရရင် ငါမပြန်နိုင်ဘူး. . ."

ဆိုတော့ ဦးချက်ဖောင်းကလည်းဘာမှမတတ်နိုင်တော့ဘူး။ ပုပ်သိုးသိုးမျက်နှာနဲ့ ဆောင့်ကြီးအောင့်ကြီးနဲ့ . . .

"မင်းမီးခြစ်ကဘာမီးခြစ်လဲ. . ."

ဦးပြားကြီးဟိုကြည့်ဒီကြည့်လုပ်ပြီး. . .

"ခာတ်ဆီမီးခြစ်. . . မီးစာပါတယ်. . ."

"ခာတ်ဆီမီးခြစ်ပါဆိုမှ မီးစာပါမှာပေါ့ကွ. . ဘာတံဆိပ်လဲလို့မေးနေတာ. . ."

"သြော်. . ဦးလွယ်. . ဦးလွယ်. . ."

ဦးချက်ဖောင်း ဦးပြားကြီးကို မိုက်ကြည့်ကြည့်ကာ. . .

"တောက်. . . ဘယ်လိုအလိုက်ကမ်းဆိုးမသိတဲ့ ကောင်လဲမသိဘူး. . ."

ဆိုပြီး မီးခြစ်ထရှာပေးတယ်။ မီးခြစ်ကိုရတော့ ဦးပြားကြီးရှေ့ ဒေါက်ခနဲပစ်ချပြီး. . .

"ရော့. . ဒီမှာမင်းမီးခြစ်. . ."

ဦးပြားကြီးက မီးခြစ်လှမ်းယူလိုက်ပြီး မျက်နှာဖြီးကြီးနဲ့. . .

"သြော်. . . အေး. . . ကျေးဇူးပဲ. . ."

"ဟေ့ကောင်. . . မင်းနဲ့ငါကြားမှာ ကျေးဇူးပဲဆိုတာမရှိဘူးကွ. . . မင်းကိုလည်းငါကျေးဇူးမတင်နိုင်ဘူး. . . ငါ့ကိုလည်းမင်းကျေးဇူးမတင်နဲ့. . မင်းဆီကကျေးဇူး ဆိုတာကိုလည်း မလိုချင်ဘူး. . . ကဲ. . မင်းမီးခြစ်ရပြီမဟုတ်လား. . . မင်းပြန်တော့. . ."

ဦးချက်ဖောင်းစကားကြောင့် ဦးပြားကြီးမျက်လုံးလေးကလယ် ကလယ်ဖြစ်သွားတယ်။ နောက်အိမ်ထဲကဆရာမအရိပ်အရောင်ကို ခိုးကြည့်လိုက်တယ်။ မတွေ့ဘူး။ နောက်ဘုရားခန်းက

www.foreverspace.com.mm

ကြေးစည်သံ ကြားရတယ်။ ဆရာမဘုရားရှိခိုးနေပြီ။ ဆရာမ ဘုရားရှိခိုးရင် သိပ်ကြာတတ်မှန်းသူသိတယ်။

"ဟေ့ကောင်. . . ပြန်တော့လေ. . ဘာလိုက်ချောင်းနေတာလဲ. . ."

ဆိုတော့ ဦးဖြားကြီးတွန့်ဝင်သွားတယ်။ နောက် ဦးချက်ဖောင်းကို သွားလေးဖြဲပြပြီး. . .

"မင်းကလဲကွာ. . အဟဲ. . . ငယ်သူငယ်ချင်းအချင်းချင်းတွေပဲ. . အဟီး"

ဆိုပြီး မျက်နှာချိုသွေးတယ်။ ဒါကို ဦးချက်ဖောင်းက ခါးထောက်ပြီး. . .

"ဘာအချင်းချင်းလဲ. . . မင်းနဲ့ငါနဲ့ဘယ်တော့မှ အချင်းချင်းမဖြစ်နိုင်ဘူး. . . ကြာတယ်ကွာ. . . မင်းပြန်ရင်ပြန်. . မပြန်ရင်ငါ့ပိုင်နက်ကျူးကျော်လာပြီးဖြစ်တဲ့အတွက် ငါရိုက်ထုတ်မယ်. . ."

ဦးချက်ဖောင်းစကားကြောင့် ဦးဖြားကြီးတွန့်ဝင်သွားတယ်။ ဦးချက်ဖောင်းအကြောင်းလည်းသိတယ်။ ဒီကောင်ကသူ့ရင်ခွင်ထဲရောက်ရင် မထင်ရင်မထင်သလိုလုပ်တဲ့အကောင်မျိုး။ ဒါကြောင့် သက်ပြင်းကိုချ ထိုင်ရာကထပြီး. . .

"ကဲ. . . ဒါဆိုငါသွားမယ်. . ."

ဆိုပြီး အိမ်ဘက်လှည့်ကာ အသံကျယ်ကျယ်နဲ့. . .

"ဆရာမရေ. . ကျွန်တော်သွားပြီဗျို့. . ."

ဘုရားခန်းကထွက်လာတဲ့ဆရာမရဲ့အသံက. . .

"သာဓု. . သာဓု. . . သာဓု. . ."

ဟူ၍. . .။

ကုပ်ချောင်းချောင်းထွက်သွားတဲ့ဦးဖြားကြီးနောက်ကျောကိုကြည့်ပြီး ဦးချက်ဖောင်းမြိန်မြိန်ကြီးရယ်နေလိုက်တော့တယ်။ သိတယ်



မဟုတ်လား၊ ဒီလိုခြံထဲမှာ ဒီလိုကောင်မျိုးကလှုပ်တောင်မလှုပ်ရဲဘူး။

ဒါပေမယ့် သိပ်မကြာလိုက်ဘူး။ ဦးချက်ဖောင်းမျက်နှာသစ်ပြီးရုံရှိသေးတယ် ဦးဖြားကြီးအိမ်ရှေ့ပြန်ရောက်လာတယ်။

သူ့ကိုမြင်တော့ ဦးချက်ဖောင်းပိုတင်းသွားပြီး လုံချည်မကာ

"ဟေ့ကောင်. . မင်းဘာလာပြန်လုပ်တာလဲကွ. . ဟေ"

ဆိုပြီး ခြေလှမ်းကျဲကြီးနဲ့လှမ်းသွားတယ်။ ဦးဖြားကြီးက သူ့ကိုမကြည့်ပဲ အိမ်ထဲကိုသာဝေ့ကြည့်ကာ. . .

"မီးခြစ်. . . မီးခြစ်. . . "

"ဟေ့ကောင်. . ဘာမီးခြစ်လဲကွ. . . မင်းမီးခြစ်ကို ငါပြန်ပေးပြီးပြီကွ. . အူကြောင်ကြောင်လာလုပ်မနေနဲ့. . . "

ဦးချက်ဖောင်းစကားကို ဦးဖြားကြီးက သူ့ကိုမကြည့်ဘဲ အိမ်ထဲကဆရာမလေးကိုသာ ဝေ့ရှာပြီး. . .

"မင်းပေးလိုက်တဲ့မီးခြစ်က မှားနေတာ. . . ငါ့မီးခြစ်မဟုတ်ဘူး. . . "

"ဘာကွ. . . မင်းပဲ မင်းမီးခြစ်ဆိုပြီး ယူသွားပြီးတော့. . "

ဦးဖြားကြီးက အိမ်ထဲ ခြေဖျားထောက်ကြည့်လိုက်ပြီး. . .

"အေး. . ငါလည်းအိမ်ရောက်မှကိုသိတာကွ. . သတိ . . . သတိအသက်ကြီးလာတော့သတိကသိပ်မကောင်းဘူး အိမ်ရောက်မှ ကိုသိတာ. . . ဒါကြောင့်လာပြန်လဲတာ. . . "

"မီးခြစ်ချင်းအတူတူပဲဟာ ဘာလာပြန်လဲစရာလိုလဲ. . . "

ဦးဖြားကြီးဦးချက်ဖောင်းကို တစ်ချက်ကြည့်ပြီး မျက်လုံးချက်ချင်းပြန်လွှဲကာ. . .

"ငါက ငါ့မီးခြစ်မဟုတ်ရင် မခြစ်တတ်ဘူးကွ. . . သိတယ်မဟုတ်လား. . လက်ကလည်းနုဆိုတော့"

ဦးချက်ဖောင်းလုံချည်မကာ . . .

www.foreverspace.com.mm



"မင်းတော့လားကွာ. . ဟော့ကောင်ပြားကြီး မင်းအကြွံငါသိတယ်နော်. . . "

"ဟင်. . . မင်းသိတယ်ဟုတ်လား. . ဒါဆိုကူညီပါလား ချက်ဖောင်းရာ. . . "

ဦးပြားကြီးရဲ့ဝမ်းသာအားရစကား။ ဦးချက်ဖောင်းက လက်သီးကိုဆုပ်ပြီး. . .

"ဘာလို့ကူညီရမှာလဲကွ. . မင်းကိုကူညီမယ့်အစား ငါ့ဘာသာ ငါလုပ်ယူမှာပေါ့. . . . "

အဲဒီအချိန်မှာပဲ အိမ်ထဲက ဆရာမအရိပ်အရောင်မြင်တာနဲ့ ဦးပြားကြီးကဝမ်းသာအားရပဲ. . .

"ဟော. . ဟိုမှာဆရာမ. . . "

ဆိုပြီးဆရာမကိုလက်ပြကာ. . .

"ဆရာမ. . ဆရာမ. . . ကျွန်တော်မီးခြစ်မှားလာလို့ဗျ"

ဆိုပြီးဝမ်းသာအားရထအော်တယ်။ ဒါကိုဆရာမက အိမ်ပြင် ထွက်လာတယ်။ ထဘီရင်လျားနဲ့ ပခုံးပေါ်မှာလည်း တဘက်တစ်ခုတင်ထားတယ်။

"သြော်. . . ဦးပြားကြီးပါလား. . မနက်ကစောင့်နေမယ်မှတ်တာ. . . "

"စောင့်မလို့ပဲဆရာမရဲ့. . . ဒါပေမယ့် ဒီကောင်နဲ့က သိတယ် မဟုတ်လား. . . "

ဆိုပြီး ဦးချက်ဖောင်းကိုဘေးဘက်တွန်းထုတ်လိုက်ပြီး အိမ်ထဲ ခြေလှမ်းကျဲကြီးနဲ့လှမ်းဝင်လိုက်တယ်။ ဒါကို ဆရာမက. . .

"သြော်. . ဟုတ်လား. . ဒါနဲ့အခုလာတာက. . "

ဆိုတော့ ဦးပြားကြီးပြုံးဖြီးဖြီးလုပ်ပြီး. . .

"မနက်ကမီးခြစ်မှားသွားလို့လေ. . . အဲဒါလာပြန်လဲတာ

ဆရာမကိုသတိရတာလည်းပါတာပေါ့. . . ဆရာမမှာ နေရထိုင်ရတာအဆင်ပြေပါ့မလားဆိုပြီး စိတ်ပူနေတာ. . . ဒီမှာက ကူဖော်လောင်ဖက်မိန်းကလေးမရှိဘူးလေ. . . ”

ဆရာမ ပြုံးလိုက်တယ်။ ပြီးတော့ တဘက်ကလေးကိုလုံအောင်ခြုံကာ. . .

“အဆင်ပြေပါတယ်ဦးပြားကြီးရဲ့. . . ဒီမှာကအိမ်နားကကောင်မလေးတွေလာပေးကြတယ်လေ. . . ညအိပ်ချိန်မှာတောင်ဘေးအိမ်ကဖြူဖြူလေး အဖော်အဖြစ်လာအိပ်ပေးတာ. . ထမင်းချက်တော့လည်း သူတို့ပဲကူညီချက်ပေးကြတယ်လေ. . . အခုချိုးရေပါခပ်ပေးကြလို့အားတောင်နာယူရတယ်. . . အဟင်း. . . ”

ဆရာမရဲ့စကားကြောင့် ဦးချက်ဖောင်းကော်လံထောင်တယ်။ ဦးပြားကြီးက မျက်နှာပျက်သွားပြီး. . .

“အို. . . ဒါကတော့ အမြဲတမ်းလည်းဖြစ်ချင်မှဖြစ်မှာပေါ့ဆရာမရဲ့. . . တော်ကြာဘယ်သူမှမကူညီတော့ရင် ဒီအိမ်မှာကယောက်ျားချည်းပဲနှစ်ယောက်. . . ”

ဆရာမက ရယ်ပြန်တယ်။

“ဘာမှစိတ်ပူစရာမရှိပါဘူး ဦးပြားကြီးရယ်။ ဦးချက်ဖောင်းရော မောင်ထွန်းနိုင်ရော စိတ်ရင်းကောင်းကြပါတယ်. . . ကဲ. . ပြောကောင်းကောင်းနဲ့ပြောနေလိုက်ကြတာ ရေချိုးဖို့တောင်မေ့နေပြီ. . . ခဏစောင့်နော်. . ကျွန်မရေသွားချိုးလိုက်ဦးမယ်. . . ”

ဆိုပြီး အိမ်နောက်ဖေးဘက်လှည့်ဝင်သွားတယ်။ ဆရာမက ရင်ရှားကြီးနဲ့လာထွက်ပြောတယ်ဆိုတော့ ဦးပြားကြီးလည်း ဘယ်တားသာမှာလဲ။ ဆရာမရဲ့ဝါဝင်းတဲ့ပခုံးသားလေးကို ငေးကြည့်ရင်းဒီအတိုင်းငုတ်တုတ်ကျန်ခဲ့တာ။ ဒါကို ဘေးနားကနေမင်္ဂလာယူနေတဲ့ဦးချက်ဖောင်းက. . .

www.foreverspace.com.mm

“ကဲ . . . မင်းကြားတယ်နော်. . . သူလေးခမျာဘယ်လောက်ပျော်နေတယ်ဆိုတာ. . . ငါ့ရဲ့အပြုအစုမှာယစ်မူးပြီး တစ်သက်လုံးမပြန်တော့ဘူးဆိုတာမျိုးလည်း ဖြစ်ကောင်းဖြစ်နေပါဦးမယ်ဟဲဟဲ. . . လူ့ကံဆိုတာကလည်းပြောရခက်သားကွ ငါးဆယ်ကျော်မှလည်း ကံကပေါ်ချင်ပေါ်တတ်တာ. . .”

သူ့စကားလည်းကြားရော ဦးပြားကြီးမျက်နှာရဲတက်သွား တယ်။ နောက်ကပိုကရိုအသံကြီးနဲ့. . .

“အိုး. . . မင်းနဲ့တော့နေမှာလား. . . နေမယ့်နေမယ့် အစားဆိုငါနဲ့နေမှာပေါ့. . . ငါ့ဆီမှာလည်းသူပျော်တာပဲ. . .”

ဦးပြားကြီးစကားလည်းကြားရော ဦးချက်ဖောင်းထရယ်လိုက်ပြီး. . .

“မတူဘူးလေ. . . ရုပ်ချင်းကအစကွာတယ်. . .”

ဦးပြားကြီးနေရထိုင်ရတာခက်သွားတယ်။ ဦးချက်ဖောင်းကဆက်ပြီး. . .

“ကြင်နာတတ်တဲ့မျက်လုံး. . ကရုဏာပါတဲ့အပြုံး. . အံ့သြမှင်သက်ဖွယ်ရာရနံ့. . အို. . . ပြောနေရင်ကုန်မှာမဟုတ်ပါဘူး. . . ဒါနဲ့မင်းမီးခြစ်က. . .”

ဦးချက်ဖောင်းအမေးကို ဦးပြားကြီးက သူ့အိပ်ထဲကမီးခြစ်ကိုထုတ်ပေးလိုက်ပြီး. . .

“ဒီလိုမီးခြစ်ပဲ. . . ဒါပေမယ့် မီးစာနည်းနည်းတိုတယ်. . . တစ်ခါခြစ်တစ်ခါတောက်ပဲ. . .”

ဦးပြားကြီးရစ်နေမှန်းသိတယ်။ ဒါပေမယ့် ဦးချက်ဖောင်းဘာမှမပြောတော့ဘူး။ အိမ်ပေါ်တက်သွားတယ်။ သူလည်းသူ့အကြံနဲ့သူ။ မီးခြစ်ရှာချင်ယောင်ဆောင်ပြီး ရေချိုးနေတဲ့ဆရာမကို ချောင်းဦးမှာ။

www.foreverspace.com.mm





ဦးဖြားကြီးလည်း သိတယ်။ သူ့အိမ်မှာဆရာမနေတုန်းက သူလည်းဒီလိုပဲလုပ်ခဲ့တာပဲ။ ဒါပေမယ့် ဒါက သူ့အိမ်မှမဟုတ်တာ။ ချက်ဖောင်းဆိုတဲ့ကောင်နဲ့ ပခုံးချင်းဖက်ချောင်းလို့ဘယ်ရမှာလဲ။

အတော်ကလေးကြာမှ ဦးချက်ဖောင်းမီးဖိုခန်းထဲက မျက်နှာနီနဲ့ပြန်ထွက်လာတယ်။ ရှပ်ကစပ်ဖြီးဖြီးဖြစ်နေတာကိုး။ တမင်ပြီထားတဲ့ရှပ်နဲ့။

"ကောင်းကွာ. . . မီးခြစ်ကတော့. . . "

"ရော့. . . ဒီမှာမင်းမီးခြစ်. . . "

ဆိုပြီး ဦးဖြားကြီးဆီ မီးခြစ်တစ်လုံးလှမ်းပေးလိုက်တယ်။ ဦးဖြားကြီးက မီးခြစ်ကိုကြည့်တောင်မကြည့်ဘူး။ ဆတ်ခနဲလှမ်းယူပြီး အိတ်ထဲထိုးထည့်လိုက်တယ်။ ပြီးတော့မှ ဦးချက်ဖောင်းက. . .

"ကဲ. . . မင်းပြန်တော့ ငါဆရာမနဲ့လုပ်စရာရှိသေးတယ်"

ဆိုပြီး ပိုင်စိုးပိုင်နင်းပြောတယ်။ ဦးဖြားကြီးဘာမှမတတ်နိုင်တော့ဘူး။ ဆရာမလည်းရှိမှမရှိတာ။ သူ့ကိုလည်း ဘယ်သူမှအိမ်ပေါ်ခေါ်တင်မှာမဟုတ်ဘူး။ နောက်ပြီး လူကြီးမဟုတ်လား။ ကလေးတွေလို အိမ်ရှေ့ပေရပ်နေလို့မှမဖြစ်တာ။ ဒါကြောင့် . . .

"မိုးကောင်းတုန်းရွာထားဦးပေါ့ ချက်ဖောင်းရာ. . . "

ဆိုပြီး အံကြိတ်သံကြီးနဲ့ပြောပြီး ခြေလှမ်းကျဲနဲ့ပြန်လှည့်ထွက်လာတယ်။ သူ့နောက်မှာမှ. . .

"ဟားဟား. . . မိုးကောင်းတုန်းမို့ရွာတာမဟုတ်ဘူး. . . ဖြစ်နိုင်ရင် မင်းခေါင်းပေါ်ပါ မိုးကြိုးပစ်ချချင်တာ. . . ဟားဟား . . . မိုးကြိုးရှားတဲ့ကာလမို့ပေါ့ကွာ. . . "

ဆိုတဲ့ အသံဆိုးကြီးကပ်ပါလာတာ။

■ ■ ■

www.foreverspace.com.mm

ဒီရွာက ပန်းကလေးတွေလှတာတော့ မှန်ပါတယ်ဆရာမ . . ဒါပေမယ့် ဆရာမရဲ့ အလှကိုတော့ မီမယ်မထင်ပါဘူး. . . ”

ဆရာမရဲ့ ကိုယ်သင်းရနံ့ကိုခိုးရှူရှိုက်ရင်း ဦးချက်ဖောင်း ရီဝေဝေပြောတယ်။

ဆရာမကတော့ ပြုံးတုံတုံ့မပြုံးတုံတုံ့။ နောက် အိမ်မှာဘယ်သူမှမရှိတုန်း ဆရာမနဲ့နှစ်ယောက် ခြံထဲလမ်းလျှောက်ရင်း စကားလမ်းကြောင်းနေခြင်းပါ။

“တကယ်ပါဆရာမ. . . မိုးကောင်းကင်ကြီးကလည်း သူ့ကိုယ်သူလှတယ်ပြောမှာပဲ. . . စမ်းချောင်းငယ်ကလည်းသူသာအလှဆုံးလို့ဆိုမှာပဲ. . . အဲ. . အရောင် အဆင်းမရှိတဲ့လေပြည်ကတောင်

www.foreverspace.com.mm





သူတိုက်ခတ်လိုက်မှ သဘာဝတရားဟာ ပိုလှပသက်ဝင်သွားတယ်လို့ ဆိုချင် ဆိုနေမှာပဲလေ. . . ဒါပေမယ့် ဒါတွေအားလုံးဟာ ခံစားသူအပေါ် မှာသာမူတည်မှာပဲမဟုတ်လားဆရာမ. . . ”

ဆရာမက ဘာမှမပြောဘဲ ခေါင်းငုံ့နေတယ်။ ဦးချက်ဖောင်းက ဟန်ပါပါလျှောက်လာရင်း ဘေးနားက အပွင့်မပါတဲ့အကိုင်းတစ်ခုကို ငုံ့ချိုးယူပြီး တရှိုက်မတ်မတ်နမ်းလိုက်တယ်။ အနံ့က ညှီစို့စို့ပါ။ ဒါပေမယ့် ဆရာမရဲ့စိတ်နဲ့ မွှေးတေးတေးလိုဖြစ်နေတယ်။ အိုက်တင်ကတော့ အကယ်ဒမီအိုက်တင်မျိုး။ သူချိုးထားတဲ့ အကိုင်းကလေးကို တယုတယ ခေါင်းနားထားပြီး စကားပြန်စတယ်။

“ဒီလိုပါပဲဆရာမ. . ကျွန်တော့်ရဲ့စိတ်ထဲမှာတော့ တစ်လောကလုံးဘာပြောပြော ဆရာမသာအလှဆုံးဖြစ်ကြောင်း. . . . ”

သူ့စကားမဆုံးလိုက်ဘူး။ ခြံဝမှာ ဦးပြားကြီးရဲ့မျက်နှာပြားပြားကြီး ဘွားခနဲပေါ်လာပြီး. . .

“ဆရာမနေကောင်းတယ်နော်. . . ”

ဆိုတဲ့အော်သံကြီးကြားရတယ်။ သူမျက်နှာကြီးလည်းမြင် ရော ဦးချက်ဖောင်းဖီးလ်ပျက်သွားပြီး. . .

“ဟေ့ကောင်. . . မင်းဘာလာလုပ်တာလဲကွ. . ဟေ. . ”

ဆိုတာကို ဦးပြားကြီးက ပြုံးဖြီးဖြီးနဲ့. . .

“မင်းပေးလိုက်တဲ့မီးခြစ် မှန်တယ်လို့လာပြောတာ. . . ”

ဆိုပြီး ဦးချက်ဖောင်းလက်ထဲက နှာခေါင်းနားတေ့ထားတဲ့ ကိုင်းကိုကြည့်ပြီး. . .

“ဟင်. . . ဟေ့ကောင်. . . မင်းခွေးသေးပန်းရွက်ကြီး နှာခေါင်းနားတေ့ပြီး ဘာလုပ်နေတာလဲကွ. . . အဲဒါရှူရင်ခေါင်းကိုက်ပျောက်လို့လားကွ. . . ဟေ. . ”

ဆိုတော့ ဦးချက်ဖောင်းမျက်နှာရဲခနဲဖြစ်သွားတယ်။ သူ့

www.foreverspace.com.mm

အကိုင်းကိုအသေအချာပြန်ကြည့်တော့ ဟုတ်တယ်။ သူ့ပါးစပ်နဲ့ရော၊ နှာခေါင်းနဲ့ပါ ကကျွတ်ကကျွတ်လုပ်နေတာ ခွေးသေးပန်းရွက်မှ ခွေးသေးပန်းရွက်အစစ်။ ဒါကြောင့် ညှီစို့စို့ဖြစ်နေတာ။ ခုနကသာ ဖီးလ်တက်ပြီး ဘာကိုမှအသေအချာမကြည့်မိတာ။

ဆရာမဆီကခပ်ဟဟရယ်သံကြားရတယ်။ ဒါကြောင့် သူ့လက်ထဲခွေးသေးပန်းရွက်ကို ပြန်ပဲစိုက်ထားရမလို ပစ်ပဲချရမလို ဖြစ်နေတယ်။ ဟုတ်တယ်လေ။ ကိုယ်တယုတယနမ်းလာတဲ့ပန်းကို ဒီအ တိုင်း ဘယ်ပြန်ပစ်ချရက်မှာလဲ။ ဒါပေမယ့် အရွက်ကလည်း ခွေးသေးပန်းရွက်ဖြစ်နေတော့ မပစ်ချလို့လည်းမဖြစ်ဘူး။ နောက်ဆုံးကြံရာမရတဲ့အဆုံး ရှက်လုံးလုံးပြီး ကကျွတ်ခနဲတစ်ချက်နမ်းကာ ခွေးသေးပန်းရွက်ကို အနောက်ဘက်ဝှက်လို့ တစ်ရွက်ချင်းခြွေချနေတော့တယ်။

ဆရာမကတော့ မသိလိုက်မသိဘာသာပဲ။ ဦးပြားကြီးဘက်လှည့်လို့ . . .

"ဦးပြားကြီးက အလည်သက်သက်ပဲလား. . တခြားကိစ္စရော. . . "

ဆိုပြီးလှည့်မေးတယ်။ ဒါကို ဦးပြားကြီးက. . .

"ဆိုပါတော့ဆရာမရယ်. . အလည်ပဲဆိုပါတော့. . ဆရာမကိုသတိရတာ အဓိကပေါ့. . . "

ဦးပြားကြီးစကားကြားတော့ ဦးချက်ဖောင်းမျက်နှာရှုံ့မဲ့သွားတယ်။ ဦးပြားကြီးကသာ ပြုံးဖြီးဖြီးနဲ့ သူ့ရင်ဘတ်သူဖိလို့ . . .

"ညက အိပ်မက်တွေမကောင်းဘူးဆရာမရယ်. . . ဆရာမ ဒီမှာနေရတာ အဆင်မပြေဘူးမှတ်နေလို့. . . အဲဒါ စိတ်မချလို့ ခဏခဏကိုလာကြည့်နေမိတာ. . . "

သူ့စကားကိုဆရာမက ခပ်ဟဟရယ်ပြီး. . .

"အဆင်ပြေပါတယ်ဦးပြားကြီးရယ်. . . ဒီမှာလည်း မောင်

www.foreverspace.com.mm





ထွန်းနိုင်တို့ သားအဖဂရုစိုက်ကြပါတယ်. . . ကဲ. . နေတောင် ပူနေပြီ. . . လာလေအိမ်ကပြင်မှာစကားပြောရအောင်. . . ”

ဆိုတော့ ဦးဖြားကြီးမျက်နှာ ချက်ချင်းပြီသွားပြီး. . .

“ဟုတ်ကဲ့ဆရာမ. . ဆရာမသဘောပါဆရာမ. . ဟီးဟီး ဆရာမ. . ”

ဆိုပြီး ဆရာမနောက် ကောက်ကောက်ပါအောင်လိုက်သွားတော့တယ်။ ဖြားကြီးရဲ့အပြုအမူကိုကြည့်ပြီး ဦးချက်ဖောင်းရဲ့ရင်ထဲ ချက်ချင်းလက်စားချေချင်တဲ့စိတ်ပေါက်သွားတယ်။ ဒါကြောင့် ဆရာမနဲ့ဖြားကြီးအိမ်ကပြင်ထိုင်နေတာကိုတောင် သူဝင်မထိုင်ဘဲ. . .

“ဆရာမတို့ စကားပြောနှင့်ကြနော်. . . ကျွန်တော်ဆရာမတို့စားဖို့ တစ်ခုခုစီစဉ်လိုက်ဦးမယ်. . . ”

ဆိုပြီး အိမ်နောက်ဘက်လှမ်းဝင်သွားတယ်။ ဒါကိုအလိုက်မသိတဲ့ဦးဖြားကြီးက . . .

“အားနာစရာကြီးသူငယ်ချင်းချက်ဖောင်းရာ. . ဟီးဟီး. . ဒီလိုတော့လည်းမင်းကလိမ္မာသား. . . ”

ဆိုပြီး မျက်နှာရှုံးကြီးနဲ့ဝင်ပြောတယ်။ ဦးချက်ဖောင်းကတော့ ဘာမှပြန်မပြောဘဲ ဒေါက်ဒက်ဒေါက်ဒက်နဲ့ အိမ်ပေါ်တက်သွားတယ်။ အဲဒီတော့မှ ဦးဖြားကြီးက ဆရာမဘက်ပြုံးဖြီးဖြီးနဲ့လှည့်သွားပြီး. . .

“ဆရာမ ဒီမှာနေရထိုင်ရတာ အဆင်ပြေရဲ့လား. . . မပြေဘူးထင်တယ်. . အားမနာနဲ့နော်. . . ကျွန်တော်သိပါတယ်. . . ဆရာမနေရတာအဆင်မပြေပါဘူး. . . မဟုတ်လား. . . ”

ဆိုပြီးပြောတယ်။ ဒါကို ဆရာမက သက်ပြင်းချပြီး. . .

“ပြေပါတယ်လို့ပြောနေသားပဲဦးဖြားကြီးရယ်. . . ဒီမှာဂရုစိုက်တာလွန်နေလို့တောင် အားနာယူနေရတယ်. . . ”

www.foreverspace.com.mm





"ကျွန်တော်စိုးရိမ်လို့ပြောတာပါဆရာမရယ် . . . ဒီချက်ဖောင်းတို့သားအဖဆိုတာ ကျွန်တော်တို့လိုလူကောင်းတွေမဟုတ်ဘူးဗျ. . . အဟီး. . . "

"ဟင် . . . ဟုတ်လား. . . ဦးချက်ဖောင်းပြောတော့လည်းရှင်ကလူကောင်းမဟုတ်ဘူးတဲ့. . . "

ဦးပြားကြီးရဲ့မျက်နှာမည်းတက်သွားတယ်။ သူ့စကားနဲ့သူမို့ဘာပြန်ပြောလို့ပြောရမှန်းမသိဖြစ်နေတယ်။

အဲဒီအချိန်မှာပဲ ဦးချက်ဖောင်းက ပန်းကန်လေးနှစ်ချပ်ကိုင်ပြီးပြန်ထွက်လာတယ်။

"ရပြီ ဆရာမရေ. . ရပြီ. . . ကျွန်တော်ဆရာမတို့စားဖို့ လက်ဖက်ကိုကိုယ်တိုင်သုပ်လာတာ. . . "

ဆိုပြီး သူတို့နှစ်ယောက်ရှေ့ တစ်ယောက်တစ်ပန်းကန်စီချပေးလိုက်တယ်။ ဒါကိုဦးပြားကြီးက. . .

"ဟကောင်ရ. . နှစ်ယောက်စားဖို့ကို တစ်ပန်းကန်ထဲမလုပ် ပဲဘယ့်နှယ်နှစ်ပန်းကန်လုပ်လာရတာတုံး. . . "

ဆိုပြီးမေးတယ်။ ဒါကို ဦးချက်ဖောင်းက ဆရာမပန်းကန်ကိုဆရာမဘက်တိုးကာ. . .

"ဆရာမက ရှုံ့တတ်တယ်ကွ. . . မင်းပါးစပ်ပုပ်ကြီးနဲ့စားထားတဲ့ပန်းကန် သူစားမှာမဟုတ်ဘူး. . . ဒါကြောင့် တစ်ယောက်တစ်ပန်းကန်သုပ်ပေးတာ. . . "

အဲဒီတော့မှ ဦးပြားကြီးပါးစပ် ဖြဲခနဲဖြစ်သွားပြီး. . .

"ဟုတ်သား. . . ဆရာမကအိမ်မှာနေတုန်းကတောင်တစ်နေ့ရေသုံးခါလောက်ချိုးတာ. . . ဟားဟား. . . "

ဆိုပြီး လက်ဖက်တစ်ဇွန်းကို ဆတ်ခနဲခပ်ကာ ပါးစပ်အကျယ်ကြီးဟကာ လောင်းထည့်လိုက်တယ်။ နောက်တစ်ချက်နှစ်ချက်

www.foreverspace.com.mm





ပဲဝါးကာ အမြန်မျိုချလိုက်ပြီး. . .

“ဟ. . အကောင်းဟချက်ဖောင်းရ. . . မင်းကလက်ဖက်သုပ်တဲ့နေရာမှာလည်း ပတ်ကားပါရော့လား. . .”

ဆိုပြီး နောက်တစ်ဇွန်းခပ်ပြီး ပါးစပ်ထဲ ခပ်မြန်မြန်ပစ်ထည့်လိုက်တယ်။

“အေး. . . ဆိမ့်နေတာပါပဲလားကွာ. . . လက်ဖက်ဆိုတာ အဲဒီလိုဆိမ့်နေမှကွ. . . မြေပဲတော့နိုင်ပုံရတယ်နော်. . . .”

ဦးဖြားကြီး ခေါင်းကိုစိတ်ပါလက်ပါညိတ်တယ်။

“ဟုတ်ပါ့. . ဟုတ်ပါ့. . . မင်းကိုတော့ဒီတစ်ခါချီးကျူးသဟေ့. . .”

ဆိုပြီး အာလုတ်သံကြီးနဲ့ပြောတယ်။ နောက်လက်ဖက်ကို နောက်တစ်ဇွန်းခပ်ပြီး ရှမ်းခနဲဝါးပစ်လိုက်တယ်။ ဒါကို ဦးချက်ဖောင်းက. . .

“စားသာစားဖြားကြီးရေ. . . ငါမင်းအတွက်စီစဉ်စရာရှိ တာစီစဉ်ရဦးမယ်. . .”

ဆိုပြီး အိမ်ထဲလှမ်းဝင်လိုက်တော့ ဦးဖြားကြီးက. . .

“ဟ. . ဟေ့ကောင်ရ. . . ငါဒီအိမ်မှာမအိပ်တော့ပါဘူး. . ငါ့အတွက်ဘာမှမစီစဉ်နဲ့. . .”

ဆိုပြီး ထအော်တယ်။ ဒါကို ဦးချက်ဖောင်းကပြုံးပြီး. . .

“ငါသိပါတယ်ကွာ. . . အေးအေးဆေးဆေးစားမှာသာစားစမ်းပါ. . .”

ဆိုပြီး အိမ်ထဲလှမ်းဝင်သွားတယ်။ ဒါကို ဦးဖြားကြီးက လက်ဖက်တစ်ဇွန်းထပ်ခပ်စားလိုက်ပြီး ဆရာမဘက်လှည့်လို့. . .

“ဒီကောင်က တစ်ခါတလေတော့ လိမ္မာသားဆရာမရဲ့. . အကျင့်နဲ့ရုပ်ရည်လေးပဲဖျက်နေတာ. . . ဟီး. . ဟီး. .”

www.foreverspace.com.mm



ဆိုပြီး လှည့်ရယ်ပြနေသေးတယ်။ ဦးချက်ဖောင်းကတော့ ဘာကြောင့်ရယ်မသိဘူး၊ သူ့အိမ်မှာရှိသမျှမှန်အားလုံးကို ထုတ်ပြီး မီးဖိုချောင်ဘက်မှာနေတယ်။ ကိုယ်လုံးပေါ်မှန်ချည်းပဲ လေးချပ်လား၊ ငါးချပ်လားမသိဘူး။ နောက် ကတ်ထူစာရွက်ပေါ်စာတွေရေးနဲ့အလုပ်တွေ ရှုပ်နေတာ။ သူ့ကိုကြည့်ပြီး ဦးဖြားကြီးက. . .

"ဟေ့ကောင်ချက်ဖောင်း. . . ငါဒီအိမ်မှာမအိပ်ပါဘူးကွ. မင်းအခန်းတွေ ပြင်နေစရာမလိုပါဘူး. . ."

ဆိုတာကို ဦးချက်ဖောင်းက အေးဆေးစွာပဲ. . .

"အေးပါကွာ. . ငါသိပါတယ်. . ဒါပေမယ့် မင်း ခဏနေလို့ရအောင်တော့ ပြင်ထားရသကွ. . . ဒါမှ အဆင်ပြေမှာ. . . ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို မငြိုငြင်စေချင်ဘူးလေ. . . နောက်ပြီး ကိုယ့်အိမ်မှာက ကိုယ့်စည်းကမ်းရှိတယ်လေ. . . ကိုယ့်စည်းကမ်းအတိုင်းလိုက်နာနိုင်မှ ကြိုက်တာကလား. . ."

ဆိုပြီး စာရွက်ယူပြီး အနောက်ဘက်ပြန်လှမ်းဝင်သွားတယ်။ သူ့ကိုကြည့်ပြီး ဦးဖြားကြီးက အူမြူးပြီး. . .

"အေးပါကွာ. . . ငါလည်းမင်းအိမ်ရောက်တဲ့အချိန်မှာ မင်းအိမ်စည်းကမ်းအတိုင်းလိုက်နာရမှာပေါ့. . ဟုတ်ဘူးလား. . ."

ဆိုတော့ ဦးချက်ဖောင်းပြန်ထွက်လာပြီး. . .

"မင်းသေချာတယ်နော်. . ."

ဆိုပြီး ပြန်ထွက်မေးတယ်။ သူ့လက်ထဲမှာလည်းတံတားဆောက်တုန်းကသုံးခဲ့တဲ့လော်စပီကာကြီးကိုင်လို့ ဒါကိုဦးဖြားကြီးက. . .

"သေချာပါတယ်ကွာ. . မယုံရင်ကြည့်နေ ဖြားကြီးစည်းနဲ့ကမ်းနဲ့နေတာ. . . ဒါနဲ့ နေပါဦးဒီလော်စပီကာကြီးက ငါဒီမှာအိပ်ကြောင်း အရှေ့သစ်ပင်လှကိုကြေညာပေးမလို့လား. . ."

www.foreverspace.com.mm





ဦးချက်ဖောင်းက လော်စပီကာကိုတိုင်ပေါ်တက်ချည်ရင်း. .

"ကြေညာသင့်တာ ကြေညာပေးရတာပေါ့ကွာ. . . ဒါပေ မယ့်ကြေညာရမှာကမင်းပဲဖြစ်လိမ့်မယ်. . . "

သူ့စကားကို ဦးဖြားကြီးက သွားဖြဲပြပြီး. . .

"ဘာကြေညာရမှာလဲကွ. . အခုတင်ကြေညာပေးရမလား . . ပြော. . . "

"အခုတော့မဟုတ်ပါဘူးကွာ. . ခဏနေမှပါ. . . အဲ. . ကြေညာပေးရမှာက ငါ့အိမ်မှာဘယ်လောက်စည်းကမ်းရှိကြောင်းနဲ့ မင်းကတိတည်ကြောင်းပါ. . . "

ဦးဖြားကြီးက သူ့ပေါင်သူပုတ်ပြီး ကတိတည်တဲ့နေရာနိုးတူးပါ. . . "

ဦးချက်ဖောင်းတိုင်ပေါ်ကပြန်ဆင်းလာကာခေါင်းတညိတ်ညိတ်လုပ်ပြီး. . .

"မင်းကတိတည်ပါတယ်နော်. . . "

ဆိုတော့ ဦးဖြားကြီးက အလိုကျသလိုပြုံးပြီး. . .

"တည်ပါတယ်ကွာ. . တည်ပါတယ်. . . ဖြားကြီးက ကတိသမားပါ. . . "

ဆိုပြီး သူ့ရင်ဘတ်ကို တဗုန်းဗုန်းထုတယ်။ ဦးချက်ဖောင်းက ပြုံးဖြီးဖြီးလုပ်ပြီး. . .

"အေး. . မင်းစကားမင်းမှတ်မိရင်ပြီးတာပါပဲ. . "

လို့ပြောကာ အိမ်ထဲပြန်ဝင်သွားတယ်။ ဒါကို ဦးဖြားကြီးက သူ့ရှေ့ပြောင်နေတဲ့ လက်ဖက်ပန်းကန်ကိုကြည့်ပြီး တဟဲဟဲနဲ့ရယ်ကာ

"ဒီကောင်ကဒီလိုပဲ ဆရာမရဲ့. . ကျွန်တော့်ဆိုချစ်တာ နွဲ့ဆိုးကိုဆိုးတာ. . . တစ်ခါတလေကျတော့လည်း အူကြောင်ကြောင်နဲ့

www.foreverspace.com.mm



ဘာတွေလျှောက်ပြောမှန်းမသိဘူး. . . ကျုပ်တို့က ရင့်ကျင့်တည်ငြိမ် သူတွေဆိုတော့. . . တစ်ခါတလေ စိတ်နဲ့အခန့်မသင့်တဲ့အခါကျ တော့လည်း ငေါက်မိငန်းမိတာပေါ့. . ဒီကောင်က ကျွန်တော့်ကိုတော့ ကြောက်တယ်ဗျ. . . ပြောရမယ်ဆို ချစ်ကြောက်ရိုသေပေါ့ . . ဗျာ”

“ဂွီ. . . ”

“ဟာ. . ”

သူ့စကားမဆုံးလိုက်ဘူး။ သူ့ဗိုက်ထဲကမြည်လာတဲ့ ဂွီသံ ကြောင့်လန့်သွားတယ်။ နောက်ကြောင်တောင်တောင်နဲ့ ပတ်ဝန်းကျင် ကိုဝေ့ကြည့်တယ်။ ပတ်ဝန်းကျင်ကအငြိမ်။

“ခုနကစကားပြန်ဆက်ရဦးမယ်. . . ”

“ဂွီ. . . ”

“ဟာ. . ”

သူ့ဗိုက်ထဲကမှ သူ့ဗိုက်ထဲကအစစ်။

သိပြီ. . . ဒါဝမ်းပျက်ရင်ဖြစ်တတ်တဲ့အသံ။ ချက်ချင်းသူပြန် စဉ်းစားလိုက်တယ်။ ဒီနေ့ဘာအစားမှားလဲလို့။ ဘာမှမမှားဘူး။ မနက် ကတည်းက ထမင်းပူပူလေးနဲ့ ငါးခြောက်ဖုတ်ဆီဆမ်းလေး ပဲစားလာတာ။ ဒါဆို. . ဒါဆို. . . ။

ဦးချက်ဖောင်းချကျွေးတဲ့လက်ဖက်ပန်းကန်ကိုပြန်ကြည့်မိ တယ်။

“ဟာ. . . တောက်. . . ဒါကြောင့်ခါးပါတယ်ထင်နေတာ”

ကြောက်စိတ်က နားထင်မှာ ဒုန်းခနဲလာစောင့်တယ်။ နောက်အကပ်အသပ်ကျန်နေတဲ့လက်ဖက်ပန်းကန်ကြား တစ်ခုခု တွေ့နိုးနိုး ဖွေရှာကြည့်သည်။ တွေ့ပြီ လက်ဖက်ပန်းကန်ထဲက မည်းမည်းအလုံးလေး တွေ။ ရုတ်တရက်ကြည့်ရင် မြေပဲလေးလိုလို။ အသိစိတ်ကနားထင်ကို ဒိုင်းခနဲလာဆောင့်တယ်။

www.foreverspace.com.mm





ချက်ဖောင်းယုတ်မာပြီ။

အဲဒီအတွေးနဲ့အတူ သူ့ဗိုက်ထဲက ဂွီခနဲအသံထပ်ကြားတယ်။ ချက်ချင်းပဲ သူ့နားထင်က ဇောချွေးတွေ စိမ့်ထွက်လာတယ်။ ရင်ထဲမှာ လည်း ပျို့ချင်သလိုအန်ချင်သလိုဖြစ်လာတယ်။ လူက လည်းတောင် ဘက်ထပြေးရမလို၊ မြောက်ဘက်ထပြေးရမလိုဖြစ်နေတယ်။ ဘယ်မှုလည်းမပြေးရဲဘူး။ ဒီဆေးက ပြေးရင်လည်း မလွတ်မှန်းသူသိတယ်။ ဆရာတော်ဘုရားကြီးလက်ကိုင်ထားတဲ့ သိပ္ပလေခဆေး။ ဆရာတော် ဘုရားတောင် တစ်နှစ်တစ်ခါ လူလစ်မှစားတာ။ ဒါကြောင့် သူဘယ် မှမထရဲတာ။ သူ့ကိုကြည့်ပြီး ဆရာမက. . .

"ဘာဖြစ်လို့လဲ ဦးဖြားကြီး. . ."

ဦးဖြားကြီးက နှာခေါင်းနားသီးနေတဲ့ ဇောချွေးကို ပလောက်ခနဲသုတ်ဖယ်လိုက်ပြီး. . လက်ညှိုးကိုတောင်လိုလိုမြောက်လိုလိုထိုးကာ

"ချက်ဖောင်း. . ချက်ဖောင်း. . အောင်မလေး. . ."

ဆိုပြီး ထအော်တယ်။ နောက် သူ့ဗိုက်သူနှိပ်ပြီး. . .

"ချက်ဖောင်း. . ချက်ဖောင်း. . အိမ်. . . အိမ်သာ. . ."

ဆိုပြီး ထအော်ယူရတယ်။

သူ့အသံလည်းကြားရော ဦးချက်ဖောင်းအိမ်ထဲကနေ တစ်လှမ်းချင်းလှမ်းထွက်လာပြီး. . .

"ဘာတွေအော်နေတာလဲကွ. . ."

သူ့စကားကို ဦးဖြားကြီးက ထိုင်ရမလို ထရမလိုနဲ့ သူ့နဖူးက ဇောချွေးတွေကို သုတ်ဖယ်ပြီး. . .

"ဘာအော်ရမှာလဲကွ. . . မင်း. . . မင်းဒုက္ခပေးထားတာ . . မင်းသိတယ်. . . အိမ်သာ. . . အိမ်သာ. . . ဘယ်မှာလဲ အိမ်သာ. . ."

ဆိုတော့ ဦးချက်ဖောင်းကြီးပြုံးလိုက်ပြီး. . .

www.foreverspace.com.mm





"ပြမှာပါကွ. . . ဒါပေမယ့်. . မင်းကတိအတိုင်း ငါ့အိမ်ရဲ့ စည်းမျဉ်းစည်းကမ်းကိုလိုက်နာနိုင်မှ အိမ်သာကိုပြပေးနိုင်မယ်. . "

ဦးပြားကြီး သူ့ဗိုက်သူနှိပ် မျက်နှာကိုရှုံ့မဲ့ပြီး. . .

"ဒီအချိန်မျိုးမှာ ဒီလိုစကားမျိုးပြောနေဖို့မလိုပါဘူးကွာ. . . ဒီဆေးမျိုးက ဘယ်လောက်ထိအစွမ်းထက်တယ်ဆိုတာ မင်း. . မင်း သိပါတယ်ချက်ဖောင်းရာ. . . "

ဦးပြားကြီးရဲ့အသံက ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်လာတယ်။ ဦးချက်ဖောင်းကတော့ အိမ်ပေါက်ဝလေးမှာ အေးအေးဆေးဆေး ဆောင့်ကြောင့်လေးထိုင်ပြီး. . .

"ငါသိတယ်လေ၊ ဒါကြောင့် မင်းကိုကတိတောင်းနေတာပေါ့"

ဦးပြားကြီးခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်ပြီး . . .

"အေးပါကွာ. . ကတိပေးပါတယ်ကွာ. . အား. . ဒီအချိန်မျိုးမှာအိမ်သာပဲအရေးကြီးပါတယ်ကွာ. . . အိမ်သာသာမြန်မြန်ပို့ပေးပါကွာ. . အား. . ထွက်ထွက်. . "

ဆိုတော့မှ ဦးချက်ဖောင်းက. . .

"မင်းကတိတော့တည်ပါတယ်နော်. . . "

"တည်. . တည်ပါတယ်ကွာ. . . "

ဆိုတော့မှ ဦးချက်ဖောင်းက ဖြည်းဖြည်းလေးထပြီး. .

"ကဲ. . လာ. . "

ဆိုပြီး အိမ်ထဲလှမ်းဝင်သွားတယ်။ ဦးပြားကြီးကဟန်တောင် မဆောင်နိုင်တော့ဘူး။

"လာပါပြီကွာ. . . လာပါပြီ. . . "

ဆိုပြီး ဦးချက်ဖောင်းနောက်တင်ပါးလေးပိတ်ပြီး လိမ်ကျစ် လိမ်ကျစ်နဲ့ထအထွက် သူ့ကိုကြောင်ငေး ကြည့်နေတဲ့ဆရာမဘက် လှည့်ပြီး . . .

www.foreverspace.com.mm





"ဆရာမ. . . ကျန်တဲ့ကိစ္စဆို ကျွန်တော်ဟန်ဆောင်နိုင်ပါတယ်ဗျ. . . ဒါ. . ဒါပေမယ့်. . ဒီကိစ္စတော့ အားး. . သွားခွင့်ပြုပါဦး ဒီအချိန်မှာ ဆရာမကနံပါတ်နှစ် အိမ်သာကနံပါတ်တစ်ဦးစားပေးဖြစ်သွားပြီ. . . ခွင့်လွှတ်. . . အားး. . အောင်မလေး. . . "

ဆိုပြီး တင်ပါးကိုကျစ်ပြီး အိမ်ပေါ်ကို ဒရောသောပါးနဲ့ပြေးတက်သွားတယ်။ သူအိမ်ပေါ်ရောက်တော့ အိမ်သာတံခါးဝမှာဦးချက်ဖောင်းကစောင့်နေသည်။ သူ့ကိုမြင်တာနဲ့ဦးချက်ဖောင်းကအိမ်သာတံခါးဝကိုကိုင်ပြီး. . .

"ငါ့အိမ်မှာ ငါချမှတ်ထားတဲ့စည်းကမ်းအတိုင်းလိုက်နာမှနော်"

ဦးဖြားကြီးက ဖောချွေးတွေကို လုံချည်နဲ့မသုပ်ပြီး ကပိုကရိုအသံကြီးနဲ့. . .

"အေး. . အေးပါကွာ. . ငါလိုက်နာပါမယ်. . ငါကတိပေးပါတယ်. . တံခါးဖွင့်တော့နော်. . . "

"အေး. . . ဒါဆိုလည်းပြီးရော. . . "

ဆိုပြီးမှ ဦးချက်ဖောင်းတံခါးကို လူတစ်ကိုယ်စာဟပေးလိုက်တယ်။ ဦးဖြားကြီးလည်း ဟထားတဲ့တံခါးဝကနေ ဖောနဲ့လှစ်ခနဲပြေးဝင်လိုက်တော့ . . .

"ဟင်. . . "

မြင်ရတဲ့မြင်ကွင်းကြောင့် သူလန့်သွားတယ်။ အိမ်သာထဲမှာအိမ်သာပတ်လည်ကပ်ထားတဲ့ ကိုယ်လုံးပေါ်မှန်ကြီးတွေ။ သူလုံချည်မဖို့လုပ်ပြီး မမရဲဘူးဖြစ်သွားတယ်။

ဟုတ်တယ်လေ။ ဘယ်သူမဆို အိမ်သာတက်ချိန်ရုပ်ပျက်ဆင်းပျက်ရုပ်ကြီးကို ဘယ်ပြန်ကြည့်ချင်မှာလဲ။ ဒါပေမယ့် ဦးဖြားကြီးကတော့ မတတ်နိုင်ဘူး။ မကြည့်ချင်လည်းကြည့်ရမယ့် အနေ

www.foreverspace.com.mm



အထားရောက်နေပြီကိုး။ အနောက်လှည့်ပြီး အိမ်သာခွက်ပေါ် ဆောင့်ကြောင့်ထိုင်လိုက်တယ်။

"အလို. . . "

သူ့မျက်စိရှေ့ရေးထားတဲ့စာတန်းကို ကြည့်ပြီးလန့်သွားတယ်။ ရေးထားတာက. . .

"ရှူး. . . တိုးတိုးတဲ့. . . "

ဝမ်းပျက်နေပါတယ်ဆိုမှ ဘယ်လိုတိုးတိုးလုပ်လို့ရမှာလဲ။ နဖူးကဇောချွေးတွေကို သုတ်ပြီးထိုင်ရမလို ထရမလိုဖြစ်နေတယ်။ အဲဒီအချိန်မှာကြားရတဲ့ ဦးချက်ဖောင်းအသံက. .

"ဟေ့ကောင်. . . စာတန်းရေးထားတယ်နော်. . အဲဒီအတိုင်းလုပ်. . . မလုပ်ရင် မင်းဘယ်လောက်အသံကျယ်ကြောင်း ဆရာမကို ပြန်ပြောပစ်မယ်. . . ဟင်းဟင်း. . . "

"ဟင်. . . "

ဦးချက်ဖောင်းရဲ့အသံကြားတော့ ဦးပြားကြီး ပိုပြီးမျက်လုံးပြူးသွားတယ်။ ဒီကိစ္စ ဆရာမကိုဘယ်ပြောလို့ဖြစ်မတုံး။ ပြောလိုက် ရင် အရှက်ကဖျန်းဖျန်းကွဲပြီ။ ဒါနဲ့ ဘာလုပ်ရမှန်းမသိ၊ ဘေးဘီဝေ့ကြည့်လိုက်တော့. . .

"ဟာ. . . "

နောက် စာတန်းတစ်ခု။ ရေးထားတာကထိတယ်။

"ဆန္ဒကို သိက္ခာနဲ့ထိန်းပါ"

အဲဒီအချိန်မှာထွက်လာတဲ့ ဦးချက်ဖောင်းအသံက. . .

"ဟေ့ကောင်. . ဆန္ဒကို သိက္ခာနဲ့ထိန်းနော်. . ဟင်းဟင်း. . မထိန်းလို့ကတော့ ဆရာမနားနဲ့ဆတ်ဆတ်ကြားစေရမယ်. . . "

ဦးချက်ဖောင်းစကားကြောင့် ဦးပြားကြီးပိုငိုချင်သွားတယ်။ ဒါကြောင့် ငိုသံဝဲကြီးနဲ့. . .

www.foreverspace.com.mm





"ဒီအချိန်မှာ ဆန္ဒကိုသိက္ခာနဲ့ ဘယ်လိုထိန်းလို့ရမှာလဲကွ. . ဒီမှာက. . ဒီမှာက. . . အလို. . . "

သူ့စကားမဆုံးလိုက်ဘူး။ ခြေထောက်က ဂွတ်ခနဲ တစ်ခုခုကို တိုက်မိလိုက်သလိုဖြစ်လို့ ငုံ့ကြည့်လိုက်တော့. . .

"ဟင်. . . မိုက်. . မိုက်ခွက်ကြီး. . . "

ဟုတ်တယ်။ ခြေရင်းမှာချထားတဲ့ တရုတ်ပြည်ဖြစ်မိုက်ခွက် အစစ်ကြီး။ ဦးပြားကြီး နဖူးကချွေးတွေပြိုက်ခနဲပြန်ကျလာတယ်။

မဖြစ်ဘူး. . . သူအိမ်သာတက်လို့မဖြစ်ဘူး။ သူအိမ်သာ တက်ရင် သူ့အသံကိုအပြင်က လော်စပီကာနဲ့တစ်ရွာလုံးအတိုင်းသား ကြားနေရလိမ့်မယ်။ အခုတောင် သူ့ဖရိုဖရဲမျက်နှာသူပြန်မြင်နေရပြီ။ လူကအောင့်လည်းမအောင့်နိုင်တော့ဘူး။ ဒါကြောင့် အိမ်သာထဲကနေ 'ဝုန်း' ခနဲခုန်ထွက်ပြီး . . .

"ချက်ဖောင်း. . သောက်ကျင့်ယုတ်. . . "

လို့ အသံကျယ်ကျယ်နဲ့အော်ပြီး. .

"အား. . "

ဆိုတဲ့မြည်သံဆွဲနဲ့အတူ အိမ်ပေါ်ကနေ ဆရာမကိုတောင် နှုတ်မဆက်နိုင်တော့ဘဲ သူ့အိမ်ဘက် ဒုန်းစိုင်းပြေးထွက်သွားတော့ တာ။ သူ့နောက်မှာ ခွေးတွေတစီစီနဲ့လိုက်သွားကြတယ်။ ဆရာမက တော့ သူ့ကိုတစ်လှည့် လက်ဖက်ပန်းကန်ကိုတစ်လှည့်ကြည့်ပြီး နားမ လည်နိုင်စွာကျန်ခဲ့တယ်။ ဦးပြားကြီးခမျာ သူ့အိမ်တောင်မရောက်ရှာ ပါဘူး။ ရန်လိုချောင်းလေးထဲခုန်ချပြီး ကျီးကြည့်ကြောင်ကြည့်နဲ့ဖြစ် နေတော့တယ်။ လေးနာရီလောက်တောင်ကြာတယ်ပြောတယ်။ ကမ်း ပေါ်ကခွေးတွေကတော့ မျှော်လင့်ချက်တောက်ပတဲ့မျက်လုံးမျိုးနဲ့ သူ့ကိုစိုက်ကြည့်နေကြလေရဲ့။

နောက်တစ်နေ့မှ ဦးပြားကြီးနွမ်းလျှတဲ့မျက်နှာမျိုးနဲ့ ဦးချက်



www.foreverspace.com.mm

ဖောင်းအိမ်ပြန်ရောက်လာတယ်။ ဒါနဲ့ ဆရာမကိုမေးကြည့်တော့. . .

"ဆရာမ . . . မနေ့ကလက်ဖက်စားပြီးဝမ်းမသွားဘူးလား"

ဆရာမ ခေါင်းခါလိုက်ပြီး. . .

"ဟင့်အင်း. . မသွားပါဘူး. . ."

သေချာပြီ။ ဒါကြောင့် ချက်ဖောင်းသူ့အတွက်သီးသန့်တစ်ပန်းကန်၊ ဆရာမအတွက်တစ်ပန်းကန်ချပေးခဲ့တာ။

"ဆရာမ. . ဟိုလေ. . . ဒီက အိမ်သာထဲမှာ ကိုယ်လုံးပေါ်မှန်ကြီးတွေရှိလား. . ."

ဆိုတော့ ဆရာမမျက်မှောင်ကြုတ်သွားပြီး. . .

"ဟယ်. . . ပေါက်ကရ. . ဘယ်ရှိမှာလဲ. . ."

"ဒါဆို 'ရှူးတိုးတိုး' တို့ 'ဆန္ဒကိုသိက္ခာနဲ့ထိန်းပါ' တို့ ဆိုတဲ့ စာတန်းရောရှိလား. . ."

သူ့အမေးကို ဆရာမက ခေါင်းကို သွက်သွက်ခါပြီး. . .

"မရှိပါဘူး. . ဘယ့်နှယ့်ရှိရမှာလဲ. . ."

"ဒါဖြင့် မိုက်ကရိုဖုန်းရော. ."

"ဟင့်အင်း. . . ဘာမှကိုမရှိဘူး. . . ရှင်ဘာတွေလာမေးနေတာလဲ. . ."

ဦးဗြားကြီး မျက်နှာကြီးမဲ့ လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီး. . .

"တောက်. . ချက်ဖောင်းသောက်ကျင့်ယုတ် အယုတ်တမာကောင်. . ."

ဆိုပြီး သူ့အိမ်ဘက် ခပ်လေးလေးပြန်ချသွားတော့တယ်။ ဆရာမက နားမလည်နိုင်တဲ့မျက်လုံးမျိုးနဲ့ ဦးဗြားကြီးကို ငေးကြည့်ရင်းကျန်ခဲ့တော့တယ်။

■ ■ ■

www.foreverspace.com.mm

**လေပြည်** ကအေးနေတယ်။ သစ်ပင်ကလေးတွေက နွဲ့နေတယ်။ တောတန်းကစိမ်းလန်းနေတယ်။ ဆရာမက လှနေတယ်။ ရာသီဥတုကသာယာနေတယ်။ ဦးချက်ဖောင်းနှာခေါင်းက နီနေတယ်။ ဦးချက်ဖောင်းမြင်နေရတဲ့ ပန်းပင်တွေကို မကြည့်နိုင်ဘူး။ ယောကျ်ားဆောင်းဦးထုပ်ကလေးနဲ့ ချွေးလေးတွေ စို့နေတဲ့ဆရာမကိုပဲ မျက်တောင်မခတ်တမ်းနေတယ်။

ဆရာမက ဒီနေ့မှ သူတို့ရွာမှာ တစ်ခါမှမမြင်ဖူးတဲ့ ဂျင်းဘောင်းဘီအကျပ်ကလေးဝတ်ထားတယ်။ တောထဲတောင်ထဲသွားမှာဆိုတော့ လှုပ်ရှားရတာလွယ်ကူအောင်ထင်တယ်။ နောက်ပြီး သူ့လက်ထဲမှာလည်း မှတ်စရာစာအုပ်ကလေးနဲ့ မှတ်သားစရာရှိတာတွေကို မှတ်သားနေတယ်။ ဦးချက်ဖောင်းကတော့ ဆရာမ လိုချင်တဲ့ပန်း

www.foreverspace.com.mm



ကလေးတွေခူးပေး၊ သစ်ပင်လေးတွေဆိတ်ပေးနဲ့ ကြည်နူးနေတာ။

တစ်ခါတစ်ခါများ ဆရာမအနားကပ်သွားလိုက်ရင် ဆရာမ ဆီက ပျံ့လွင့်လာတဲ့ကိုယ်သင်းနံ့က နင့်ခနဲ၊ လှိုက်ခနဲ။ ဦးချက်ဖောင်း ကြီးကတော့ အဲဒီကိုယ်သင်းနံ့ကိုခိုးရှူရင်း 'နင်တော့လားကွာ' ဆို တဲ့စိတ်ကရင်ထဲက ကျလိကျလိနဲ့ဖြစ်နေတယ်။ ဒါပေမယ့် သက်ကြီး ပီပီဖြစ်ချင်စိတ်ကိုမျိုသိပ်ပြီး ဆရာမငေ့ကြည့်လိုက်တိုင်း တော်သလင်း လမှာတောင် ဘယ်ခွေးမမှစိတ်မဝင်စားတဲ့ ခွေးထီးရုပ်မျိုးလုပ်ပြီး မျက် လုံးကလယ်ကလယ်နေတာ။

သူ့ခမျာလည်း တစ်သက်လုံးအသုံးမချခဲ့တဲ့ မျက်ပေတုန်း ကြီးကို မှိုင်းကညို့မှိုင်းကညို့လုပ်ဖို့ဆိုတာ မလွယ်ဘူးလေ။ အချစ် ဆိုတာ ကြုံခဲ့ရဖူးတာမဟုတ်ဘူး။ အခုဆရာမနဲ့တွေ့မှ သူ့စိတ်တွေ ဖိုးသိုးဖတ်သပ် ဖောက်ဖောက်လာတာ။ ဘယ်သူဖြစ်ဖြစ်ပေါ့ ဒီလို ပတ်ဝန်းကျင်မှာလှတပတဆရာမနဲ့ အိုရမယ်ဆို လူတိုင်းအိုချင်သေး။ ဦးချက်ဖောင်းကရော ဘာသားနဲ့ထုထားတာမို့လဲ။ ပင်စင်ထု၊ ပုထု ဇဥ်ပဲ။ ရမယ်ဆိုလို့ကတော့. . .။

ဒါကြောင့် ဒီနေ့တောတက်ဖို့တောင် သားတော်မောင် မောင် ထွန်းနိုင်လိုက်မယ်ဆိုလို့ မနည်းပထုတ်လာတာ။ ကလေးရှေ့ ကျတော့ မအိုကောင်းဘူးလေ။ နှစ်ယောက်ထဲကျတော့ ဟီဟိ။ ဟုတ်ဘူးလား။

"ဦးချက်ဖောင်း ဟိုးနားကပန်းလေးခူးပေးပါဦး. . ."

ဆရာမရဲ့အသံကြောင့် ဦးချက်ဖောင်းအသိပြန်ဝင်သွား တယ်။ နောက် ဆရာမရဲ့ဦးချက်ဖောင်းဆိုတာကြီးကြောင့် နင်သွား တယ်။ ဟုတ်တယ်လေ။ ဦးချက်ဖောင်းဆိုတာကြီးက လှတပတမှမ ရှိတာ။ ဒါကြောင့် သူတစ်သက်လုံးစိတ် ကူးယဉ်ခဲ့တဲ့နာမည်ကို ဖော် ထုတ်ပြီးပြောလိုက်တယ်။

www.foreverspace.com.mm





"ကိုယ့်နာမည်အရင်းကစိုးသက်ခိုင်ပါဆရာမရဲ့၊ ဒီရွာမှာက အဲဒီလိုနာမည်မျိုးပေးဖို့ကမလွယ်ဘူးလေ. . ချက်ဖောင်းနေရင်ချက် ဖောင်း အရှက်နည်းတဲ့မျက်နှာပြားကြီးဖြစ်နေရင် ပြားကြီးစသည်ဖြင့် လွယ်လွယ်ကူကူ ခေါ်လိုက်ကြတာ. . ."

ဦးချက်ဖောင်းက ပန်းလေးခူးပြီး ဆရာမဆီလှမ်းပေးတယ်။ ပြီးမှ ပြုံးဖြီးဖြီးနဲ့ . . .

"အမှန်ဆိုရင် အခုလောကမှာ ဆရာမက ကျွန်တော့်ကို ကိုစိုးလို့ခေါ်နေရမှာ. . ."

ဆရာမက ပန်းပွင့်ကိုလှမ်းယူပြီး သူ့စာအုပ်ထဲ မှတ်စရာရှိ တာမှတ်ကာ. . .

"ဟုတ်ကဲ့ ဦးစိုး. . ."

တဲ့. . .။ ဆရာမရဲ့ အသံကြားတော့ ဦးချက်ဖောင်းနင်သွား တယ်။ သူကအသားယူပြီး ကိုစိုးလုပ်ချင်တာ။ ဟိုကဦးစိုးဆိုတော့ ဘာ ထူးမှာလဲ။ ဒါကြောင့်. . .

"အေးလေ. . . ချက်ဖောင်းက. . . ချက်ဖောင်းပဲ ကောင်း ပါတယ်. . . ဘယ်လိုပဲ စိုးသက်ခိုင်ပြောင်းပြောင်း နောက်ဆုံးတော့ ချက် ဖောင်းကချက်ဖောင်းပဲဖြစ်တာပဲ မဟုတ်လား. . ."

ဆရာမကလှည့်မကြည့်ဘူး။ သူ့အလုပ်သူလုပ်ရင်း. . .

"ဟုတ်ကဲ့. . . ဦးချက်ဖောင်း. . ."

ဒါကိုဦးချက်ဖောင်းက ပြောရင်းပြောရင်းစျာန်ဝင်သွားပြီမို့ သူလိုချင်တာတွေကိုဆက်ပြောတယ်။

"အေးဗျာ. . . ကျုပ်မလည်း ချက်ဖောင်းမုဆိုးဖိုဘဝနဲ့ နေ လာတာ. . . သားမောင်ထွန်းနိုင်နှစ်ခါလည်ကျော်ကျော် မိအေးဆုံး ကတည်းကပေါ့. . ."

"သြော်. . ."

www.foreverspace.com.mm





ဆရာမက ပန်းပွင့်လေးတွေကြည့်လိုက်၊ စာအုပ်ပေါ်မှတ်လိုက်လုပ်ရင်း ထောက်ခံတယ်။

"ကြာတော့လည်းလည်း ဒီလိုဘဝကြီး ငြီးငွေ့လာတယ်. . . ဆရာမရဲ့. . . "

"ဘုန်းကြီးဝတ်လိုက်ပါလားဟင်. . . "

"အင်. . . "

ဆရာမရဲ့စကားကြောင့် ဘာဆက်ပြောရမှန်းမသိဖြစ်သွားတယ်။ သူဦးတည်ချင်တာက မင်္ဂလာဆောင်ဘက်။ ဆရာမပြန်ပြောနေတာက ရဟန်းဘောင်ဘက်။ တခြားစီမှတခြားစီဖြစ်နေတယ်။

"မဟုတ်ဘူးလေဆရာမရဲ့ ကျွန်တော်ဆိုလိုတာက. . . "

"ဟိုဘက်ကပန်းလေးခူးပေးပါဦး. . . "

သူ့စကားမဆုံးမီ ဆရာမကလက်ညှိုးလေးထိုးပြီးပြောတယ်။ ဦးချက်ဖောင်း အောင့်သက်သက်နဲ့ပန်းတစ်ပွင့်ထပ်ခူးပေးရတယ်။ ပြီးတော့ စကားပြန်ဆက်တယ်။

"ကျွန်တော်ဆိုလိုတာက ဒီလိုပါ. . . ကျွန်တော်တို့အရွယ်က သာသနာ့ဘောင်ဝင်ရမယ့်အရွယ်မဟုတ်သေးဘူး. . . သန်တုန်းမြန်တုန်း မဟုတ်ဘူးလား. . . အရွယ်ကလည်းအရွယ်ကောင်း ဥစ္စာခနက လည်းလိုသည်ထက်မပိုတောင်အားလုံးပြည့်စုံနေပြီ လေ. . အဲ. . မပြည့်စုံသေးတာက အဟဲ. . . ဟိုလေ. . . "

ဆရာမက သူ့ကိုဝေ့တောင်မကြည့်ဘူး။ သူ့အလုပ်သူလုပ်နေတာ။ ဒါကို ဦးချက်ဖောင်းက လူကြီးတန်မဲ့အရှက်သည်းစွာ ကိုယ့်လက်သည်းကိုယ်ခွာပြီး. . .

"မပြည့်စုံသေးတာဆိုလို့ ကြင်ရာပဲ. . . အဟဲရှိတော့တာ"

"ဩော်. . . ကြင်ရာကတစ်ခါရပြီးလို့ ကလေးတွေတောင်အရွယ်ရောက်ခဲ့ပြီ မဟုတ်လား. . . "

www.foreverspace.com.mm





"ဟုတ်အဲ. . မဟုတ်. . . "

ဆရာမရဲ့ ဖြတ်ပြောလိုက်တဲ့စကားကြောင့် ဦးချက်ဖောင်းကြောင်တောင်တောင်ဖြစ်သွားတယ်။ ဒီကြားထဲ သားတော်မောင်ထွန်းနိုင်ရဲ့ ပြုံးဖြီးဖြီးမျက်နှာကြီးက အတွေးထဲဘွားခနဲပြန်ပေါ်လာသေးတယ်။ ဒီအချိန်မှာတော့ မရတော့ဘူးလေ။ သိတယ်မဟုတ်လား။ သားတော်မောင်မျက်နှာကို ခေါင်းထဲက ချက်ချင်းခါထုတ်လိုက်ပြီး. .

"ကျွန်. . ကျွန်တော်ပြောတာ အဲဒီလိုမဟုတ်ဘူးဆရာမရဲ့ သားတစ်ကောင်ရင်ဝယ်ပိုက်ပြီး ဒူးနဲ့မျက်ရည်သုတ်ခဲ့ရတာတော့မှန်ပါတယ်. . ဒါပေမယ့် ကျွန်တော်က အရွယ်ရှိတုန်း သန်တုန်းမြန်တုန်းမဟုတ်လား. . . ဒါကြောင့် နောက်တစ်ခါလောက်တော့ အိမ်ထောင်ပြုဖို့. . . "

ဆရာမက ဖျတ်ခနဲသူ့ကိုဝေ့ကြည့်တယ်။ နောက် မျက်နှာကိုခတ်မဲ့မဲ့နဲ့တစ်ဖက်လှည့်သွားကာ. . .

"ဒါကြောင့် နောက်တစ်ကြိမ်အိမ်ထောင်ပြုဖို့ ကျွန်မကိုရွေးချင်တာပေါ့. . . "

ဆရာမရဲ့စကားကြောင့် ဦးချက်ဖောင်းမျက်နှာဝင်းလက်သွားကာ မျက်လုံးပြူးကြီးနဲ့. . .

"ဟင်. . ဆရာမသိနေတယ်ဟုတ်လား. . . ဘယ်လိုလုပ် သိနေတာလဲဟင်. . . "

ဦးချက်ဖောင်းရဲ့ အလောတကြီးစကားကို ဆရာမကလှောင်ရယ်ရယ်လိုပြီး. . .

"သိတာပေါ့ရှင့် ဦးဖြားကြီးတုန်းကလည်းဒီလိုပဲပြောတာပဲ"

"ဟင်. . . "

ဆရာမရဲ့စကားကြောင့် ဦးချက်ဖောင်းမျက်လုံးပိုပြူးသွား

www.foreverspace.com.mm





တယ်။

“ဘာ. . ဖြားကြီးဆိုတဲ့ကောင် ဒီအတိုင်းပဲပြောတယ်. . ဟုတ်လား. . .”

“အင်းလေ. . . သူလည်းဒီလိုပဲ တောထဲပန်းခူးသွားရင်းနဲ့ ပြောတာ. . . ဦးချက်ဖောင်းထက်ပိုသာတာကတော့ ဦးဖြားကြီးက ဘောက်ဖတ်ကိုတောင်လက်နဲ့လိုမ့်ပြီးပြောတာ . . .”

“တောက်. . .”

ဦးချက်ဖောင်းအူနုကျွဲခတ်သွားတယ်။ စဉ်းစားကြည့်လေ သူ နာမယ်ဆိုလည်းနာစရာ။ ဟိုကောင်ကသူ့ထက်သာအောင် ဘောက်ဖတ်လိုမ့်ပြီး ချစ်စကားကြိုက်စကားပြောသတဲ့။ အနံ့က တသင်းသင်း ပျော့စိပျော့စိယားကျိယားကျိနဲ့ ဘယ်လောက်ဖီးလ်တက်မယ်ဆိုတာ စဉ်းစားသာကြည့်။

“တွေ့ကြသေးတာပေါ့ဖြားကြီးရာ. . . ဒီတစ်ခါမင်းဦးခဲ့ပေ မယ့် အိမ်ထောင်ပြုတဲ့အပိုင်းမှာ မင်းမဦးစေရဘူး. . . မင်းကိုငါမဖြစ်ဖြစ်တဲ့နည်းနဲ့ပြန်ကျော်ပြမယ်. . .”

ဆိုပြီး စိတ်ထဲမှာ. . .။

■ ■ ■

www.foreverspace.com.mm

**အဲဒီ** နေ့က ဦးချက်ဖောင်းတစ်ယောက်စိတ်ကောင်းဝင်ပြီး ရှင်ဒကာခံတာလေ။ အနောက်သစ်ပင်လှကရှင်မပြုရသေးတဲ့ ကလေးအားလုံးကို သူကိုယ်တိုင်အကုန်အကျခံပြီး ရှင်ဒကာခံပစ်တာ။ အဲဒီလိုလုပ်တာ သူ့မှာအကြောင်းရှိတယ်။ သိတယ်မဟုတ်လား။ ဦးချက်ဖောင်းမှာ အကွက်ကိုရှိတယ်။ အကွက်ကတကယ့်အကွက်ကောင်း ဦးပြားကြီးကို တစ်ချက်တည်းနဲ့အလဲထိုးနိုင်မယ့်အကွက်မျိုး။ သူ့အကွက်ကဒီလိုလေ။

သူကရှင်ဒကာခံတော့ သူ့အိမ်ရောက်နေတဲ့ ဆရာမကိုအလှူ့ဒကာမလိုလိုဘာလိုလိုနဲ့ ရေစက်ခွက်ကလေးပေးကိုင်ပြီး ဆွဲစေ့ထားတာ။ ဒါက အရေးအကြီးဆုံးအချက်ပဲ။ သိတယ်မဟုတ်လား။ ဦးချက်ဖောင်းက ဒီရွာကအပျိုကလေးတစ်ယောက် လင်နောက်လိုက်ရင်တောင် အထင်ခံရနည်းလားဆိုပြီးတော့ ခြင်ထောင်ထဲဝင်ပုန်း

www.foreverspace.com.mm





နေတတ်သူ။

အခု ဆရာမလေးကိုလည်း အလှူ့ရှင်လိုလိုဘာလိုလိုလုပ်ပြီး သူအထင်ခံရနည်းလားဆိုပြီးလုပ်တာ။ ခါတိုင်းဆို ဒါမျိုးဦးချက်ဖောင်း တို့က သဒ္ဓါတာမျိုးမဟုတ်ဘူး။ အခုမှ စေတနာသဒ္ဓါတရားတွေယိုဖိတ် ပြီး ကောက်ကက်လုပ်တာ။ အဓိကကတော့ ဆရာမနဲ့အတူ ရွှေလက် တွဲသဒ္ဓါချစ်ပွဲဝင်ဖို့။ တကယ့်အစစ်အမှန်အတွေ့မဟုတ်တာတောင် အငွေ့လောက်ရ လူအထင်ကြီးနည်းတာမှတ်လို့ဆိုပြီးတော့လေ။

ဟိုငပြားကို ကျောချင်တာကလည်းတစ်ကြောင်းပေါ့လေ။

သူ့အစီအစဉ်နဲ့သူကတော့ ကွက်တိပဲ။ တစ်ရွာလုံးလေးစား အားကျတဲ့မျက်လုံးမျိုးနဲ့ ကြည့်ကိုကြည့်နေရမယ်ပေါ့။ သိတယ်မဟုတ် လား ဦးချက်ဖောင်းက။ သူ့အတွေးမျိုးထဲမှာတော့ ဆရာမကရေစက် ခွက်ကလေးကိုင် သူကမောင်ရင်လောင်း သက်န်းလေးပိုက်။ တစ် ယောက်ကိုတစ်ယောက် ချစ်ရည်ရွှန်းလဲ့တဲ့မျက်ဝန်းမျိုးနဲ့ကြည့်။ ကွက် တိပဲ။

ဒါပေမယ့် သူ့အစီအစဉ်က ကွက်တိမဖြစ်ဘူး။ အနှောင့်အ ယှက်ပေါ်လာတယ်။ နှောင့်ယှက်သူက သိတယ်မဟုတ်လား။ သူ့ရဲ့ မဟာရန်သူတော်ပြားကြီး။

တိုက်ထားရင်တောင်အဲဒီလောက်ကွက်တိဖြစ်မှာမဟုတ် ဘူး။ ဖြစ်တာမှတကယ့်ကွက်တိ။ သူအလှူလုပ်မယ်ဆိုတဲ့နေ့ကျမှ ဦးပြား ကြီးရဲ့တူမမိမှုံလေး တီဘီရောဂါနဲ့ဆုံးပါရောလား။ အဲ. . . မိမှုံလေးအသုဘချမယ့်နေ့က ဦးချက်ဖောင်းအလှူလုပ်မယ့်နေ့ ကွက်တိဖြစ်နေပြန်တာပဲ။ ဒါကို ဦးချက်ဖောင်းကလည်း သူမင်္ဂလာ ယူမယ့်နေ့ကို အမင်္ဂလာ အလုပ်မလုပ်ချင်ဘူးပေါ့။ နောက် သူတို့ မလုပ်ရင်လည်း လုပ်မယ့်လူကမရှိဘူး။ ဒါကြောင့်သူတို့နှစ်ယောက် မညှိမဖြစ်ညှိကြရပြန်တာပေါ့။



"ဒီမှာဖြားကြီး. . . အဲဒီနေ့မှာ ငါကအပီအပြင်မင်္ဂလာယူ မလို့ကွ. . မင်းတူမအမင်္ဂလာအလုပ် မလုပ်စေချင်ဘူးကွာ. . ရက်ရွှေ့လို့ရရင်ရွှေ့လိုက်ပါ. . ."

"ဟေ့ကောင်ချက်ဖောင်း. . . ဒါနာရေးကွ. . သာရေးမဟုတ်ဘူး. . လူသေပါတယ်ဆိုမှ ရက်ရွှေ့သေရဦးမှာလားကွ. . . လုံးဝကိုအဓိပ္ပာယ်မရှိဘူး. . . အေး. . ရက်ရွှေ့ခြင်းရွှေ့ရင် မင်းရဲ့မင်္ဂလာကိစ္စသာရွှေ့ပေးပါ. . ."

"ဟ. . . ရက်ရွှေ့လို့ရမလားကွ. . ငါကရွာလုံးကျွတ်အလှူလုပ်တာ. . . အားလုံးကိုလည်းပြောထားပြီးပြီ. . ဆရာတော်ကိုလည်းလျှောက်ထားပြီးပြီ. . ဘယ်လိုမှရွှေ့လို့မဖြစ်နိုင်တော့ဘူး. . . တောက်. . ငါသိတယ်နော်ဖြားကြီး. . မင်းငါ့အလှူကိုနှောင့်ယှက်ချင်လို့ မင်းတူ မကိုခါတော်မီသေခိုင်းလိုက်တာမဟုတ်လား. . ."

"ဟေ့ကောင် မင်းစကားပြောရင်ဆင်ခြင်ပြော. . . လူသေတာကို ဟိုနေ့သေပါ. . ဒီနေ့သေပါ ရက်ရွှေ့ပြီးသေခိုင်းလို့ရတာ မဟုတ်ဘူးကွ. . . သူ့ဘာသာသူသေနေ့စေ့တဲ့နေ့သေတာပဲ. . . အေး . . မင်း မှတ်ထားရမှာက မင်းအလှူပွဲနှောင့်ယှက်ရရုံနဲ့ ငါ့တူမကို မသေခိုင်းဘူးကွ. . . အခု သူ့ယောက်ျားမင်းသားပြုတ် အတည်ခမျာဘယ်လောက်တောင် ခံစားနေရမယ်ဆိုတာ စဉ်းစားကြည့်. . ."

ဟုတ်တယ်။ ဦးဖြားကြီးတူမ မိမှုံယောက်ျားအတည်ကဒီရွာသားမဟုတ်ဘူး။ အထက်အညာတောင်တွင်းဘက်က ရွာတစ်ရွာကဆိုလားပဲ။ သူက ဒီရွာရောက်လာတာတော့ထူးဆန်းတယ်။ ရွာကိုလာကတဲ့ဇာတ်အဖွဲ့တစ်ဖွဲ့နဲ့ပါလာတာ။ အဲဒီဇာတ်အဖွဲ့ထဲမှာ အတည်ကလူကြမ်းလိုလို၊ လူရွှင်တော်လိုလို၊ နှဲသမားလိုလိုပါလာတာ။ အဲဒီတုန်းကလည်းမှတ်မိသေးတယ်။ သူတို့ကတဲ့ ဇာတ်ထုပ်က ရေငန်ပိုင်သခင်ဦးရှင်ကြီးဇာတ်ထုပ်။ အဲဒီမှာအတည်က ရေငန်ပိုင်ဦးရှင်ကြီးရဲ့စီး



www.foreverspace.com.mm

www.foreverspace.com.mm





တော်ကျားလုပ်ရတာ။ အဲဒီဇာတ်ထုပ်ကရင်းက ကျားလုပ်တဲ့ အတည်ကို မိမှိုက ကျွမ်းအပစ်ကောင်းလို့ကြိုက်တာ။ ပြဇာတ်တို့ဘာတို့ မှာလည်းပါတာပေါ့။ ဇာတ်စကားနဲ့ပြောရရင် ကားဆွဲ၊ ဗျောက်ရိုက်၊ ရဲနောက်လိုက်စသည်ဖြင့်ပေါ့။ ဒါကြောင့် သူ့ကိုမင်းသားပြုတ် အတည်လို့ခေါ်ကြတာပေါ့။

အဲဒါကိုမှ မိမှိုကအသားတုန်ပြီး သွားမိတ်ဆက်ရာက အတည်ကတစ်ခါတည်းခိုးပြေးသွားတာ။

ခိုးပြေးတာက ဝေးဝေးမဟုတ်ဘူး။ ဦးပြားကြီးအိမ်အောက် ဝက်ခြံကိုတင်။ မနက်ကျမှ နှစ်ယောက်သားဗွက်တွေနဲ့ ပေပွနေ တာတွေ့ ဘာမှမတတ်နိုင်တော့ဘူး။ ပေးစားလိုက်ရတာ။

အခုတော့မိမှိုလေးဆုံးပြီဆိုတော့ သူ့ခမျာဒီရွာမှာဆွေမရှိမျိုးမရှိနဲ့ တစ်ယောက်တည်းကျန်ခဲ့ရတော့မှာ။

“မင်း ကိုယ်ချင်းစာသင့်ပါတယ်ချက်ဖောင်းရာ. . . ငါတို့မှာ လဲဘယ်လောက်ပူဆွေးနေရမယ်ဆိုတာ စဉ်းစားကြည့်ပါ. . . မင်း အလှူပွဲက ရက်ရွှေ့လို့ရပါတယ်ကွာ. . .”

ဦးပြားကြီးစကားကြောင့် ဦးချက်ဖောင်းပြန်ပြီး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး. . .

“အိုး. . အလှူပွဲကဘယ်လိုလုပ်ရွှေ့လို့ရမှာလဲ ငါတစ်ရွာလုံးနဲ့ တိုင်ပင်ပြီးလုပ်ထားတာ. . . ရွာနီးချုပ်စပ်ကလည်း အဲဒီနေ့မှာလာဖို့ အားလုံးကိုဖိတ်ပြီးနေပြီ. . . ငါဘယ်လိုလုပ်ရွှေ့ရမှာလဲ. . ရွှေ့ခြင်းရွှေ့ မင်းကသာရွှေ့ပေးရမှာ. . . အသုဘရက်ဆိုတာရွှေ့လို့ရပါတယ်ကွာ တချို့ဆိုဆွေမျိုးစောင့်နေတာနဲ့တင် တစ်ပတ်လောက်ထားကြသေးတယ်. . .”

“အခုဟာကဘယ်ဆွေမျိုးစောင့်စရာ ရှိလို့လဲ. . မိမှိုဘက်ကဆိုငါတို့ဆွေမျိုးစုံပြီ. . . အတည်ကျတော့လည်း ဆွေမရှိမျိုးမရှိ. .

www.foreverspace.com.mm





ဒါကြောင့် အဲဒီနေ့မြေချဖို့လောက်သာရှိတော့တာ. . . ငါ့ဘက်က တော့မရွှေ့နိုင်ဘူး. . . ”

ဦးဖြားကြီးစကားကြောင့် ဦးချက်ဖောင်းဂနာမငြိမ်ဖြစ်သွား ပြီး . . .

“အဲ. . အဲဒီလိုတော့မလုပ်ပါနဲ့ကွာ. . မင်းမြေချချင်ရင် ငါ့ အလှူပြီးနောက်နေ့မှချပါလား. . အဲဒီလိုရက်ရွှေ့ပေးရင် မင်းတူမကို ငါအလှူဆုံးမင်းသမီးရှုံးအောင်ပြင်ပေးပါမယ်ကွာ. . . တချို့ဆိုရင် သေ ပြီးပစ်ထားတာ. . . ပြီးမှပြန်ရှင်လာတာတွေအများရှိတယ်ကွ ဆေး ပညာရဲ့ချို့ယွင်းချက်တွေပေါ့ကွာ. . နော်. . . ထားကြည့်ပါဦး ကွာ. . . ”

“ဟေ့ကောင်. . . သေပြီးမှတော့ဘာမှလုပ်စရာမလိုဘူး . . မင်းဘယ်လိုပဲပြင်ပြင်. . ဘယ်လောက်ပဲလှအောင်လုပ်လုပ် ဟိုကပြန် ရှင်လာမှာမဟုတ်ဘူး. . . အဲဒီတော့. . ငါ့ဘက်ကတော့ရက်မရွှေ့နိုင် ဘူး. . . ဒါပဲ. . . ”

ဦးဖြားကြီးစကားကြောင့် ဦးချက်ဖောင်းလည်းတင်းသွားပြီး

“အေး. . . ငါ့ဘက်ကလည်းရက်မရွှေ့နိုင်ဘူး. . . မင်းမြေ မြှုပ်ချင်ရင် မင်းဘာသာမင်းလာမြှုပ်ယူ. . . ”

ဦးဖြားကြီးမခိုးမခန့်ရယ်လိုက်ပြီး. . .

“ဒါတော့မင်းသဘောပဲလေ. . ငါ့ဘက်ကတော့ဘယ်လိုမှ မလျှော့နိုင်ဘူး. . . ဒါပေမယ့် ကိုယ်အလုပ်တော့ကိုယ်လုပ်ရမယ်နော် မလုပ်ရင်ဆရာတော်အကြောင်းသိတယ်မဟုတ်လား. . . ”

ဆရာတော့်အသံကြားတော့ ဦးချက်ဖောင်းမျက်လုံးပျာက လတ်ပျာကလတ်ဖြစ်သွားတယ်။ ဒါကြောင့် တောင်းပန်သံလေးနဲ့. . .

“လုပ်ပါကွာ. . . ဖြားကြီးရာ. . မင်းဒီတစ်ခါတော့အ လျှော့ ပေးပါနော်. . ငါ. . ငါအဲဒီနေ့မှာမင်္ဂလာယူမှာမို့ပါ. . . ”

www.foreverspace.com.mm



သူ့စကားကို ဦးပြားကြီးမခိုးမခန့်ပြုံးလိုက်ပြီး တစ်လုံးချင်း ပြောတယ်။

"လုံး. . ဝ. . မ. . လျှော့. . နိုင်. . ဘူး. . . ဟားဟား. . လျှော့ချင်ရင်မင်းလျှော့. . ပြားကြီးကတော့လုံးဝမလျှော့နိုင်ဘူး. . . ဒါပဲ ဟားဟား. . . "

ဆိုပြီး ခြေလှမ်းကျဲကြီးနဲ့ တဟားဟားရယ်ရင်းထွက်သွားတယ်။ သူ့ရဲ့နောက်ကျောကိုကြည့်ပြီး ဦးချက်ဖောင်းလက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး. . .

"တွေ့ကြသေးတာပေါ့ပြားကြီးရာ. . . မင်းပဲစွမ်းနိုင်မလား ငါပဲ စွမ်းနိုင်မလားဆိုတာ. . . ကြည့်ကြသေးတာပေါ့ကွာ. . . နောက်မှ ဖင်ကြားမှာယင်နားတာကို ထင်ရှားတဲ့သက်သေတောင် မကြည့်မိစေနဲ့ ငါကတော့"

ဆိုပြီး တစ်ယောက်တည်း အံကြိတ်ကြိမ်းရင်းကျန်ခဲ့တော့တယ်။

■ ■ ■

www.foreverspace.com.mm





**တကယ့်** အလှူပွဲဖြစ်တဲ့နေ့ကျတော့ နှစ်ယောက်လုံး ဘယ်သူမှ မလျှော့ဘူး။ ဦးဖြားကြီးကလည်း သူ့ရွာသားတွေနဲ့ သူ့ တူမ မိမှုံလေး အလောင်းကို သယ်လာတယ်။ ဦးချက်ဖောင်းကလည်း ဒါမျိုးဘယ်အကျောခံလိမ့် မတုံး။ ဒီဘက်ကမ်းထိပ်က အိုးစည်ဗုံမောင်းတွေနဲ့ စောင့်နေတယ်။

"မင်္ဂလာပါခင်ဗျ×××မင်္ဂလာပါခင်ဗျ×××နှုတ်ခွန်းတော် ဆက်ဂါရဝထား×××အနန္တငါးပါး×××ဦးထိပ်ပန်ကာ×××အိုးစည် သံလေး ××× ပေး×××ဘေးမသန်းပြီ×××"

ဟိုကလည်းအသုဘကြီးသယ်လာပြီး ဒီဘက်ကမင်္ဂလာပါဆို တဲ့အသံကြီးလည်းကြားရော အားလုံးကြောင်သွားကြတယ်။ နောက်မှ မိမှုံလေးယောကျ်ားဇာတ်သမားအတည်က 'ဖြဲ' ခနဲငိုချလိုက်ပြီး. . .

"အောင်မလေးမိမှုံရဲ့. . . ထကြည့်စမ်းပါဦး. . . ထကြည့်

www.foreverspace.com.mm


စမ်းပါဦး. . . ဟီး. . . ဇာတ်သမားမယားမို့အိုးစည်နဲ့ပို့ကြတာလား ကွယ်ရို့. . ဟီးဟီး. . . ”

ဆိုပြီးထငိုတယ်။ သူ့တူမယောက်ျားကိုကြည့်လိုက်၊ အိုးစည် အဖွဲ့ကိုကြည့်လိုက်နဲ့ ဦးပြားကြီးတင်းသွားပြီး ဦးချက်ဖောင်းနားပြေး သွားကာ. . .

“ဟေ့ကောင်ချက်ဖောင်း . . မင်းဘာလုပ်တာလဲကွ. . ဒါ နောက်စရာမဟုတ်ဘူးကွ. . . ”

သူ့ကိုကြည့်ပြီး ဦးချက်ဖောင်းကရင်ကော့ကာ. . .

“ငါဘာလုပ်လို့လဲကွ. . ပြားကြီးရ. . . ”

“ဘာလုပ်ရမှာလဲကွ. . . ငါတို့ကဒီမှာအသုဘနဲ့ ဝမ်းနည်း ပြီးတက်လာတာ. . . မင်းကဘာလို့အိုးစည်ဗုံးမောင်းတီးကခုန်ပြီး ကြိုနေရတာလဲ. . . ”

ဦးပြားကြီးစကားကို ဦးချက်ဖောင်းက. . .

“ဟ. . . မင်းတို့ကိုကြိုတာမဟုတ်ပေါင်. . ငါ့ဘာသာငါရှင် ဒကာခံရလို့ အပျော်လွန်ပြီး အိုးစည်တီးပြီးကနေတာ. . . မင်းတို့နဲ့မ ဆိုင်ပေါင်ကွာ. . . ”

“မဆိုင်လို့ဖြစ်မလားကွ. . ငါတို့ကမ်းပေါ်တက်လာတာမြင်မှ မင်းတို့ထတီးတာ လူတိုင်းသိတယ်. . . ”

“ဒါတိုက်ဆိုင်သွားလို့ပါကွာ. . . မင်းတို့ကိုရည်ရွယ်တာ မဟုတ်ပါဘူး. . . တိုက်ဆိုင်မှုရှိရင်ခွင့်လွှတ်. . . ”

ဦးချက်ဖောင်းစကားကြောင့် ဦးပြားကြီးလည်းဘာမှမတတ် နိုင်တော့ဘူး။ တိုက်ဆိုင်သွားတယ်ဆိုတာကိုး၊ ဒါကြောင့် မကျေနပ်ပေ မယ့် မပြောသာတော့ဘူး။

“အေး. . ဒါဆိုလည်းငါတို့သွားမယ်. . မင်းတို့ဘာမှလိုက်မ နှောင့်ယှက်နဲ့. . . ”

www.foreverspace.com.mm





ဆိုပြီး သူ့လူတွေကိုလက်ပြလိုက်တယ်။ အဲဒီတော့မှ အားလုံး မျက်ရည်စမ်းစမ်းနဲ့ ကမ်းပေါ်တက်လာကြတယ်။

အဲဒီ အချိန်မှာပဲထွက်လာတဲ့အသံကြီးက. . .

"မင်္ဂလာပါခင်ဗျ×××မင်္ဂလာပါခင်ဗျ×××နှုတ်ခွန်းတော် ဆက် ဂါရဝထား×××အနန္တငါးပါး×××ဦးထိပ်ပန်ကာ×××အိုးစည်သံ လေး××× ပေး×××ဘေးမသန်းပြီ×××"

ဆိုတာနဲ့ ဦးရွှေရိုးက မိမှုံလေးယောကျ်ားအတည်ရှေ့ပြေးက တယ်။ ဟိုကောင်ကလည်း ဇာတ်သမားမို့လားမသိဘူး။ ဆိုင်းသံကြား တော့ယောင်ပြီး ကမိမလိုဖြစ်သွားတယ်။ နောက်မှသတိရသွားပြီး. .

"အောင်မလေးမိမှုံရဲ့. . . မင်းသေလို့. . ငို ချင်းတောင် ကောင်းကောင်းမချရတဲ့ဘဝ. . ဒီအိုးစည်သံတွေနဲ့ဆို မောင်ကြီးတည် ဘယ်လိုငိုလို့ဖြစ်မှာတုံး. . . အဟီးဟီး. . ဟီးဟီး"

ဆိုပြီး ငိုကြီးချက်မနဲ့ထအော်တယ်။ သူ့တူမယောကျ်ားကို ကြည့်ပြီး ဦးဖြားကြီးသည်းမခံနိုင်တော့ဘူး။ ဦးချက်ဖောင်းဘက်လှည့် လို့

"ဟေ့ကောင်ချက်ဖောင်း မင်းလွန်လွန်းလာပြီးနော်. . မင်း တို့ပျော်တာလည်းပျော်ပေါ့. . ဒါပေမယ့် ငါတို့နောက်ကိုတော့လိုက် မနှောင့်ယှက်သင့်ဘူး. . . ဒါနာရေးကွ. . . "

ဦးဖြားကြီးစကားကို ဦးချက်ဖောင်းကမျက်မှောင်ကြုတ်ပြီး

"ငါတို့. . ဘယ်မှာလိုက်နှောင့်ယှက်လို့လဲကွ. . . "

"မင်းတို့အိုးစည်ဝိုင်းနဲ့ကပြီး ငါတို့နောက်လိုက်နေတာ လိုက် နှောင့်ယှက်တာပေါ့ကွ. . . "

ဦးဖြားကြီးရဲ့ဒေါသတကြီးစကားကို ဦးချက်ဖောင်းကမျက် နှာရှုံ့မဲ့လိုက်ပြီး. . .

"မင်းတို့ နောက်လိုက်တာမဟုတ်ပေါင်ကွာ. . ငါ့တို့ဘာသာ

www.foreverspace.com.mm





ငါတို့ ဒီလမ်းအတိုင်းရှင်လောင်းလှည့်တာ. . မင်းတို့နောက်လိုက် ဖို့များ ဝေးသေး. . . ”

ဆိုတော့ ဦးပြားကြီးဘာမှမတတ်နိုင်တော့ဘူး။ ရွာလမ်းကဒီ တစ်လမ်းရှိတာ။ အလှူလှည့်လည်းဒီလမ်း အသုဘလှည့်လည်းဒီလမ်း ပဲလေ။ ဒါကြောင့် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး. . .

“တောက်. . . မင်းတော့လားကွာ. . . ”

ဆိုပြီး ဖောက်ဖောက် ဖောက်ဖောက်နဲ့ထွက်ချသွားတော့ တယ်။

အသုဘထဲမှာ ဒီအသုဘအစည်ဆုံးနဲ့ ပျော်စရာအကောင်း ဆုံးလို့ဆိုရမယ်။ တီးတဲ့လူတီး၊ မှုတ်တဲ့လူမှုတ်၊ ကတဲ့လူကနဲ့ ပျော်စရာ ကြီး။ ခုနကငိုတဲ့လူတွေတောင် ကြောင်စီစီနဲ့ အိုးစည်ဒိုးပတ်ဝိုင်း သွားပြီး ငိုရမှာကိုမေ့ပြီး ကချင်သလိုလိုခုန်ချင်သလိုလိုရွှစိရွှစိဖြစ်လာ တယ်။ သေသူနဲ့ တိုက်ရိုက်ပတ်သက်တဲ့အတည်တောင် ခေါင်းငိုက် စိုက်ချပြီးအံကြိတ်လာတာ။

ဒီလိုနဲ့ရွာလမ်းရောက်ရော အိုးစည်ဝိုင်း တစ်ချက်နားတဲ့ အချိန် မိမှုံယောက်ျားအတည်က လှစ်ခနဲကျွမ်းပစ်ကာ လေးဖက် ထောက်ကြီး နဲ့ ‘ဝေါင်း’ ဆိုထအော်တယ်။ နောက်သွားကြီးဖြဲပြီး ဟို လူ့ကိုဝင်ကိုက်မလို၊ ဒီလူ့ကိုဝင်ကိုက်မလိုနဲ့ယောက်ယက်ကိုခတ်နေ တော့တာ။ နောက်

“ဂရား. . . ဂရား. . . ”

နဲ့အော်ကာ နောက်ကျွမ်းပစ်တယ်။ သိတဲ့လူအားလုံးသိ တယ်။ အတည်ကျားဝင်သွားပြီ။ လူတွေအားလုံးလည်း အတည်ကို ကြည့်ပြီးလန့်ကုန်ကြတယ်။ အတည်မျက်လုံးကလည်းနီရဲနေတာ။ သူ့မိန်းမဆုံးတာကို မထီမဲ့မြင်နဲ့လိုက်နောက်နေလို့ မကျေနပ်လို့ ကျား စိတ်ပေါက်ပြီး လိုက်ကိုက်ပြီ မှတ်ကြတာကိုး။ ဒါကြောင့်. . .

www.foreverspace.com.mm





"အတည်ကျားဝင်သွားပြီ. . အတည်ကျားဝင်သွားပြီ. . "

"ဟ. . . လုပ်ကြပါဦး. . အတည်ကျားစိတ်ဝင်သွားပြီ. . "

ဆိုပြီး အလောင်းပစ်ချပြီး ထပြေးရတော့မလိုဖြစ်နေတယ်။ အတည်က တကယ့်ကိုကြောက်စရာကြီး။ ဒီလူ့ ဝင်ခဲတော့မလိုနဲ့ မာန်ဖီနေတယ်။

"ဂရား. . . ဂရား. . . "

ကျားတစ်ကောင်လို ဟိုဘက်ခုန်လိုက် ဒီဘက်ခုန်လိုက်နဲ့ လူ တွေကိုလှည့်ပတ်ကြည့်နေတယ်။ နောက် ဘတ်ခနဲဆို နောက်ကျွမ်းပစ်တယ်။ လူတွေကလည်း သူ့ကိုဆွဲနိုးနိုး ငါ့ကိုဆွဲနိုးနိုးနဲ့ တုတ်တုတ်ကိုမလှုပ်ရဲဘူး။

"ဝေါင်း. . . "

အတည်ရဲ့အော်သံကြောင့် ခုနကမျက်ရည်ကျနေတဲ့မယ်စိန် မျက်ရည်အစား သေးပါဖျန်းခနဲထွက်ကျတယ်။ အဲဒီတော့မှ အတည်က ချက်ချင်းမတ်တတ်ရပ်ပြီး မျက်ရည်လေးငိုယောင်သန်းကာ. . .

"မိမှံ. . . မင်းကြိုက်ပါတယ်ဆိုတဲ့ကျားအကလေး မောင်ကြီးကပြနေတယ်. . ထကြည့်ပါဦးမိမှံရဲ့. . . ဟောဒီလို. . ဟောဒီလို. . . မောင်ကြီးနောက်ကျွမ်းပစ်တာ မင်းကြိုက်ခဲ့တယ်ဆို. . တစ်မြန်နေ့က နေမကောင်းတုန်း ကိုတည်ရယ် ကျားအကလေးကပြပါဦးဆိုတာကို မောင်ကြီးက မင်းနေကောင်းမှကပြမယ်လို့ ရက်ရွှေ့မိတာ မောင်ကြီးတည်နောင်တရလို့မဆုံးပါဘူးမိမှံရဲ့. . . ထကြည့်ပါဦးမိမှံရဲ့. . မင်းစွဲလမ်းခဲ့ပါတယ်ဆိုတဲ့ကျားအကလေး"

ဆိုပြီး မသာကိုခွပြီးနောက်ကျွမ်းတွေပစ်ပြနေတော့ ဦးပြားကြီးလည်းတင်းသွားပြီး. . .

"ဟ. . ဒီကောင်ကလည်း ဒီမှာတူမသေလို့စိတ်ညစ်နေပါတယ်ဆိုမှ. . . အင်းဟာ. . . "

www.foreverspace.com.mm





ဆိုပြီး အတည့်ဖင်ကိုဖုန်းခနဲကန်ထည့်လိုက်တယ်။ ဒီတော့ မှ အတည်ရှုတ်တရက်ကြောင်ပြီး ရပ်သွားတယ်။ ပြီးမှ. . . 'ဖြဲ'ခနဲ ငိုချလိုက်ပြီး. . .

"အောင်မလေးမိမှုံရဲ့ နင်ကြိုက်တဲ့ကျားအက ငါတစ်သက် လုံးကလာတာ နင်သိပါတယ်ဟာ. . . ဒီတစ်ခါပဲ ပရိသတ်ကဖင်ထ ကန်တာကြုံရတယ်. . . ဟီး. . ဟီ. . . ကံများနိမ့်လာရင်ပြောပါ တယ်. . မယားကလည်းဆုံး. . ကျဥ. . ကျဥပရိသတ်ကလည်း ဖင် ပိတ်ကန်နဲ့ ဘယ်ဘဝကအကုသိုလ်ပါလိမ့်နော်. . . "

ဆိုပြီး ထငိုတော့ ဦးဖြားကြီးပိုတင်းသွားပြီး. . .

"ပရိသတ်မဟုတ်ဘူး. . နင့်အမေလင်ကွ. . နင့်အမေလင် တယ်လေ. . . ငါထပ်လုပ်လိုက်ရမကောင်းရှိရော့မယ်. . . မသာရှေ့ ကျွမ်းပစ်ပြနေရတယ်လို့. . ကိုင်းဟာ. . . "

ဆိုပြီးနားရင်းအုပ်ဖို့လုပ်နေလို့ မနည်းတားနေရတယ်။ အတည့်ခမျာလည်း မျက်လုံးလေးကလယ်ကလယ်နဲ့ ကျွမ်းမပစ်ရဲ တော့ဘူး။ ဦးချက်ဖောင်းတို့အိုးစည်သံကတော့ ပျော်ရွှင်စွာနဲ့ဆူညံနေ တုန်း။

ဒီလိုနဲ့ သင်္ချိုင်းရောက်လာတယ်ဆိုပါတော့။

သင်္ချိုင်းရောက်တော့ အတည်ကတစ်စခန်းထလာပြန်တယ်။ အလောင်းမြေချခါနီး ကြိုးတွေဘာတွေနဲ့ဆိုင်းပြီးမှ. . .

"အောင်မလေးမိမှုံရဲ့ လောကအလယ်မှာ မောင်ကြီးတစ် ယောက်ထဲထားခဲ့တော့မှာလား. . . မောင်ကြီးတည်လောကယ အ လယ်မှာမျက်စိသူငယ်နားသူငယ်နဲ့နေခဲ့ဘူးမှုံရဲ့. . . မှုံနဲ့ လိုက်သေ မယ်. . မှုံနဲ့လိုက်သေမယ်. . . ဟီး. . ဟီး. . . "

ဆိုပြီး အလောင်းကို မလွတ်တမ်းဖက်ပြီးငိုတော့တာ။ သူ့ကို ကြည့်ပြီး ကျန်တဲ့လူတွေက မမြင်ရက်တော့ဘူး။ အားလုံးမျက်ရည်



www.foreverspace.com.mm

လေးစမ်းစမ်းနဲ့ငိုကြီးချက်မတွေဖြစ်ကုန်ကြတယ်။ ဟုတ်တယ်လေ သူတို့လင်မယားဘယ်လောက်ချစ်ကြတယ်ဆိုတာ တစ်ရွာလုံးအသိ။ မိမှုံက. .

"မောင်ကြီးတည်ရေ. . ."

ဆို သနပ်ခါးပါသွေးပြီးသား။ အတည်က မိမှုံကိုအဲဒီလောက် ချစ်တာ။ အခုမိမှုံလေးဆုံးပြီဆိုတော့ ဘယ်လောက်ခံစားရမယ်ဆို တာ စဉ်းစားသာကြည့်။ ဒါကြောင့် နောက်ဆုံးအကြိမ်လွတ်လွတ် လပ်လပ် ငိုပါစေ ဆိုပြီး လွှတ်ထားလိုက်တာ။

"အောင်မလေးမိမှုံရဲ့. . မင်းကိုမောင်ကြီးက ခြေမွေးမီးမ လောင်လက်မွေးမီးမလောင်ထားခဲ့လျက်နဲ့ ဘာလို့လူ့လောကကြီး ကအ စောကြီးထွက်သွားရတာတုံး. . . မင်းမရှိရင်မောင်ကြီးမနေ ဘူး. . . မင်းနဲ့အတူမောင်ကြီးလိုက်ခဲ့မယ်. . အဟီးဟီး. . . "

အားလုံးသူ့ကိုကြည့်ပြီး တဖွဲဖွဲငိုကြတယ်။ အနောက်သစ်ပင် လှ အိုးစည်ဝိုင်းကပါ သူ့ကိုကြည့်ပြီးမနေနိုင်တော့ဘူး။ နှဲဆရာကို ဘကြီးကတောင်ငိုသံနဲ့လိုက်အောင်ဆိုပြီး မျောက်မင်းအူသံမှုတ်ပေး လိုက်သေးတယ်။ ငိုသံကလည်းအပြည့်၊ နှဲသံကလည်းအလွမ်းကိုဆင့် သလိုမို့ ဘေးနားကကြည့်နေတဲ့အရှေ့သစ်ပင်လှက မယ်ဆင့်ဆိုအ တည့်ကိုကြည့်ပြီး အလွမ်းလွန်ပြီးတက်သွားလို့ ခြေမကိုချိုးယူရတယ်။ အတည်ကတော့ ဂရုမစိုက်နိုင်ဘူး။ သူဘယ်လောက်ချစ်ကြောင်း၊ သူဘယ်လောက်လွမ်းရမယ် ဆိုတဲ့အကြောင်းကိုပြောပြောပြီးငိုနေ တုန်း။

"အောင်မလေးမှုံလေးရယ်. . . မောင်ကြီးရင်မှာ အလွမ်း တွေ မီးတောက်နေတာ မှုံလေးထကြည့်ပါဦး. . . မှုံလေးရဲ့အဟင့် . . . မှုံလေးမရှိရင် မောင်ကြီးဘယ်သူနဲ့နေရမှာတုံး. . . မောင်ကြီးမ နေဘူး မှုံလေးနဲ့လိုက်ခဲ့မယ်. . မှုံလေးနဲ့လိုက်ခဲ့မယ်. . . အဟီး. . .



www.foreverspace.com.mm

မောင်ကြီးရင်ထဲမှာ အလွမ်းမိုးတွေရွာနေပြီမှုံရဲ့. . . ”

လူကလည်းမင်းသားပြုတ်ဆိုတော့ ဟုတ်တာရောမဟုတ်တာရောစုံလို့. . စုံလို့။ ဒါပေမယ့် အားလုံးကတော့ အတည်ရဲ့မာန်နဲ့ထန် နဲ့ငိုသံကြားရင် နေကိုမနေနိုင်ပါဘူး။ အင်မတန်စိတ်ခိုင်ပါတယ်ဆိုတဲ့ ဦးဖြားကြီးတောင် ခေါင်းပေါင်းဖြုတ်ပြီးနှပ်သုတ်နေရတယ်။

“မှုံရဲ့. . မောင်ကြီးတည်နေခဲ့ဘူးသိလား. . . မှုံရဲ့အနားတဖဝါးမှမခွာ ရာသီလည်းပြောင်း နွေရယ်နှောင်းမှာ ထနောင်းလည်းကြွေချစ်ရက်ရှည် မောင်မနေချင်ဘူးမှုံရဲ့. . . ”

ဆိုပြီးအခေါင်းကိုဖက်ပြီးငိုတော့တာ။ အတည်ကတော့မရပ်တော့ဘူး။ ကြာတော့ဘေးနားက ကြည့်နေတဲ့ဦးချက်ဖောင်းက. . .

“ကဲ . . ငိုတာလည်းငို. . သေတဲ့လူကလည်းသေနေပြီပဲ. . အလောင်းမြေချရအောင်ဟ. . . ”

ဆိုပြီး သတိဝင်ပေးတယ်။ ဒါကိုအတည်ကမင်းသားဟန်နဲ့ဦးချက်ဖောင်းကိုလက်အုပ်ကလေးချီပြီး. . .

“အဲဒီလိုမရက်စက်ပါနဲ့ဦးရယ်. . . မှုံလေးကိုမြေမမြှုပ်လိုက်ပါနဲ့ဗျာ. . . ကျွန်တော်နဲ့အတူထားပါဦးရယ်. . . အဟီး. . ကျွန်တော်တောင်းပန်ပါတယ်ဗျာ. . . သားလေးတောင်းပန်ပါတယ်. . . ကျွန်တော်လွန်တာရှိဝန္တာမိပါဦးတို့ရယ်. . . အဟီး. . . ”

ဆိုတော့ဦးချက်ဖောင်းက. . .

“ဟကောင်ရ. . ဒီအတိုင်းထားလို့ဖြစ်မလားကွ. . . ဒီအတိုင်းထားရင် သေသူကပြန်ရှင်လာမတဲ့လား. . . သူ့အစဉ်အလာအတိုင်းလုပ်ရမှာပဲ. . . သူ့ကိုနည်းနည်းဝိုင်းဆွဲထားကြ. . . အလောင်းမြေချရအောင်. . . ”

ဆိုတော့ ကျန်တဲ့လူတွေကပါ. . .

“ဟုတ်သားအတည်ရယ်. . သေသူကသေပစ်ခဲ့ပြီပဲ. . . ဒီ

www.foreverspace.com.mm





အတိုင်းထားလို့ဘယ်ဖြစ်မှာမလဲ. . ကဲပါကွာ. . လာပါ. . လာ. . ”

ဆိုပြီး အတည့်ကိုဝိုင်းဆွဲပြီး မိမ့ုံလေးရဲ့အသက်မဲ့ခန္ဓာကိုမြေချဖို့လုပ်တော့. . .

“မလုပ်ကြပါနဲ့ဗျာ. . . ဖယ်ကြပါ. . . ကျုပ်ကိုမဆွဲကြပါ နဲ့ မိမ့ုံလေးကိုမြေချရင် ကျုပ်ကိုပါချပါဗျာ. . . ကျုပ်မိမ့ုံနဲ့လိုက်သွားမယ် မောင်ကြီးလိုက်ခဲ့မယ်. . . မိမ့ုံနဲ့အတူကျုပ်ကိုပါမြေမြှုပ်လိုက်ကြပါ. . ကျုပ်ကိုပါမြေမြှုပ်လိုက်ပါ. . . အဟီး. . ဟီး. . . ”

ဆိုပြီး အတင်းရုန်းပြီးမြေကျင်းဆင်းဖို့လုပ်တယ်။ ဒါကိုဘေးနားကလူတွေကအတင်းဝိုင်းဆွဲပြီး. . .

“မလုပ်ပါနဲ့အတည်ရယ်. . အစဉ်အလာအတိုင်းလုပ်ပါကွာ . . နောင်ဘဝကောင်းအောင်သာဆုတောင်းပေးလိုက်ပါကွာ. . . ”

“ဟုတ်သားအတည်ရယ်. . ဒါကရုပ်ပစ္စည်းပဲ. . ဖြစ်ချိန် တန်ဖြစ် ပျက်ချိန်တန်ပျက်ခဲ့ပြီပဲ. . ဘာတတ်နိုင်ဦးမှာလဲ. . . လာပါကွာ. . လာပါ. . မင်းမိမ့ုံကိုဘယ်လောက်ချစ်တယ်ဆိုတာ ငါတို့သိပါတယ်ကွာ. . . ”

ချော့လေ အတည်ကရောင့်တက်လေပဲ. . .။ မရဘူး. . .

“ခင်ဗျားတို့သိတာနည်းနည်းလေးပါဗျာ. . . မိမ့ုံနဲ့ ကျွန်တော်က သေတူရှင်မကွာနေပြမယ်လို့ ကတိပြုထားခဲ့ကြတာ . . . ဟောဒီ ကျုပ်ရင်ဘတ်မှာ မှုံဆိုတဲ့ဆေးမင်ဟာ မှုံကိုစွဲလမ်းမှုပြယုဂ်ပါဗျာ. . . မိမ့ုံလေး သေရင်ကျုပ်လိုက်သေမယ်. . . မိမ့ုံလေးကို မြေမြှုပ်ရင် ကျုပ်ကိုလည်း မြှုပ်လိုက်ကြပါ. . . ”

ဆိုပြီး အတင်းကျင်းထဲဆင်းလို့ လူလေးငါးယောက်က မျက်ရည်တစမ်းစမ်းနဲ့လိုက်ဆွဲနေရတယ်. . .

“မလုပ်ပါနဲ့အတည်ရယ်. . ဒါမျိုးက အဖန်ငါးရာငါးကမ္ဘာတဲ့ကွ. . . မလုပ်ကောင်းတာမလုပ်ပါနဲ့ကွာ. . . . ”

www.foreverspace.com.mm



"ဟုတ်သားအတည်ရာ. . သေသူကသေသွားပြီကွ ဘဝခြားသွားပြီ. . မင်း လိုက်သေလို့ဘယ်ဖြစ်မလဲကွ. . ."

ဆိုပြီး လူလေးငါးယောက်လောက်က နားချပြီး အတင်းဝိုင်းဆွဲကြတယ်။ ဒါကို အတည်က လူတွေကြားထဲအတင်းရုန်းထွက်ပြီး ငိုကြီးချက်မနဲ့. . .

"ခင်ဗျားတို့ကိုယ်ချင်းစာကြပါဗျာ. . ကျုပ်မိမှုံလေးကိုဘယ်လောက်ချစ်တယ်ဆိုတာခင်ဗျားတို့သိတယ်. . . ရုပ်ပစ္စည်းမကလို့ဘာဖြစ်ဖြစ်ကျုပ်မနေဘူး. . မိမှုံနောက်ကိုပဲလိုက်မယ် မှုံလေးရေ မောင်ကြီးတည်လိုက်ခဲ့မယ်. . . မောင်ကြီးတည်လိုက်ခဲ့ပါရစေကွယ်. . ."

ဆိုပြီး ဝိုင်းဆွဲတဲ့ကြားက အတင်းရုန်းကန်ပြီး မြေကျင်းထဲအတင်းဆင်းဖို့လုပ်တယ်။ ဘယ်သူမှ ဆွဲလို့မရဘူး။ လူကြီးလေးငါးခြောက်ယောက် ဆွဲထားရတာ အားတောင်ကုန်နေပြီ။ အတည်ကရုန်းဆဲ။ ကြာတော့ ဦးချက်ဖောင်းလည်းသည်းမခံနိုင်တော့ဘူးထင်တယ်။ သက် ပြင်းကိုချပြီး. . .

"ကဲ . . ကဲ. . ဒီလောက်တောင်ဖြစ်နေရင်လည်းသူ့ဆန္ဒကိုဖြည့်ဆည်းပေးလိုက်ပါကွ. . . . မိမှုံနောက်ကိုသူလိုက်ချင်တယ်ဆိုရင်လည်းလိုက်ပါစေ. . . အချိန်လည်းသိပ်မရှိတော့ဘူး. . . ကဲကဲ. . . သူ့ကိုပါကျင်းထဲတွန်းချပေးလိုက် နှစ်ယောက်ပေါင်းပြီးမြေဖို့ပေးလိုက်ကြရအောင်. . ."

ဆိုပြီး လူအားလုံးဖယ်ပြီး အတည်ကိုမြေကျင်းထဲတွန်းချလိုက်တယ်။ ဝိုင်းဆွဲမယ့်လူကလည်းမရှိတော့။ မြေကျင်းထဲရောက်မှ အတည်က သူ့မိန်းမမိမှုံကိုတစ်လှည့် လူတွေကိုတစ်လှည့်ကြည့်ကာ. . .

"ဟာ. . ဟင်. . ကျွန်. . ကျွန်တော်ပြောတာ အဲဒီလိုမဟုတ်

သေးဘူးလေ. . . ”

ဆိုပြီး မြေကျင်းထဲကပြန်တက်ဖို့လုပ်တယ်။ ဒါကိုဦးချက်ဖောင်းကဂရုမစိုက်ပဲ. . .

“ကဲကဲ. . . နှစ်ယောက်လုံးကိုမြေဖို့ဖို့လုပ်ကြပါဦးကွာ. . ”

ဆိုပြီး မြေကြီးတွေကလော်ပြီး အတည့်မျက်နှာပေါ်ပစ်ထည့်လိုက်တယ်။ မြေကြီးတွေသူ့မျက်နှာပေါ် ဖြန်းခနဲမှန်တော့မှ အတည်လည်း သူ့ကိုမြေတကယ်ဖို့မယ်ဆိုတာသိပြီး. . .

“ဟာ. . ဟာ. . ဟာ. . မလုပ်. . မလုပ်ကြပါနဲ့. . ကျွန်တော်ပြောတာအဲဒီလိုမဟုတ်ဘူး. . အဲဒီလို့မဟုတ်ဘူးလေ. . အား. . ”

လို့အော်ရင်း ကျင်းပေါ်ကို ကုတ်ကတ်ပြီးပြန်တက်လာတယ်။ ဒါကိုဦးချက်ဖောင်းက သူ့ကိုဂေါ်ပြားနဲ့ပြန်တွန်းချလိုက်ပြီး. . .

“ကဲကဲကဲ. . . မြန်မြန်ဖို့ကြပါ. . အချိန်နှောင်းတော့မယ် တို့လည်းအလှူလုပ်ဖို့သွားရဦးမှာ. . . ”

ဆိုပြီး မြေကြီးတွေဝိုင်းဖို့တော့မှ အတည်က သေပြီးသားသူ့မိန်းမမိမှုံမျက်နှာကို ကြောက်လန့်တကြားကြည့်ကာ. . .

“ဟဟ. . . အဲဒီ. . အဲဒီလိုမလုပ်ကြနဲ့လေ. . ကျွန်တော်ပြောတာအဲဒီလိုမဟုတ်ဘူးလေ. . . ကျွန်တော်ရှင်းပြပါရစေ. . . ကျွန်တော် ရှင်းပြမယ်နော်. . . ”

လို့ ဗလုံးဗထွေးအော်ပြီး ကျင်းပေါ်ပြန်အတက် ဦးချက်ဖောင်းက. . .

“သြော်. . . ဒီမသာကလည်းမြေဖို့တာငြိမ်ငြိမ်မနေဘူး. . ”

ဆိုပြီး ဂေါ်ပြားနဲ့ပြန်တွန်းချလိုက်တယ်။ အဲဒီတော့မှ အတည် သူ့မိန်းမမိမှုံပေါ်မှောက်လျက်လဲကာ သေပြီးသားသူ့မိန်းမမျက်နှာကို အနီးကပ်မြင်ပြီး. . .

www.foreverspace.com.mm





"အား. . ."

ကြောက်လန့်တကြားအော်သံနက်ကြီးနဲ့အော်ကာ ကျင်းထဲကပြန်ယက်တက်ဖို့လုပ်တယ်။ မျက်လုံးကြီးပြူးမျက်နှာကြီးပျက်ကာ ပါးစပ်ကလည်း . . .

"မဟုတ်ပါဘူးဗျာ. . . မဟုတ်ပါဘူး. . . ကျွန်တော်ပြောပြမယ်. . . အပေါ်ရောက်ရင် ကျွန်တော်ရှင်းပြမယ်. . . အပေါ်ရောက်ရင်ပြောပြမယ်. . . ကျွန်တော်ပြောတာအဲလိုမဟုတ်ပါ ဘူး. . . ကျွန်ကျွန်တော့်ကို မသာနဲ့အတူ မြေမဖို့လိုက်ကြပါနဲ့. . . ကျွန်တော်ကြောက်လို့ပါ. . ."

ဆိုပြီး ကျင်းထဲကမျက်နှာငယ်လေးနဲ့ အသည်းအသန်ပြေးတက်လာတယ်။ အဲဒီတော့မှ ဦးချက်ဖောင်းက ဂေါ်ပြားကိုမြေကြီးထောက်ပြီး. . .

"ကဲပြော. . . မင်းမိမ္မနဲ့လိုက်သေဦးမှာလား. . သေမှာဆို ငါပြန်တွန်းချပေးမယ်. . ."

"ဟင့်အင်း. . ဟင့်အင်း. . . ကျွန်တော်သေချင်သေးဘူး . . ကျင်းထဲတော့ပြန်တွန်းမချပါနဲ့ ကျွန်တော်သရဲကြောက်လို့ပါ. . ."

ဆိုပြီး သေပြီးသားသူ့မိန်းမမျက်နှာကိုတစ်လှည့်ကြည့်လိုက် ဦးချက်ဖောင်းကိုတစ်လှည့်ကြည့်လိုက်နဲ့တောင်းပန်တယ်။ ဒါကို ဦးချက်ဖောင်း ကျင်းပေါ်ပေးမတက်သေးဘဲ. . .

"ဒါဆို မင်းခုနက ဘာလို့လိုက်သေမယ်လို့ပြောတာလဲ"

ဦးချက်ဖောင်းအမေးကို အတည်ကမျက်လုံးလေးကလယ်ကလယ်နဲ့. . .

"ဟိုဟို. . . ဆွဲမယ့်လူရှိလို့ပါ. . ."

အတည်ရဲ့အဖြေကြားမှာဦးချက်ဖောင်းသက်ပြင်းချပြီး.

"အေး. . ဒါဆို နောက်မလုပ်နဲ့. . . တက်. . ."



www.foreverspace.com.mm

ဆိုပြီး ကျင်းပေါ်ပြန်ဆွဲတင်လိုက်တယ်။ အဲဒီတော့မှ အတည်လည်းကြောင်စီစီနဲ့ ကျင်းနှုတ်ခမ်းဘေး ဆောင့်ကြောင့်လေးထိုင်ကာ ဟိုကြည့်ဒီကြည့်နဲ့ဖြစ်နေတယ်။ သူ့ခမျာ ချစ်လှပါတယ်ဆိုတဲ့ သူ့မိန်းမ ကိုကြည့်လိုက်၊ ကြက်သီးမွေးညှင်းတွေထလိုက် သူ့မိန်းမကို ကြည့်လိုက် ကြောက်လိုက်နဲ့ဖြစ်နေတယ်။

အားလုံးမြေဖို့ပြီးတဲ့အထိကို ငိုလည်းမငိုတော့ဘူး၊ ဝင်လည်းမကိုင်တော့ဘူး။ အားလုံးပြီးစီးသွားလို့ လူအားလုံးပြန်သွားမှ အတည်က သူ့မိန်းမမှတ်တိုင်လေးကိုကြည့်ပြီး . . .

"မောင်ကြီးတည်သွားတော့မယ်နော် . . . တာ့တာ . . . ဖလိုင်းကစ်(စ်). . . "

ဆိုပြီး ဖလိုင်းကစ်(စ်) လုပ်ပြီး နှုတ်ဆက်တယ်။ ဒီတော့မှ အစကတည်းကအမြင်ကတ်နေတဲ့ ဦးဖြားကြီးက ဘာမပြောညာမပြောနဲ့ဖင်ပိတ်ကန်လိုက်တယ်။ အတည်ကဘာမှပြန်မပြောပါဘူး။ လှည့်လည်းမကြည့်ဘူး။ ဒါမျိုးဘယ်သူလုပ်မယ်ဆိုတာ သိပြီးသားပဲဟာ။ခေါင်းကြီးငိုက်စိုက်ငိုက်စိုက်နဲ့ ခပ်လေးလေးပြန်ချသွားတယ်။

■ ■ ■

www.foreverspace.com.mm

# "တောက်"

ဦးဖြားကြီးရဲ့တောက်ခတ်သံကကျယ်တယ်။ သူ့ခမျာဘယ်လောက် ဒေါသထွက်နေတယ်မသိဘူး။ မျက်နှာကနီရဲ့မကဘူး မည်းပါမည်းတက်နေတယ်။

"ချက်ဖောင်း. . ချက်ဖောင်း. . ဒီကောင်ငါ့ကိုကျောပေါင်းများပြီးကွ. . ."

သူ့ရဲ့မချိတင်ကဲစကားကို ဘေးကကြည့်နေတဲ့ လတ်လတ်ဆတ်ဆတ်မုဆိုးဖိုအတည်က. . .

"ဟုတ်တယ်ဦးလေး. . . ဒီလူကြီးဦးလေးကို နှာနုဖြတ်ရိုက်တာကြာပြီ. . . ကျွန်တော့်တုန်းကလည်းတစ်ခါ. . တံတားဆောက်တုန်းကလည်းတစ်ခါ. . အခုလည်းကြည့်ပါလား ဆရာမလေးနဲ့ရွှေ



လက်တွဲနေပြန်ပြီ. . . ဒီအတိုင်းဆက်အရိုက်ခံနေရရင် ဦးလေးလဲ နှာအရိုးမရှိတဲ့သူဘဝ. . နှာတိုဘဝ. . . အနူဘဝရောက်တော့မှာ နော် . . ကံမကောင်းရင် သူတောင်းစားတောင်ဖြစ်နိုင်တယ်. . . ”

အတည့်စကားကြောင့်ဦးဖြားကြီး သူ့ရဲ့ပြားကပ်ကပ်နှာ ခေါင်းကိုပြန်စမ်းမိတယ်။ နောက်မှ အသိပြန်ဝင်သွားပြီး. . .

“တယ်. . . ဒီကောင်ကလည်းတမျောင့်. . . ဒီမှာ ဒီကောင့် ကိုဘယ်လို လက်စားချေရမှန်းမသိဖြစ်နေတဲ့ကြားထဲ. . . ငါဖင် ပိတ် ကန်လိုက်ရ. . . ”

သူ့စကားကြောင့် ဘေးနားကသူ့လက်ရင်းတပည့် ဝက် ကလေးက. . .

“လွယ်ပါတယ်ဦးကြီးရာ. . လွယ်ပါတယ်. . အခုသူတို့ရှင် ပြုပွဲ အရှေ့သစ်ပင်လှကိုရောက်နေပြီပဲ. . . အဲဒီအထဲမှာ သူ့အချစ် ဆုံး သားတော်မောင်ထွန်းနိုင်လည်းပါတယ်လေ. . . ”

ဦးဖြားကြီးမျက်မှောင်ကြုတ်လိုက်ပြီး. . .

“သူ့သားပါလာတော့ ငါကဘာလုပ်ရမှာတုံး. . ”

ဝက်ကလေးက မြိန်မြိန်ကြီးပြုံးလိုက်ပြီး. . .

“ဒီလိုလေဦးလေးရဲ့. . . သူတို့အလှူပွဲပြီးလို့ပြန်တဲ့အခါ . . မောင်ထွန်းနိုင်ကို. . . ”

ကျန်တဲ့စကားတွေကိုတော့ ဝက်ကလေးဦးဖြားကြီးနားနား ကပ်ပြီး ဘယ်သူမှမကြားအောင်ပြောလိုက်တယ်။

×-̥̊=× ×+×= +=×-×-̥̊× ×=+×-̥̊×/း×

×-+× ×-×= +=×+̥̊× ×=+×-++×+

×-̥̊=× ×+×= /+=×-×-̥̊× ×=+×-̥̊×း×

×-+× ×-×= +=×+̥̊× ×=+×-++×-

ဝက်ကလေးရဲ့စကားဆုံးတာနဲ့ ဦးဖြားကြီးရဲ့မျက်နှာ ရေထိ



www.foreverspace.com.mm

www.foreverspace.com.mm

ပန်းလိုလန်းဆန်းသွားတယ်။

“အေး. . နိပ်ပဟ. . . ”

ဆိုတဲ့အသံကြီးက ရင်ခေါင်းသံကြီးနဲ့မို့ အတော်အားပါတယ်လို့ဆိုလို့ရတယ်။

■ ■ ■

www.foreverspace.com.mm

**အလှူပွဲ** ပြီးတော့ဦးချက်ဖောင်းတို့အဖွဲ့ပျော်တပြုံးပြုံးနဲ့လှေ ဆိပ်ပြန်ဆင်းလာကြပြီ။ လှေဆိပ်ပြန်ဆင်းလာတော့ ဦးချက်ဖောင်းက သူ့သားမောင်ထွန်းနိုင်ကိုတောင် မခေါ်တော့။ ဆရာမလေးသာ လှေပေါ်တွဲတင်လိုက်တယ်။ ဇော ကပ်နေတဲ့ မျက်နှာက ပြုံးဖြီးဖြီးကြီးနဲ့။

"လှေပေါ်ကိုဆရာမလေးတက်လိုက်. . သားကယောကျ်ား လေးပဲကွာ ကြုံရာလှေနဲ့ လိုက်ခဲ့. . . လှေမရရေကူးပြန်လို့ရတာပဲ. . ဟုတ်ဘူးလား. . ဟားဟား. . ."

ဆိုပြီးအရွှန်းဖောက်လိုက်သေးတယ်။ ဒါကိုအဖေအကြောင်း သိတဲ့ထွန်းနိုင်က. . .

"ရပါတယ်အဖေရယ်. . ကျွန်တော်နောက်လှေတွေနဲ့ လိုက် ခဲ့မယ်. . ."

www.foreverspace.com.mm

ဆိုပြီး ပြန်ဖြေလိုက်တယ်။ အဲဒီတော့မှချက်ဖောင်းက. . .

"အေး. . ကျေးဇူးပဲငါ့သားကိုင်း. . ဒါဆိုသွားကြမယ်. . "

လို့ သူ့လူတွေကို အချက်ပြပြီး သူ့လှေကိုရှေ့ဆုံးကဦးဆောင်ပြီး လှော်ထွက်သွားတော့တယ်။ ထွန်းနိုင်က တခြားလွတ်နေတဲ့လှေကိုရှာနေတုန်းမှာပဲ. . .

"ချွတ်ချွတ်. . . ချွတ်ချွတ်. . . မောင်ထွန်းနိုင်. . . "

သူ့နားက ခပ်တိုးတိုးခေါ်သံကြားတော့. . .

"ဟင်. . . "

သူနဲ့မလှမ်းမကမ်း ပိတောက်ပင်ခြေရင်းမှာ သူ့ကိုလက်ယက်ခေါ်နေတဲ့ဝက်လေး။ သူမေးငေါ့ပြီး. . .

"ဘာလဲ. . . "

ဆိုပြီး အသံတိတ်မေးလိုက်တယ်။ ဒါကို ဝက်ကလေးကအသံမထွက်ဘဲလေသံလေးနဲ့ပြောလိုက်တယ်။

"သော်တာခေါ်ခိုင်းလိုက်လို့. . . "

"ဟင်. . . "

သော်တာဆိုတဲ့အသံကြားတော့ ထွန်းနိုင်မျက်ခုံးတွေမြင့်တက်သွားတယ်။ နောက်ဘေးဘီဝေ့ကြည့်ပြီး ဝက်ကလေးရှိရာ ပိတောက်ပင်အောက်ကိုပြေးကပ်လိုက်တယ်။ ဝက်ကလေးက သူ့လက်ကိုဆွဲပြီး. . .

"သော်တာခေါ်ခိုင်းလိုက်လို့ အခုချက်ချင်းသူ့ဆီကိုလာခဲ့ပါတဲ့. . . "

ဝက်ကလေးစကားကြောင့် ထွန်းနိုင်မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဘာအရေးကြီးတဲ့ကိစ္စတဲ့လဲ. . . "

ဝက်ကလေးက လက်ကာပြပြီး အသံတိုးတိုးနဲ့. . .

www.foreverspace.com.mm





"အဲဒါတော့ ငါမသိဘူး. . . "

"ဒါဆို သူ့အဖေဦးပြားကြီးရော. . . "

"ဦးလေးက ဘုန်းကြီးကျောင်းမှာ တစ်ရွာလုံးဘုန်းကြီးကျောင်းမှာ. . . "

"ကဲ. . ဒါဆိုလည်းသွားရအောင်. . . "

ဆိုပြီး ဝက်ကလေးလက်ဆွဲပြီး ရွာထဲဝင်ဖို့အပြင်. . .

"ငါ. . . ငါမလိုက်တော့ဘူးလေ. . . "

ထွန်းနိုင်မျက်မှောင်ကြုတ်သွားပြန်တယ်။

"ဘာဖြစ်လို့လဲ. . . "

"ငါလိုက်လို့ဘယ်ဖြစ်မလဲကွ. . . သူ့အဖေဦးပြားကြီးက ငါ့အခုလိုအောင်သွယ်လုပ်ပေးတာသိရင် ငါ့သတ်မှာပေါ့. . . "

အဲဒီတော့မှ ထွန်းနိုင်သဘောပေါက်သွားပြီး. . .

"ကဲ. . ဒါဆို ကျွန်တော်သွားမယ်. . . "

ဆိုပြီး အရှေ့သစ်ပင်လှရွာထဲ ခပ်သုတ်သုတ်လှမ်းဝင်သွားတယ်။

■ ■ ■

www.foreverspace.com.mm

# အရှေ့

သစ်ပင်လှမှာ ဒီနေ့တစ်ရွာလုံးခြောက်ကပ်ငြိမ်သက်နေတယ်။ ထွန်းနိုင်တစ်ယောက်သာ လူမြင်မှာစိုးလို့ ကုပ်ချောင်းချောင်းခြေလှမ်းမျိုးနဲ့ လှမ်းလာပေမယ့် သူ့ကိုကြည့်မယ့်လူတစ်ယောက်မှမရှိဘူး။ ပထမတော့ ဇဝေဇဝါဖြစ်နေပေမယ့် နောက်တော့ တစ်ရွာလုံးဘုန်းကြီးကျောင်းရောက်နေတယ်ဆိုတဲ့အသိနဲ့ ချောက်ချားစိတ်တွေပြန်ငြိမ်သက်သွားတယ်။ ဒါပေမယ့် သိတယ် မဟုတ်လား။ စိတ်ကမလုံဘူးလေ။ မတော်တဆ တစ်ယောက်ယောက်များမြင်သွားခဲ့ရင် ခေါင်းနဲ့ကိုယ်အိုးစားကွဲသွားနိုင်တယ်။ ဒါကြောင့် ခြေလှမ်းကိုလိုသည်ထက်ပိုသွက်လိုက်ပြီး ဦးပြားကြီးတို့ အိမ်ဘက်လှမ်းဝင်လိုက်တယ်။

"သော်တာ. . . သော်တာ. . ."

အသံကိုသိပ်ကျယ်ကျယ်လည်းမထွက်ရဲဘူး။ သော်တာထွက်

www.foreverspace.com.mm





လာနိုး ထွက်လာနိုးနဲ့ လှမ်းအော်တယ်။ အိမ်ထဲမှာ လှုပ်ရှားသံအရိပ်အယောင်ဘာမှမမြင်ရဘူး။

"သော်တာ. . သော်တာရေ. . . "

အိမ်ထဲက အရိပ်တစ်ခုမြင်ရတယ်။ နောက် အဲဒီအရိပ်ကလေးအိမ်ရှေ့ထွက်လာတယ်။

"သော်တာ. . . "

ထွန်းနိုင်ကိုမြင်တော့ သော်တာအံ့အားသင့်သွားတယ်။ သူလည်း ထမင်းချက်နေရင်းတန်းလန်းနဲ့ထလာလို့ထင်ရဲ့ လက်ထဲမှာလည်း ယောက်မကြီးတန်းလန်းနဲ့။

သော်တာကိုတွေ့တာနဲ့ ထွန်းနိုင်ကအိမ်ပေါ်ပြေးတက်သွားတယ်။

"ဟင်. . . ကို. . . ကိုထွန်းနိုင်. . . ရွာထဲဘာလာလုပ်တာလဲဟင်. . ဘာလာလုပ်တာလဲ. . . "

ဆိုပြီး အိမ်ရှေ့ပြေးထွက်လာတယ်။ သော်တာရဲ့စကားကြောင့်ထွန်းနိုင်မျက်လုံးပြူးသွားပြီး. . .

"ဟင်. . . သော်တာပဲ အိမ်လာခဲ့ဖို့မှာလိုက်တယ်ဆို. . . "

ဆိုတော့ သော်တာပါအံ့အားသင့်သွားပြီး. . .

"ဟင့်အင်း. . ဟင့်အင်း. . သော်တာဘယ်သူ့ကိုမှမမှာလိုက်ပါဘူး. . . "

"ဟင်. . . ဒါ. . . ဒါဆို. . . "

ထွန်းနိုင်ရဲ့စကားတောင်မဆုံးလိုက်ဘူး ကြားရတဲ့အသံကြီးက. . .

"ဟိတ်. . . ဟိုမှာ. . . ဟိုမှာ. . . ဟိုကောင်မိပြီ. . . ဟေ့ကောင်မပြေးနဲ့. . . "

ဆိုတဲ့အသံနဲ့အတူ ခြံအနှံ့က ဦးပြားကြီးခေါင်းဆောင်ပြီး

www.foreverspace.com.mm



ထွက်လာတဲ့ အရှေ့သစ်ပင်လှရွာသားများ။ လက်ထဲမှာလည်း တုတ်တွေဓားတွေကိုယ်စီနဲ့။

ရုတ်တရက်ဖြစ်လာတဲ့အခြေအနေကြောင့် နှစ်ယောက်လုံး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ တစ်ယောက်ကိုတစ်ယောက်ကြောင်ငေးကြည့်နေကြတယ်။

"ဟေ့ကောင်. . မင်းကများငါ့သမီးကို ပိုင်စိုးပိုင်နင်းနဲ့ လွှတ်လိုက်စမ်းဟေ့ကောင်. . . "

ဦးဖြားကြီးရဲ့ ဒေါသတကြီးအော်သံ။

"အဖေ. . . အဖေ. . . အဖေမှားမယ်. . အဖေ. . . "

သော်တာရဲ့တောင်းပန်စကား။

"တိတ်စမ်းခွေးသမီး. . . နင်ဖယ်လိုက်. . အဲဒီကောင်ကို ဖမ်းထားလိုက်ကြစမ်း. . . "

ဦးဖြားကြီးရဲ့အမိန့်ပေးသံနဲ့ ရွာသားတွေက ထွန်းနိုင်ကိုဝိုင်းဖမ်းလိုက်တယ်။

"အဖေ. . အဖေ အဲဒီလိုမတရားမလုပ်ပါနဲ့. . မလုပ်ပါနဲ့"

သော်တာရဲ့အော်သံ။ ဦးဖြားကြီးခါးထောက်ပြီးရယ်လိုက်သည်။

"ဟားဟား. . ချက်ဖောင်းသားနဲ့ပတ်သက်လာရင် မတရားတာမရှိဘူး. . . ဟေ့ကောင်တွေ. . . ဒီကောင့်ကိုကြိုးချည်ထားလိုက်ကြစမ်း. . . ဟိုကောင်မကိုလည်းဆွဲထားကြ. . . "

ပြောတိုင်းလုပ်တတ်တဲ့ရွာသားအားလုံးက ထွန်းနိုင်တစ်ကိုယ်လုံးကို ကြိုးတုပ်လိုက်တယ်။ သော်တာကိုလည်း ဝိုင်းဆွဲထားကြတယ်။ သော်တာကရွာသားတွေလက်ကရုန်းကန်ပြီး. . .

"အဖေ. . . အဲဒီလိုမလုပ်နဲ့. . . ကိုထွန်းနိုင်မှာဘာအပြစ်မှရှိတာမဟုတ်ဘူး. . . "

www.foreverspace.com.mm





သော်တာ့စကားကြားတာနဲ့ ဦးဖြားကြီးမျက်နှာချက်ချင်း ခက်ထန်သွားပြီး. . .

"အပြစ်မရှိဘူးဟုတ်လား. . အခုဒီကောင် ငါ့ခွင့်ပြုချက်မရ ပဲ အိမ်ထဲဝင်လာတာအပြစ်ပေါ့ကွ. . . ဒါပိုင်နက်ကျူးလွန်မှု. . . ဟား . . . ဟား. . ဒီလောက်ကြီးကျယ်တဲ့အပြစ်ရှိဦးမလား. . . ဟေ့ကောင်တွေ . . မလွတ်စေနဲ့ ဒီကောင့်ကိုပိုင်နက်ကျူးလွန်းမှုနဲ့ ထောင်ထဲပို့မှာ ဟားဟား. . . "

ဦးဖြားကြီးဆီက အောင်မြင်မှုအတွက် ဂုဏ်ယူသောအသံ။ သော်တာက သူ့ကိုဆွဲထားသူများလက်ကရုန်းကန်ပြီး. .

"အဖေရယ်. . . အဲဒီလိုမလုပ်ပါနဲ့. . . ကိုထွန်းနိုင်သာ ထောင်ထဲရောက်ရင် သမီးရင်ကွဲရမှာအဖေရဲ့. . . "

ဦးဖြားကြီးက သူ့သမီးဖျတ်ခနဲကြည့်တယ် . . .

"ရင်ကွဲမယ်ဟုတ်လား. . နင့်ဖာသာနင်ရင်မကလို့ဘာပဲကွဲ ကွဲ. . . ငါကတော့ငါ့ကိုတစ်သက်လုံးအရှက်ခွဲလာတဲ့ချက်ဖောင်းသား ကို ထောင်ထဲထည့်ရမှကျေနပ်မယ်. . . ကဲဟေ့. . ဒီကောင့်ကိုခဏ ချုပ်ထားလိုက်. . . ငါမြို့ကဂါတ်ကိုသွားဖို့စီစဉ်လိုက်ဦးမယ်. . . "

ဆိုပြီး ခြေလှမ်းကျဲကြီးနဲ့အိမ်ပေါ်တက်သွားတယ်။

ရွာသားအားလုံးကတော့ ထွန်းနိုင်ကို သနားတဲ့မျက်လုံးလား မကျေနပ်တဲ့ မျက်လုံးလားတော့ ခွဲခြားမသိနိုင်တဲ့မျက်လုံးမျိုးနဲ့ စိုက် ကြည့်နေကြတယ်။ သော်တာ့ဆီကငိုရှိုက်သံကြားနေရတုန်း။

ခဏကြာတော့ သော်တာမျက်ရည်တွေသုတ်လိုက်ပြီး လူ ကြားထဲကထွက်သွားတာ တွေ့လိုက်ရတယ်။ လူတွေကသူ့ကိုဂရုမစိုက် နိုင်ဘူး။ တရားခံလို့သမုတ်ခံထားရပြီး တစ်ကိုယ်လုံးကြိုးတုတ်ခံထား ရတဲ့ ထွန်းနိုင်ကိုသာစိုက်ကြည့်နေကြတယ်။ ထွန်းနိုင်ကတော့ လူပုံ အလယ် ဒူးထောက်လျက်။

www.foreverspace.com.mm





သိပ်မကြာခင်မှာ ဦးပြားကြီးအားလုံးပြင်ဆင်ပြီး အိမ်ပေါ်ကဆင်းလာတယ်။

"ကဲ. . နေမစောင်းခင် ဒီကောင့်ကို ဂါတ်တဲပို့ရအောင်. . သော်တာ့ကိုစောင့်ရှောက်ဖို့ အိမ်မှာမိန်းကလေးတွေနေခဲ့ကြ. . ."

ဆိုပြီး လူအုပ်ဘက်ဝေ့ကြည့်ကာ. . .

"ဒါနဲ့ သော်တာရော. . ."

အားလုံးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြတယ်။ နောက်ပြီး သော်တာ့ကိုဝေ့ရှာကြတယ်။ သော်တာ့ကိုလူအုပ်ကြားထဲ မတွေ့ရတော့ဘူး။

"အခုနက သော်တာအိမ်ဘက်ပြန်တက်သွားတာတွေ့ရတာပဲ. . ."

ဝက်ကလေးရဲ့အသံ။ ဦးပြားကြီးချက်ချင်းအိမ်ပေါ်ပြန်တက်သွားတယ်။

"သော်တာ. . . သော်တာ သမီးသော်တာ ဘယ်မှာလဲ"

အိမ်ထဲကထူးသံမကြားရ။ အဲဒီအချိန်မှာပဲ ရွာထိပ်ကပြေးလာ တဲ့လူတစ်ယောက်။

"သော်တာမြစ်ဆိပ်ကနေ ဟိုဘက်ရွာကိုတစ်ယောက်တည်း လှေလှော်သွားတာတွေ့လိုက်တယ်. . ."

အားလုံးမျက်လုံးပြူးသွားတယ်။ အားလုံးထဲမှာ အချောက်ချားဆုံးက ဦးပြားကြီးပေါ့။

"ဟော့ဟော့. . လိုက်ကြစမ်း . . . လိုက်ကြစမ်း. . မြစ်ဆိပ်မှာ မီလောက်သေးတယ်. . ."

ဆိုပြီး အားလုံးမြစ်ဆိပ်ကိုပြေးဆင်းတော့ အနောက်သစ်ပင်လှကမ်းပေါ်ပြေးတက်သွားတဲ့ သော်တာ့ကိုတွေ့လိုက်ကြရတယ်။

■ ■ ■

www.foreverspace.com.mm

**အနောက်** သစ်ပင်လှရွာထဲသို့ ငိုကြီးချက်မနဲ့ပြေးဝင်လာတဲ့ ဦးပြားကြီးသမီးသော်တာကိုမြင်တော့ အားလုံး အံ့အားသင့်သွားကြတယ်။ နောက်ဘာဖြစ်လို့လဲဆိုတာသိချင်တာနဲ့ သူ့နောက်ပြေးလိုက်လာကြတယ်။ သော်တာကတော့ ဘယ်သူ့ကိုမှဂရုမစိုက်နိုင်ဘဲ ဦးချက်ဖောင်းအိမ်ထဲသာ ပြေးဝင်သွားတယ်။

"ဆရာမ. . ဆရာမ. . ကယ်ပါဦးဆရာမရယ်. . ."

ဆိုပြီး အော်တယ်။ သူ့အော်သံကြောင့် အိမ်ထဲအဝတ်အစားလဲနေတဲ့ဆရာမနဲ့ အိမ်သုံးဖို့ရေခပ်နေတဲ့ ဦးချက်ဖောင်းတို့ ပြေးထွက်လာပြီး. . .

"ဟော့ဟော့. . ဘာဖြစ်လို့လဲ. . ."

"ဘာဖြစ်တာလဲဟင်. . သော်တာ. . ."

သော်တာကိုမြင်တော့ နှစ်ယောက်လုံးအံ့အားသင့်သွားတယ်။

www.foreverspace.com.mm





"ဟာ. . . ဖြားကြီးသမီး. . . "

"သော်တာ. . သော်တာဘာဖြစ်တာလဲ. . . "

သူတို့နှစ်ယောက်ရဲ့အလောတကြီးအမေး။ သော်တာက ဟီးခနဲငိုချလိုက်တယ်။

"ကို. . ကိုထွန်းနိုင်ကိုအဖေတို့ဖမ်းထားလိုက်ကြပြီ. . . "

"ဘာ. . "

"ဘာလို့. . . "

သော်တာရဲ့စကားကြောင့် နှစ်ယောက်လုံးအံ့အားသင့်သွားကြတယ်။ နောက်မှ ဦးချက်ဖောင်းဒေါသတကြီးနဲ့. . .

"ဒီကောင်က ငါ့သားကိုဘာလို့ဖမ်းလိုက်ရတာလဲ. . . "

ဦးချက်ဖောင်းရဲ့အမေးကို သော်တာက မျက်ရည်တွေသုတ် ပြီး . . .

"ကို. . ကိုထွန်းနိုင်က သမီးတို့အိမ်ထဲဝင်လာလို့တဲ့. . . အဲဒါ ပိုင်နက်ကျူးလွန်းမှုနဲ့တရားစွဲမယ်ဆိုပြီး မြို့ကဂါတ်တဲကိုပို့မလို့တဲ့"

"ဘာကွ. . ငါ့သားကိုဒီကောင်က ပိုင်နက်ကျူးလွန်းမှုနဲ့တရားစွဲမလို့. . ဟုတ်လား. . . ဒီထွန်းနိုင်ဆိုတဲ့ကောင်က အဲဒီအိမ်ထဲ ဘယ်လိုရောက်သွားတာလဲ. . . "

"သမီးချိန်းလို့တဲ့. . . သမီးလည်းမချိန်းရပါဘဲနဲ့. . . "

"တောက်. . . ဒီကောင်အကွက်ဆင်ပြီ. . . "

ဖြားကြီးတမင်အကောက်ကြံဖမ်းထားပြီးမှန်း သိလိုက်ရပြီ။ အခုသူ့သားက ဖြားကြီးလက်ထဲမှာဆိုတော့ ဘာတတ်နိုင်ဦးမှာလဲ။ ဒါကြောင့် သက်ပြင်းကိုချပြီး. . .

"ကဲ. . ဒါဆိုဘယ်လိုလုပ်ကြမှာလဲ. . . "

"ဒီလိုလုပ်ပါဦးရယ်သမီးကို ဦးတို့ပိုင်နက်ကျူးလွန်မှုနဲ့ပြန် ဖမ်းထားလိုက်ပါ"

www.foreverspace.com.mm



"ဟေ. . . "

သော်တာ့စကားကြောင့် ဦးချက်ဖောင်းမျက်ခုံးအစုံမြင့်တက်သွားတယ်။ ပြီးတော့. . . အပြုံး. . . ။

■ ■ ■

www.foreverspace.com.mm

**အဲဒီ** နေ့က ရန်လိုချောင်းမှာလူအစည်ဆုံးလို့ပြောလို့ရမယ်။ ဖြစ် ချင်တော့ရန်လိုချောင်းကလည်း တောင်ကျရေတွေနဲ့ တဝေါဝေါဖြစ်နေတာ။ ကမ်းနှစ်ဖက်မှာတော့ အရှေ့သစ်ပင်လှရွာသားနဲ့ အနောက်သစ်ပင်လှရွာသားတွေ။ ကိုယ့်ကမ်းဘက်ကနေကိုယ်အဆင် သင့်ပြင်ထားကြတယ်။ သူတို့တွေရဲ့ရှေ့မှာကြိုးတုတ်လျက်ထားသော ထွန်းနိုင်နဲ့သော်တာ။ ထွန်းနိုင်က ဦးပြားကြီးလက်ထဲမှာ သော်တာက ဦးချက်ဖောင်းလက်ထဲမှာ။

"ဟေ့ကောင်ချက်ဖောင်း ငါ့သမီးကိုပြန်လွှတ်လိုက်စမ်း. . ပြန်မလွှတ်ရင် မင်းရောမင်းသားကို ပြန်ပေးဆွဲမှုနဲ့ ထောင်ထဲထည့်ရလိမ့်မယ်. . ."

ဦးပြားကြီးအော်သံ။ ဦးချက်ဖောင်းက. . .

www.foreverspace.com.mm





"အောင်မာ. . အောင်မာ. . သူခိုးကပဲ သူခိုးကို သူခိုးအော် နေသေးတယ်. . အဟေးဟေး. . . မင်းသာအကောက်ကြံပြီး ငါ့သား ကိုဖမ်းထားတာ. . ငါ့သားကိုလွှတ်ပေးရင်လွှတ်ပေး. . မလွှတ်ပေး ရင် မင်းသမီးကိုပိုင်နက်ကျူးလွန်မှုနဲ့ ငါကိုယ်တိုင်ထောင်ထဲထည့်ရ လိမ့်မယ်. . ."

"အောင်မာ. . . သူခိုးကလူကိုဟစ်လို့. . . မင်းသားက က လိမ်ကကျစ်ဉာဏ်နဲ့ ငါ့သမီးကိုစည်းရုံးထားတာ. . . မင်းသားကခိုး ချောင်ခိုးဝှက်နဲ့ငါ့အိမ်ထဲခိုးဝင်လာတာလူတိုင်းအသိ. . ."

"ဟေ့ကောင်. . အမှုကြီးအောင်မပြောနဲ့. . . ငါ့သားက မင်းအိမ်ထဲခိုးဝင်လာတာမဟုတ်ဘူး. . . မင်းသာသမီးချိန်းတယ် ဆိုပြီး တစ်ဖက်လှည့်နဲ့ခြံထဲအဝင်မှာဖမ်းတာ. . . ဒါမျိုးမလုပ် ကောင်းပါဘူး ဖြားကြီးရာ. . . မင်းကပြောတော့ဘုရားဒကာ. . ခေါင်းထဲမှာ ကလိမ်ကကျစ်ဉာဏ်တွေချည်းပဲ"

ဦးချက်ဖောင်းစကားကြောင့် ဦးဖြားကြီးအနာပေါ်တုတ်ကျ သွားသလိုဆတ်ဆတ်ခါနာသွားပြီး. . .

"ဟိတ်ကောင်တိတ်စမ်း. . . ကလိမ်ကကျစ်အစစ်ကမင်းမှ မင်းကွ. . ငါ့သမီးကိုတောင်ဘယ်လိုစည်းရုံးပြီးခေါ်ထားတယ်မသိဘူး ဘယ်မှာလဲငါ့သမီး. . . ငါ့သမီးကိုချက်ချင်းလွှတ်ပေးစမ်း. . လွှတ်မပေး လို့ကတော့ငါ့အကြောင်းမင်းသိမယ်မှတ်. . ."

"ဟားဟားဖြားကြီးရာ ချက်ဖောင်းကိုဒီလိုလုပ်လို့ဘယ်ရမှာ လဲကွ. . ငါ့သားကိုလည်းမင်းပြန်လွှတ်ပေးလိုက်စမ်းပါ. . မင်းလွှတ်ပေး လိုက်ရင် မင်းသမီးကိုငါလက်ဖျားနဲ့တောင်မထိဘဲ ပြန်လွှတ်ပေးလိုက် မယ်. . ."

"ဟေ့ကောင်မင်းစကားကိုမယုံဘူးကွ. . . ငါ့သမီးကိုအရင် လွှတ်ပေးလိုက်. . မင်းသာငါ့သမီးကိုလွှတ်ပေးလိုက်ရင် မင်းသားကို

www.foreverspace.com.mm





ငါကလည်းမလိုမရှိပါဘူးနော်. . ချက်ချင်းပြန်လွှတ်ပေးမှာပါ. . . ”

‘ဟားဟားဒါမျိုးရမလားကွ. . ငါကမင်းသမီးကိုလွှတ်ပေးပြီးမှ ငါ့သားကိုတရားစွဲ ဒါပဲမဟုတ်လားငပြား. . . ”

“ကဲ. . တော်ကြပါတော့ရှင်. . . ”

သူတို့ရဲ့အငြင်းအခုန်ကြားထဲဝင်လာတဲ့ သူတို့ရဲ့အသည်းကျော်ဆရာမ။

“ကျွန်မကပဲကြားဝင်ဆုံးဖြတ်ပါရစေ. . ရှင်တို့လုပ်ပုံကြောင့်ကလေးနှစ်ယောက်ဒုက္ခရောက်နေကြပြီ. . . ရှင်တို့ရဲ့ ပြိုင်ဆိုင်မှုတွေကြား ကလေးတွေကိုစားစာခံမလုပ်ကြပါနဲ့ရှင်. . . ”

ဆရာမရဲ့စကားကြောင့် နှစ်ယောက်လုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်။ ဆရာမကပဲဆက်ပြီး. . .

“ရှင်တို့နှစ်ယောက်ပြိုင်စရာမဟုတ်တာကို မာနထားပြီးပြိုင်ခဲ့ကြတယ်. . အဲဒီအကျိုးမဲ့ပြိုင်ဆိုင်မှုတွေကြောင့် ဘာကောင်းကျိုးတွေများဖြစ်ခဲ့လဲ. . . ဟောဒီတံတားကိုပဲကြည့်. . . ”

ဆရာမ ခနော်နီခနော်နဲ့ဖြစ်နေတဲ့ ဝါးတစ်ဖက်၊ ကြိုးတစ်ဖက်တံတားကိုလက်ညှိုးထိုးပြတယ်။ အားလုံးက ဘယ်တော့မှ အကောင်းအတိုင်းဖြစ်မလာနိုင်တဲ့ တံတားလေးကိုငေးကြည့်လို့။

“အခုလည်းရှင်တို့ရဲ့ပြိုင်ဆိုင်မှုအတွက် ကလေးတွေမနစ်မွန်းပါစေနဲ့ရှင်. . . ”

“ဒါဆို ကျွန်တော်တို့ဘယ်လိုလုပ်ရမှာလဲ. . . ”

ဦးချက်ဖောင်းနဲ့ဦးပြားကြီးရဲ့ ပြိုင်တူမေးသံ။ ဒါကိုဆရာမကပဲ. . .

“ရှင်တို့နှစ်ယောက်လက်ထဲမှာရှိတဲ့ကလေးနှစ်ယောက်ကိုပြိုင်တူလွှတ်လိုက်ပါ. . . သူတို့နှစ်ယောက်မိဘတွေဆီပြန်လာကြပါစေ. . . ”

www.foreverspace.com.mm





ဦးချက်ဖောင်းရောဦးပြားကြီးရောခေါင်းငိုက်စိုက်ကျသွားတယ်။ သူတို့ပြိုင်ဆိုင်မှုက ရှုံးပွဲမရှိ သရေဖြစ်သွားပြီ။

"ကဲ. . တစ်ယောက်အမှတ်စဉ်ရေပေးပါ. . . ရေနေတဲ့အချိန်မှာပဲကလေးတွေကိုကြိုးဖြည်ပေးကြပါ။ သုံးပြည့်တာနဲ့ ကလေးနှစ်ယောက်ကို ဟောဒီတံတားလေးပေါ်က မိဘတွေဆီဖြတ် ပြန်ကြပါစေ. . ."

ဆရာမရဲ့အော်သံ။ ဒါကိုနှစ်ဖက်ရွာသားတွေအားလုံး ဘယ်လိုသဘောပေါက်ကြတယ်မသိဘူး။ ရှိရှိသမျှအားလုံး တိုင်ပင်လိုက်အော်ကြတယ်။

"တစ်"

သူတို့ရဲ့အော်သံတွေက ရွာထဲသာမက ရွာအပြင်တစ်တောလုံးဟိန်းထွက်နေတယ်။

"နှစ်"

သူတို့ရဲ့လက်ထဲ ဓားတွေလှံတွေချပြီး လက်တွေကိုလေထဲဝှေ့ယမ်းနေကြတယ်။

"သုံး"

ရေသံဆုံးတာနဲ့ ဦးချက်ဖောင်းနဲ့ဦးပြားကြီးကလေးတွေကိုကြိုးစကိုယ်စီဖြေပေးပြီး ပြိုင်တူလွှတ်လိုက်ကြတယ်။

တံတားလေးပေါ်က နှစ်ယောက်သားမျက်နှာချင်းဆိုင်လမ်းလျှောက်သွားကြတယ်။ သူတို့ဝတ်ဆင်ထားတဲ့အဝတ်အစားတွေ လေထဲလွင့်ပျံနေတဲ့အပြင် ရန်လိုချောင်းရဲ့ရေအရှိန်ကြောင့် တံတားလေးနဲ့အတူ ခန္ဓာကိုယ်နှစ်ခုလုံးယိမ်းယိုင်နေတယ်။

နှစ်ဖက်ရွာသားများ မျက်တောင်ပင်မခတ် အပ်ကျသံပင်မကြား။ သူတို့နှစ်ယောက်ကိုငေးစိုက်ကြည့်နေကြတယ်။

သူတို့နှစ်ယောက်နီးသထက်ပိုနီးလာကြပြီ။ ကြည့်နေကြတဲ့

www.foreverspace.com.mm





လူတွေစိတ်ထဲမှာ သိချင်စိတ်ဝေခွဲမရတဲ့အရိပ်ယောင်တွေနဲ့ငြိမ်သက်စွာငေးနေတယ်။

ကြည့်နေစဉ်မှာပင် ကြိုးနဲ့ဝါးဆက်ထားတဲ့နေရာမှာ နှစ်ယောက်သားမျက်နှာချင်းဆိုင်ဆုံကြတယ်။ သူတို့ခြေလှမ်းတွေတန့်သွားတယ်။ အားလုံးသိချင်စိတ်တို့လည်းတဆန့်ဆန့်ဖြစ်ကုန်တယ်။ ခြေလှမ်းကိုမဆက်ဘဲ တစ်ယောက်ကိုတစ်ယောက်အကြာကြီးစိုက်ကြည့်နေကြတယ်။ ရွာသားအားလုံးလည်း သိချင်စိတ်နဲ့သူတို့ကို စိုက်ကြည့်နေကြတယ်။

လေတွေက သုန်သုန်တိုက်ခတ်နေတုန်း။ သူတို့ရဲ့အဝတ်တွေကလေထဲတဖျပ်ဖျပ်နဲ့။ သူတို့ခြေလှမ်းတွေ မရွေ့လျားသေးဘူး။ လူတွေရဲ့မျက်လုံးတွေကလည်း လုံးဝမရွေ့သေးဘူး။

နောက်နှစ်ယောက်လုံးလက်ကလေးတွေ ကမ်းပေးကြတယ်။ တစ်ယောက်ကိုတစ်ယောက်ဆုပ်ကိုင်လိုက်ကြတယ်။ နောက်နှစ်ယောက်လုံးတံတားနံဘေးကိုမျက်နှာမူလိုက်ကြတယ်။

"ဟင်. . ."

"သား. ."

"သမီး. ."

အာမေဋိတ်သံများ. . .။ ထွန်းနိုင်နဲ့သော်တာ တစ်ယောက်လက်ကိုတစ်ယောက်ကိုင်ရင်း ရန်လိုချောင်းထဲ 'ဝုန်း' ခနဲခုန်ချလိုက်ကြတယ်။

"ဟ. . လုပ်ကြပါဦး. . လုပ်ကြပါဦး. . သားရေထဲခုန်ချသွားပြီး. . ."

"သမီး. . . သမီး. . သမီး. . ."

ဦးဖြားကြီးနဲ့ ဦးချက်ဖောင်းဆီက စိုးရိမ်သံများ။ နောက်ဆရာမအပါဝင် သူတို့သုံးယောက် တံတားပေါ်ပြေးတက်သွားကြ

www.foreverspace.com.mm





တယ်။ နောက်ကျန်တဲ့ရွာသားတွေ ပိုစိုးရိမ်စိတ်နဲ့ တံတားပေါ်ပြေးတက်ဖို့လုပ်တော့ . . .

"ဟေ့ . . တံတားပေါ်မတက်ကြနဲ့ . . . လူအများကြီးဆိုတံတားကျိုးကျလိမ့်မယ် . . . "

"ဟုတ်တယ်ဟေ့ . . တံတားကသူတို့သုံးယောက်ဖြတ်တာတောင်နိုင်ချင်မှနိုင်မှာ . . . "

"အေးဟေ့ . . . ကမ်းပေါ်ကပဲကြည့်ကြရအောင် . . . "

တားမြစ်သံများနဲ့အတူ ရွာသားအားလုံးတံတားပေါ်မတက်ရဲဘဲကမ်းပေါ်မှာကျန်ခဲ့ကြတယ်။

ဟိုသုံးယောက်ကတော့ စိုးရိမ်တကြီးနဲ့ ခုနက ထွန်းနိုင်နဲ့သော်တာခုန်ချသွားတဲ့ ကြိုးတံတားအဆုံးနားပြေးသွားကြတယ်။ တံတားအလယ်လည်းရောက်ရော . . .

"ဟ . . . သွားပြီ ကျွန်တော့်သမီးလေးတော့သွားပါပြီဆရာမရယ် . . . "

ဆိုပြီး ဦးပြားကြီးက သူတို့နှစ်ယောက်အလယ်မှာရောက်နေတဲ့ဆရာမကိုဖမ်းကိုင်ပြီးငိုသံဝဲကြီးနဲ့ပြောတယ်။ ဒါကိုဦးချက်ဖောင်းကလည်းအားကျမခံ သူ့ဘက်ရောက်နေတဲ့ဆရာမရဲ့လက်ကို ဖျပ်ခနဲဆွဲပြီး . . .

"လုပ်ပါဦးဆရာမရယ် . . . လုပ်ပါဦး . . ကျွန်တော့်သားလေးတော့သေပြီထင်တယ် . . . အဟင့် . . ဟင့် . . . "

ဆိုပြီး ငိုတော့မယောင်မျက်နှာပေးနဲ့ပြောတယ်။

"ဘယ်လိုလုပ်မှာလဲဆရာမရယ် . . ဘယ်လိုလုပ်ကြမှာလဲ . . ကျွန်တော့်သမီးလေး . . သမီးလေး . . . ကူညီပါဦး ဆရာမရယ် . . . ဟီး . . "

ဆိုပြီး ကျလာတဲ့မျက်ရည်ကို သူ့လက်နဲ့တောင်မသုတ်ဘူး

www.foreverspace.com.mm





ဆရာမလက်ဖမိုးလေးယူပြီးသုပ်လိုက်တယ် ဒါကိုမြင်တော့ဦးချက်ဖောင်းကလည်း. . .

"ကယ်ပါဦးဆရာမရယ် . . . ကျွန်တော့်မှာဒီသားလေးတစ်ယောက်ထဲရှိတာ. . ဒီသားလေးမှမရှိရင်အစားထိုးဖို့မရှိတဲ့ကျွန်တော့်ဘဝဘယ်လောက် အထီးကျန်မယ်ဆိုတာဆရာမစဉ်းစားကြည့်ပါဗျာ. . အဟီး. . . "

ဆိုပြီး မျက်ရည်သုပ်သလို ဆရာမလက်ဖမိုးကိုဆွဲယူပြီးသူ့နှာခေါင်းကြီးနဲ့ရွှတ်ခနဲလုပ်လိုက်တယ်။ ဒါကိုမြင်လိုက်တဲ့ဦးပြားကြီးကအနိုင်မခံအရှုံးမပေးဘဲ. . .

"ဆရာမရယ်. . . ကျွန်တော့်မှာဒီသမီးလေးတစ်ယောက်ပဲရှိတာ. . . ဒီသမီးလေးမှမရှိရင်. . ဆရာမကယ်မှရမယ့်ဘဝပါဆရာမရယ်. . . ကံကြမ္မာရယ်ရက်စက်လိုက်တာ. . အဟင့်. . အဟင့်. . "

ဆိုပြီး ဆရာမလက်ဖမိုးလေးပေါ် သူမျက်နှာကြီးမှောက်တင်ပြီးရှိုက်နေတော့တာ။ ဆရာမကတော့ ကလေးတွေကိုစိတ်ပူတဲ့ ဇောနဲ့လတ်တလောအဖြစ်အပျက်တွေကိုမေ့နေတယ်ထင့်။ ဦးပြားကြီးရဲ့အပြုအမူကိုမြင်တော့ ဦးချက်ဖောင်းကနေမလား. . .

''အဟင့်. . . ကျွန်တော့်မှာ. . ကျွန်တော့်မှာဒီသားလေးတစ်ယောက်တည်းရှိတာဆရာမရယ်. . . အခုဒီသားလေးမှမရှိရင် ကျွန် တော်ဘယ်သူနဲ့နေရမှာတုံး. . ဆရာမကူညီမှသားလေးတစ်ယောက် ပြန်မွေးရမှာပါဗျာ. . အောင်မလေး ချက် ဖောင်းမင်းအဖြစ်ဆိုးလှ ချည်လား. . . အဟားဟား. . . ဟီး. . . "

ဆိုပြီးငိုချင်ယောင်ဆောင်ပြီး ဆရာမပခုံးတစ်ဖက်ကိုဖက်ပြီးသူ့မျက်နှာကြီးကို ဆရာမပခုံးပေါ်မှောက်တင်လိုက်ပြီး တသိမ့်သိမ့်လုပ်နေတော့တာ။

ဆရာမခမျာလည်း ဟိုကလေးနှစ်ယောက်ကိုရေထဲလိုက်ရှာ

www.foreverspace.com.mm





နေရတော့ သူ့ဇောနဲ့သူမို့ မသိပေမယ့် အခုတော့သိပြီ။ သူပြောမလို့ လုပ်တုန်းမှာပဲဦးဖြားကြီးက. . .

"အောင်မလေးဆရာမရဲ့ . . . ကျွန်တော့်သမီး ဘယ်လောက်လိမ္မာတယ်. . . ဘယ်လောက်ချစ်စရာကောင်းတယ်ဆိုတာ ဆရာမသိပါတယ်ဗျာ. . . ဒီလိုကလေးမျိုးက ဆရာမနဲ့ကျွန်တော်နဲ့ ပေါင်းပြီးပြန် မွေးမြူမှရမယ့်ကလေးမျိုးပါဗျာ. . . သော်တာရေ. . သမီးလေး. . . နောက်ဘဝရောက်မှ ဆရာမဗိုက်ထဲပြန်ဝင်စားတော့ကွဲ့. . အဟီး. . သမီးလေးသော်တာရဲ့. . . "

ဆိုပြီး သူလည်းဆရာမရဲ့ ပခုံးလေးပေါ်မှီပြီးငိုချလိုက်တယ်။ ကြာတော့ဆရာမလည်း သည်းမခံနိုင်တော့ဘူး။ ဟုတ်တယ်လေ။ ကလေးတွေရေထဲခုန်ချလို့ ဘာဖြစ်လို့ဖြစ်မှန်းမသိလို့ စိုးရိမ်နေရတဲ့ကြားထဲ။ ဒါကြောင့် မျက်နှာမာမာနဲ့ပဲမဆီမဆိုင်မေးချလိုက်တယ်။

"ကဲ. . . ရှင်တို့နှစ်ယောက်ကျွန်မကိုတကယ်ချစ်လား. . "

ဆရာမရဲ့အမေးကြောင့် နှစ်ယောက်လုံးခေါင်းထောင်သွားတယ်။ ပြီးတော့ မျက်နှာလေးမဲ့ငိုချင်ယောင်ဆောင်ပြီး. . .

"ချစ်တာပေါ့ဆရာမရယ်. . . သိပ်ချစ်တာပေါ့. . . ဘယ်လောက်ထိချစ်လဲဆို ပြောမပြတတ်အောင်ပါပဲဆရာမရယ်. . . "

"ဘယ်လိုမေးလိုက်တာဆရာမရယ်. . . ကျွန်တော့်စိတ်ကူးထဲမှာ အခုလေးတင်ခုန်ချသွားတဲ့ကလေး ပြန်ဝင်စားလို့ ဒီအရွယ်တောင်ပြန်ရနေပါပြီ. . . အဲဒီလောက်ကိုချစ်တာပါဆရာမရယ်. . "

သူတို့နှစ်ယောက်အဖြေစကားကြားပြီးတာနဲ့ ဆရာမနှစ်ယောက်လုံးကိုဝေ့ကြည့်လိုက်တယ်။

"ဒါဆို. . ရှင်တို့နှစ်ယောက်လုံးကျွန်မကိုတကယ်လက်ထပ်ချင်လား. . . "

www.foreverspace.com.mm

ဆရာမစကားကြောင့် နှစ်ယောက်လုံးမျက်လုံးများတောက်ပသွားတယ်။ ပုံကဝမ်းသာသွားတဲ့ပုံ။ ဒါပေမယ့် ယုတ္တိရှိအောင် မျက်နှာချက်ချင်းပြန်အိုချလိုက်ပြီး သိမ်ငယ်တဲ့အသံလေးနဲ့. . .

"လက်ထပ်ချင်တာပေါ့ဆရာမရယ်. . ဆရာမသာခွင့်ပြုမယ်ဆိုအခုတောင်သက်သေခေါ်ပြီး လက်ထပ်လိုက်ချင်ပါတယ်. . "

"အမှန်တိုင်းပြောရရင် အသိသက်သေတောင်မလိုပါဘူးဆရာမရယ်. . . ဒီနှစ်ယောက်နားလည်မှုရှိရင် အခုတောင် အကြင်လင်မယားဖြစ်လို့ရနေပြီပဲ. . . "

"ရှင်တို့ရဲ့ကလေးတွေကိုရောမွေးလို့ရမှာလား. . . "

နှစ်ယောက်သားနှပ်တရှုံ့ရှုံ့နဲ့. . .

"မွေးလို့တော့ဘယ်ရမှာလဲဆရာမရယ်. . . ဟင့်. . ဟင့် "

"ကလေးဆိုတာ ကိုယ်ကြိုးစားရင်ကြိုးစားသလိုအဟင့်. . ဟင့်. . . ဒါတွေက. . . အပရိကတွေပါ. . . "

သူတို့နှစ်ယောက်လုံးရဲ့စကားကြောင့် ဆရာမခေါင်းတဆတ်ဆတ်ညိတ်တယ်။ ပြီးမှ. . .

"အင်း. . ဟုတ်ပြီးလေ. . ရှင်တို့နှစ်ယောက်လုံးကျွန်မကိုလက်ထပ်ချင်တယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်ရှင်. . . "

"ဟုတ်ကဲ့. . ကျွန်တော်လည်းဝမ်းသာပါတယ်ရှင်. . . အဲလေ. . ဗျာ. . . "

"ဝမ်းသာလှပါပြီဆရာမရယ်. . . အဟင့်. . . အဟင့်. . "

ဆရာမက မျက်လုံးတောက်တောက်ကြီးနဲ့ငိုချင်ယောင်ဆောင်နေတဲ့ နှစ်ယောက်လုံးကိုဝေ့ကြည့်လိုက်တယ်။ ပြီးမှ အေးအေးဆေးဆေးဆက်ပြောတယ်။

" ဒါပေမယ့် ကျွန်မက မြန်မာအမျိုးသမီးဖြစ်တဲ့အတွက် နှစ်ယောက်လုံးကိုလက်ထပ်လို့မရဘူး. . ဒီတော့တစ်ယောက်ကိုပဲ

www.foreverspace.com.mm





ရွေးပြီး လက်ထပ်ရမယ်. . . ”

ဆရာမစကားကြောင့် နှစ်ယောက်လုံးခေါင်းတွေထောင် ရင်တွေမောက်တက်လာပြီး. . .

“ဒါဆို ကျွန်တော့ကိုပဲလက်ထပ်ပါဆရာမ. . ဆရာမကို တင့်တောင့်တင့်တယ်ထားနိုင်တာ ဒီကမ္ဘာမှ ကျွန်တော်တစ်ယောက်ပဲရှိတယ်. . . ”

တစ်ယောက်စကားကိုတစ်ယောက်အားကျမခံစွာ. . .

“ဘယ်ဟုတ်မလဲဆရာမရယ်. . လူမှာအကျင့်သိက္ခာကအရေးအကြီးဆုံး. . ဆရာမယူမယ်ဆိုရင် အကျင့်ကောင်းပြီး ရုပ်ချောတဲ့ကျွန်တော့်ကိုပဲယူ. . . ကျန်တဲ့လူမစဉ်းစားနဲ့. . . ”

“အောင်မာ. . မင်းကများအကျင့်ကောင်းသလေး ရုပ်ချောလေးနဲ့ ရုပ်ကိုကတော်သလင်းလမှာ ဘယ်ခွေးမမှ စိတ်မဝင်စားတဲ့ခွေးဝဲစားရုပ်မျိုး. . . ”

“ဟေ့ကောင်. . မင်းကရော တင့်တောင့်တင့်တယ်ထားနိုင်တယ်ဆိုရအောင် ဘယ်အလှူငွေနဲ့ကျွေးချင်သေးလို့လဲ. . . ”

နှစ်ယောက်သားငြိစရာမရှိ ထပ်ငြိနေကြသေးတယ်။ ဒါကို ဆရာမကပဲ ကြားဝင်ပြီး. . .

“တော်ကြပါတော့ရှင်. . ရှင်တို့နှစ်ယောက်ထဲက တစ်ယောက်နောက်မဆုတ်နိုင်ဘူးလား. . ”

နှစ်ယောက်လုံးရင်မောက်တက်လာပြီး. . .

“ကျန်တဲ့လူဆို ကျွန်တော်လျှော့ချင်လျှော့မယ် ဒီကောင်နဲ့ကတော့ ကျွန်တော်မလျှော့နိုင်ဘူးဆရာမ. . . ”

“ဘယ်လျှော့နိုင်မှာလဲ. . ငါကအမှန်အကန်ကြီးဆိုတော့ မင်း ဘက်ကစျေးတင်ရမှာပေါ့. . . ”

“ဟေ့ကောင်. . မင်းကဘာမှန်ကန်နေလို့လဲ. . ပြောသိုလ

www.foreverspace.com.mm





မှာတောင် ဘယ်ကြောင်မမှုစိတ်မဝင်စားတဲ့. . . ”

“ကဲ. . တော်ကြပါတော့ရှင် . . ကျွန်မစိတ်ရှုပ်လာပြီ. . ”

ဆရာမက ဖြတ်တားရပြန်တယ်။ ပြီးမှ နှစ်ယောက်လုံးကို ကြည့်ပြီး. . .

“ရှင်တို့နှစ်ယောက်လုံးလုံးဝမလျှော့နိုင်ဘူးပေါ့. . . ”

“မလျှော့နိုင်ဘူး. . . ”

“လုံးဝမလျှော့နိုင်ဘူး. . . ”

“အေး. . အဲဒါဆို ကျွန်မနှစ်ယောက်လုံးကိုလက်ထပ်လို့မ ဖြစ်ဘူး. . . ”

“ဟင်. . . ဟင်. . ဒါဆို. . . ”

“ဘယ်လိုလုပ်မှာလဲဆရာမ. . . ”

နှစ်ယောက်လုံး မျက်လုံးပြူးကြီးနဲ့အလောတကြီးမေးတယ်။ ဒါကိုဆရာမက ကောင်းကင်ကိုမော့ကြည့်လိုက်ပြီး. . .

“ကျွန်မတို့ ဒီဘဝအိမ်ထောင်ပြုလို့ မဖြစ်နိုင်တော့ဘူးပေါ့ . . . ”

“ဟင်. . . ”

“ဟာ. . . ”

ဆရာမရဲ့စကားကြောင့် နှစ်ယောက်လုံးတစ်ယောက်မျက် နှာ တစ်ယောက်ကြည့်ကြတယ်။

“အဲဒီနောင်ဘဝရောက်မှပဲ ကျွန်မတို့ပြန်ပြီးရွေးချယ်ကြတာ ပေါ့. . . ”

“ဟင်. . . ”

“ဘယ်လို. . . ”

“ကျွန်မတို့ ကလေးတွေနောက်လိုက်သွားရအောင်. . ”

“ခင်ဗျာ. . . ”

www.foreverspace.com.mm





"ဟင်. . . "

ဆရာမရဲ့စကားကြောင့် နှစ်ယောက်လုံးအံ့အားသင့်သွားကြတယ်။ ဒါကိုဆရာမကပဲဆက်ပြီး. . .

"ရှင်တို့နှစ်ယောက် ကျွန်မနဲ့အတူအသက်မစွန့်ဝံ့ဘူးလား"

"ဟင်. . အသက်. . . "

"ခင်ဗျာ. . . အသက်စွန့်ရမယ်. . . "

"အေးလေ. . . ရှင်တို့နှစ်ယောက်ကျွန်မကိုချစ်တယ်ဆို"

"ဟုတ်. . ချစ်ပါတယ်ဆရာမ. . . "

"အဲဒါတော့ ညာတာမဟုတ်ပါဘူးဆရာမရယ်. . . "

"တကယ်ချစ်တယ်ဆို ကျွန်မနဲ့အတူ အသက်စွန့်ရဲရမှာပေါ့"

ဆရာမရဲ့စကားကြောင့် နှစ်ယောက်လုံးခြေကိုင်ရမလို ခေါင်းကိုင်ရမလိုဖြစ်သွားတယ်။ နောက်နှစ်ယောက်လုံး စပ်ဖြီးဖြီးဖြစ်သွားပြီး. . .

"ဟိုလေ. . အသက်မစွန့်ပဲ အိမ်ထောင်ပြုလို့ရတဲ့နည်းများမရှိတော့ဘူးလားဆရာမရယ်. . . "

"ဟုတ်သားဆရာမရယ်. . . ဒီဘဝမှာတင်ပဲပြုရအောင် နော်နော်လို့. . . "

ဆိုပြီး စပ်ဖြဲဖြဲနဲ့ကပ်ချွဲတယ်။ ဒါကိုဆရာမက နှစ်ယောက်လုံးကိုမျက်နှာမာမာနဲ့ကြည့်ပြီး. . .

"တကယ်တန်းကျတော့ ရှင်တို့ ကျွန်မကိုတကယ်ချစ်တာမဟုတ်ပါဘူး. . အမျိုးသမီးတစ်ယောက်ကို ကြောရယုံကြံချင်ကြတာပါ. . . တကယ်ချစ်ရင် ကျွန်မနဲ့အတူအသက် စွန့်ဝံ့ရဲရမှာပေါ့. . . "

သူ့စကားကြောင့် နှစ်ယောက်လုံး မျက်နှာပြန်မာသွားကြပြန်တယ်။ နောက်ဦးပြားကြီးကစပြီး. . .

"စွန့်ဝံ့ပါတယ်ဆရာမ. . . ဆရာမနဲ့ဆို အသက်မကဘူး ငရဲ

www.foreverspace.com.mm

ကြီးရှစ်ထပ်ထိအောင်သွားချင်ပါတယ်. . . ”

ဦးပြားကြီးစကားကြောင့် ဦးချက်ဖောင်းမာန်တင်းပြီး. . .

“ဒီလိုကောင်မျိုးတောင်အသက်စွန့်ဝံ့ရင် ကျွန်တော်လို လူစွမ်းကဘာလို့ မစွန့်ဝံ့ရမှာလဲဆရာမ. . . ဒီကောင်နဲ့ပတ်သက် လာရင် လုံးဝအကြောမခံဘူး. . . သေရင်တောင် တစ်ရက်စောပြီး သေပစ်မယ်. . ”

သူတို့စကားကြားတော့ဆရာမမထီတရီပြုံးတယ်။ ပြီးတော့ နှစ်ယောက်လုံးကိုကြည့်ပြီး. . .

“ကောင်းပြီလေ. . ရှင်တို့နှစ်ယောက်လုံး ကျွန်မအတွက်အသက်စွန့်ဝံ့တယ်ဆိုတာသိတော့ ကျွန်မဝမ်းသာပါတယ်. . . တကယ်ဟုတ်မဟုတ်ကြည့်ရအောင်. . . ”

ဆိုပြီး ဆရာမတံတားအစွန်းကိုလျှောက်သွားတယ်။ ဟိုနှစ်ယောက်ကလည်း ဆရာမနည်းတူ ဆရာမဘေးတစ်ဖက်တစ်ချက်ဆီမှာရပ်နေတယ်။ ဆရာမက သူတို့နှစ်ယောက်ရဲ့လက်တစ်ဖက်ဆီကို လှမ်းကိုင်လိုက်တယ်။

လေတွေကလည်း တဖြူးဖြူးတိုက်ခတ်နေတယ်။ ဆရာမဆံပင်လေးဆို လေထဲလွင့်နေတာသိပ်ကြည့်ကောင်း။ အပူအပင်ကင်းတဲ့ သူ့မျက်နှာဝင်းဝင်းကလေးက ဝိညာဉ်ဆန်နေတယ်။ ကမ်းပေါ်က လူတွေကတံတားပေါ်မတက်ရဲဘဲ သူတို့ကိုပဲ အံ့သြတကြီးနဲ့ကြည့်နေကြတယ်။

သူတို့ကိုခပ်လှမ်းလှမ်းကကြည့်နေတော့ ရုပ်ရှင်ပိတ်ကားပေါ်ကြည့်နေရသလိုပဲ။ မှုန်ဝါးဝါးနဲ့ခပ်ပါးပါးလေးမြင်ရတယ်။ သစ်ရွက်ကလေးလွင့်လာပြီး ဆရာမခေါင်းမှလာကပ်နေတယ်။

ဆရာမရဲ့မျက်နှာအပူအပင်ကင်းသလောက် ဦးချက်ဖောင်းနဲ့ဦးပြားကြီးတို့ မျက်နှာတွေ မာနတွေနဲ့ခက်ထန်နေတယ်။ ဆရာမက

www.foreverspace.com.mm





သူတို့နှစ်ယောက်ရဲ့လက်တွေကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်တယ်။

“ကဲ. . . ကျွန်မတို့ နောင်ဘဝမှာဆုံကြရအောင်. . . ”

ဆရာမရဲ့အသံက တိုးတိုးယဲ့ယဲ့လေး။ ဆရာမကနှစ်ယောက်လုံးကို ပြုံးပြီးဝေ့ကြည့်လိုက်တယ်။ အဲဒီအပြုံးမှာ နှစ်ယောက်လုံးအရည်ပျော်ကုန်ကြတယ်။

“တစ် နှစ် သုံးဆိုပြိုင်တူခုန်ချလိုက်ရအောင်နော်. . . ”

ဆရာမရဲ့အသံပျော့ပျော့လေး။ နှစ်ယောက်လုံး ခေါင်း လည်း မညိတ်ဘူး၊ ခေါင်းလည်မခါဘူး။ လှပတဲ့ဆရာမမျက်နှာ ဝင်းဝင်းလေးကိုပဲငေးကြည့်နေကြတယ်။ ဆရာမရဲ့ခေါင်းပေါ်မှ သစ်ရွက်လေးတွေလွင့်ပျံနေတယ်။ လှလိုက်တာ။ လေပြည်လေးတွေ ဆရာမရဲ့ဆံနွယ်စလေးတွေကို ခိုးယူနမ်းရှိုက်လို့။ လှလိုက်တာ။

“တစ်”

ဆရာမရဲ့ ပန်းနုရောင်နှုတ်ခမ်းကထွက်လာတဲ့အသံကြောင့် အားလုံးအရှေ့ကို ပြန်လှည့်ကြတယ်။

“နှစ်”

ဆရာမရဲ့အသံတိုးတိုးလေး။ သုံးယောက်လုံးတစ်ယောက်မျက်နှာပြန်ကြည့်ပြီး ပြုံးကြတယ်။ ဆရာမက သူတို့နှစ်ယောက်ရဲ့လက်ကို အရှေ့ဘက်ကပ်ပြီး လက်လေးချောင်းပူးလိုက်တယ်။ ဟိုနှစ်ယောက်ရဲ့လက်တွေကိုပိုတင်းကြပ်အောင်ဆုပ်ကိုင်လိုက်တယ်။ သူတို့ရဲ့စိတ်ထဲမှာပိုအားရှိသယောင်ထင်ရတယ်။

“သုံး”

ဆိုတဲ့ရေသံနဲ့အတူ သူတို့နှစ်ယောက်လက်တွဲလျက်ကြီးခုန်ချမိကြတယ်။

“ဟင်”

“ဟာ”

www.foreverspace.com.mm





နှစ်ယောက်လုံးလက်တွဲလျှက်ကြီးနဲ့ကြောင်သွားတယ်။ ရေထဲပြုတ်ကျနေလျက် တန်းလန်းတံတားပေါ်ကျန်နေတဲ့ဆရာမကိုပြန်မော့ကြည့်ပြီး ယက်ကန်ယက်ကန်နဲ့. . .

"ဟာ. . ဆရာမလာလေ. . အတူတူခုန်ချမယ်လေ. . . "

"ဆရာမ. . ဟင်. . ဆရာမကျန်ခဲ့ပြီ . . . ခုန်ချလိုက်လေဆရာမ. . ခုန်ချလိုက်. . . "

ဆိုပြီး ဗလုံးဗထွေးအော်ရင်း ရေထဲမှာတစ်ယောက်မျက်နှာတစ်ယောက်မြင်တော့. . .

"အား. . . "

"အား. . . "

တစ်ယောက်မျက်နှာတစ်ယောက်ကြည့် နှစ်ယောက်လုံးထံ ကကြောက်လန့်တကြားအော်သံကြားရတယ်။ ရေစီးကကြမ်းတော့ တော်ယုံနဲ့ကူးလို့မရဘူး။ ကမ်းနားရောက်တော့ လက်ပန်းကျကုန်ပြီ။ အဲဒီအချိန်မှာ ဖြတ်ခနဲပေါ်လာတဲ့ လက်ကလေးတစ်ဖက်။ ဦးချက်ဖောင်းမော့ကြည့်လိုက်တော့ ဖြားကြီးသမီးသော်တာ။ ဦးဖြားကြီးကို လက်ကမ်းပေးနေသူက ချက်ဖောင်းသားထွန်းနိုင်။ မာနကြီးပြီး လက်ကိုမဆွဲပဲနေလို့မဖြစ်နိုင်တော့။ ဒီလက်ကိုမှမဆွဲရင် ရန်လိုချောင်းထဲသေလူဖြစ်ပြီ။ နှစ်ယောက်လုံးကမ်းစပ်ပေါ် ခြေပစ်လက်ပစ်ထိုင်ရင်းဟိုက်နေကြတယ်။ နောက်မှ တစ်ယောက်ကိုတစ်ယောက်ပြန်မြင်ပြီး . . .

"ဟေ့ကောင်ဖြားကြီး မင်းသမီးငါ့လက်ထဲမှာကွ. . . ငါ့လက်ထဲမှာ. . မင်းအခုတော့ဘာတတ်နိုင်သေးလဲ. . . "

ဦးချက်ဖောင်းစကားကို ဦးဖြားကြီးကလည်း . . .

"ဟားဟား. . . သိပ်လည်းဂုဏ်ယူမနေနဲ့ဦးကွ. . မင်းသားကလည်း ငါ့ဆီမှာ. . . ဘာလုပ်ချင်လဲပြောစမ်း. . . "

www.foreverspace.com.mm





“ဟင်. . ဒါဆိုမင်းသမီးနဲ့ငါ့သား ဒယ်ဒယ်ချင်းပြန်လဲမယ်. . မင်းလည်းငါ့သားကို လက်ဖျားနဲ့တောင်မတို့နဲ့. . .”

“အောင်မာ. . မင်းသွေးပါရင်ဗြားကြီးတို့ကရွံလို့ကိုမတို့ တာကွ. . . မင်းသာငါ့သမီးအသားမထိနဲ့. . .”

“ဖွီ. . . မင်းသမီးကိုလားငါထိမှာ. . ကိုင်း. . ပြောနေကြာတယ် . . ဘယ်လိုပြန်လဲမလဲဆိုတာသာပြော. . .”

နှစ်ယောက်လုံးအသံတိတ်သွားကြတယ်။ အတန်ကြာမှ ဦးဗြားကြီးက. .

“အေး. . အဲဒီမှာလှေရှိလားဟေ့ကောင်. . .”

“အေးရှိတယ်. . မင်းမှာရော. . .”

“အေးရှိတယ် အဲဒါဆိုငါ့သမီးကိုမင်းလှေပေါ်တင်ခဲ့မင်းသားကိုလည်းငါလှေပေါ်တင်ခဲ့မယ်. . ရန်လိုချောင်းရဲ့နယ်မြေ သတ်မှတ်ထားတဲ့နေရာမှာ သားနဲ့သမီးချင်းလဲမယ်. . .”

“ကောင်းပြီး မင်းသာကတိတည်ပါစေ. . .”

သိပ်မကြာလိုက်ဘူး။ ရန်လိုချောင်းရဲ့တစ်ဖက်တစ်ချက်စီမှာ လှေနှစ်စီးမျက်နှာချင်းဆိုင်ထွက်လာတယ်။ တစ်ဖက်လှေပေါ်မှာ ဦးချက်ဖောင်းက သော်တာကိုတင်လာတယ်။ တစ်ဖက်မှာက ဦးဗြားကြီးက ထွန်းနိုင်ကိုတင်လာတယ်။ လူလေးယောက်လုံးက ရေတွေနဲ့ရွှဲနေတယ်။ ဒါပေမယ့် သူတို့ကဒါကိုဂရုမပြုအားဘူး။ လှေကလေးကို သာဂရုတစိုက်လှော်ခတ်လာတယ်။

ဒီလိုနဲ့ချောင်းလေးရဲ့အလယ်မှာ လှေနှစ်စင်းကပ်လျက်ဆုံကြတယ်။ သူတို့နှစ်ယောက်လည်း မျက်နှာချင်းဆိုင်ပြန်ဆုံတယ်။

“ကိုင်း. . ကလေးချင်းလဲမယ်. . မင်းသမီးကိုမင်းလှေပေါ်ခေါ်တင်လိုက်. . .”

ဦးချက်ဖောင်းရဲ့စကား။ ဒါကိုဦးဗြားကြီးက. . .

www.foreverspace.com.mm





"ငါ့သမီးကို အရင်လေ့ကူးခိုင်းလို့ဖြစ်မလားကွ. . မင်းသား ကိုသာအရင်ခေါ်တင်လိုက်. . . "

ဆိုပြီး ပြန်ပြောတယ်။ ဦးချက်ဖောင်းကမျက်နှာရှုံ့မဲ့လိုက်ပြီး

"မင်းသမီးကိုမင်းစိုးရိမ်သလို. . ငါ့သားလည်း ငါစိုးရိမ်တာ ပဲရေထဲပြုတ်ကျသွားရင် ဘယ့်နှယ်လုပ်မလဲ. . . "

"အောင်မာ. . . ဆရာမရှေ့မှာပြောတော့ ကလေးဆိုတာ ကိုယ်ကြိုးစားရင် ကြိုးစားသလိုရတယ်ဆို. . . အခုမှ ဟိုလိုလိုဒီလိုလို လုပ်မနေနဲ့. . မင်းသားကိုမင်းပြန်ခေါ်. . . "

ဦးပြားကြီးစကားကြောင့် ဦးချက်ဖောင်းရှူးရှူးရှားရှားဖြစ် သွားပြီး. . .

"အိုး. . . ဒါစကားအဖြစ်ပြောတာကွ. . . မင်းသာဆရာမ ကိုရမယ်ဆိုရင် သော်တာလိုကလေးမျိုးအတွဲလိုက်ပြန်မွေးလို့ရတယ် ဆိုပြီး အတည်ကြီးပြောခဲ့တာလေ. . အဲဒါကြောင့် ဟိုကမင်းကို ရေထဲ ကန်ချခဲ့တာ. . "

"ဟေ့ကောင်. . ကန်ချခံရတဲ့လူအချင်းချင်း အတူတူပဲ ဘာ မှလျှာရှည်မနေနဲ့. . . ကဲ. . ကလေးတွေကိုအခုဘယ်လိုလဲမှာလည်း"

သူတို့စကားကို ထွန်းနိုင်ကပဲကြားဝင်ပြီး. . .

"ကဲကဲ. . ဒါဆိုကလေးချင်းလဲဖို့ စိတ်မချဘူးဆိုရင်လည်း လူကြီးချင်းပဲလဲလိုက်ကြပါအဖေရာ. . . ဟုတ်ဘူးလား. . . "

ထွန်းနိုင်စကားကြောင့် နှစ်ယောက်လုံးငြိမ်သွားတယ်။ ဦး ချက်ဖောင်းက. . .

"လူကြီးချင်းက ဘယ်လိုလဲမှာလဲ. . . '

"အဖေဒီဘက်လေ့လာလိုက်လေ. . သားဟိုဘက်လှေသွား လိုက်မယ်. . . "

ထွန်းနိုင်စကားကို နှစ်ယောက်လုံးယောင်တောင်တောင်နဲ့

www.foreverspace.com.mm





“အေး. . အဲဒါကောင်းတယ်. . . ”

“အေး. . ဒါမှန်တယ်. . ဒီလိုပဲဖြစ်ရမှာ. . . ”

ဆိုပြီး ဦးချက်ဖောင်းက ဦးပြားကြီးလှေပေါ် ဖတ်ခနဲခုန်တက်လိုက်တယ်။ ဒီတော့မှ ထွန်းနိုင်က သော်တာတစ်ယောက်ထဲရှိတဲ့လှေပေါ်ကို ဖတ်ခနဲခုန်တက်လိုက်ပြီး. . .

“သော်တာလှော်တက်ပေးစမ်း. . . ”

ဆိုပြီး လှော်တက်ကိုယူ သော်တာကိုတင်ပြီး လှေကိုလှော်တော့တာ။ အဲဒီတော့မှ ဟိုနှစ်ယောက် လှေတစ်စင်းပေါ်မှာမျက်နှာချင်းဆိုင်ကြီးဖြစ်နေပြီး. . .

“အား. . . ”

“အား. . . ”

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နှစ်ယောက်လုံးအလန့်တကြားထအော်တယ်။ နောက်အံ့အားသင့်စွာ တစ်ယောက်ကိုတစ်ယောက်လက်ညှိုးထိုးပြီး. . .

“ဟေ့ကောင်. . မင်း. . . မင်း. . . ”

“အေး. . ငါ. . ငါ. . . အဲလေ. . ဟေ့ကောင် မင်းဒီလှေပေါ်ဘယ်လိုရောက်နေတာလဲ. . . ”

“အောင်မာ. . . မင်းကပြောရတယ်ရှိသေးတယ်မင်းပဲ ငါ့လှေပေါ်ခုန်တက်လာပြီးတော့. . ဘယ်မှာလဲကွငါ့သမီး. . . ”

“ဟေ့ကောင်. . အဲဒါငါမေးရမှာ. . . ဘယ်မှာလဲငါ့သား”

ဆိုပြီး သော်တာနဲ့ထွန်းနိုင်လှော်သွားတဲ့လှေကိုကြည့်ပြီး. . .

“ဟ. . . ဟိုမှာပြေးပဟ. . လိုက်လိုက်. . . ”

ဆိုပြီး နှစ်ယောက်လုံးမျက်နှာချင်းဆိုင်အားကုန်လှော်ကြတယ်။ အားကညီနေတော့ လှေကဘယ်ကိုမှမသွားဘူး။ ထွန်းနိုင်တို့လှေကလေးသာ တရွေ့ရွေ့နဲ့ဝေးသွားပြီ။

www.foreverspace.com.mm

"အဲဒီတော့မှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ပြီး. . .

"အား. . ."

"အား. . ."

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ လန့်အော်ကြပြန်တယ်။ နောက်မှသတိရသွားပြီး. . .

"ဟ. . . ဟေ့ကောင်. . ဒီလိုမျက်နှာချင်းဆိုင်လှော်နေလို့ကတော့ လှေကဘယ်မှရောက်မှာမဟုတ်ဘူး. . . မင်းဟိုဘက်လှည့်စမ်း. . ."

"အောင်မာ. . . ဘာလို့လှည့်ရမှာလဲ . . . မင်းပြောတိုင်းငါလှည့်ရမှာလား. . . လှည့်ချင်းလှည့်မင်းလှည့်လိုက်စမ်းပါ. . ."

"မလှည့်ဘူးကွာ. . မင်းအကြောင်းငါမသိတာမှတ်လို့. . . ငါလှည့်လိုက်ရင် မင်းငါ့နောက်ကျောကနေ မဟုတ်တာစဉ်းစားနေမှာ မဟုတ်လား ဒီအကြံမျိုးကငါလုပ်လာတာရှိနေပြီ. . . လှည့်ချင်းလှည့်မင်းလှည့်"

"ဘာလို့လှည့်ရမှာလဲကွ . . . မင်းအကျင့်ငါမသိတာမှတ်လို့ ငါလှည့်လိုက်တာနဲ့ မင်းမကောင်းကြံတော့မယ်ဆိုတာငါသိတယ်. . . မလှည့်နိုင်ဘူး. . . မင်းလှည့်. . ."

"မလှည့်နိုင်ဘူးကွာ. . ."

အေး. . ငါလည်းမလှည့်နိုင်ဘူးကွာ. . ."

"အေး. . . အဲဒါကောင်းတယ် ဒီအတိုင်းလှော်. . ."

ဆိုပြီးနှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်အလျှော့မပေးဘဲ မျက်နှာချင်းဆိုင်အားရပါးရလှော်နေကြတယ်။ သူတို့လှေက နှစ်ယောက်အားညီတော့ ဘယ်ကိုမှမသွားဘူး။ ထွန်းနိုင်နဲ့သော်တာရဲ့လှေကလေးသာ သူတို့လှေနဲ့ဝေး၍ဝေး၍။ နေလုံးကြီးက အနောက်ဘက်တောင်စွယ်မှာနီနေပြီ။

www.foreverspace.com.mm



သူတို့နှစ်ယောက်ကတော့ တစ်ယောက်ကိုတစ်ယောက်အရှုံး မပေးဘဲ လှေကိုမျက်နှာချင်းဆိုင်လှော်ခတ်နေတုန်း။ တစ်ယောက်ကို တစ်ယောက်အလျှော့မပေး။ လှေကလည်းလည်တယ်လယ်တယ်နဲ့ ဘယ်မှမရောက်သေး။

■ ■ ■

www.foreverspace.com.mm

**အဲဒီ** နေ့က သစ်ပင်လှူရွာမှာ အစည်ကားဆုံးပဲထင်တယ်။ ဘာလို့လဲဆိုတော့ သစ်ပင်လှူရွာရဲ့ အလိုအပ်ဆုံးရွာနှစ်ရွာ ဆက်သွယ်ထားတဲ့ ရန်ပြိုတံတားကြီးပြီးလို့ ဆရာမလေးလည်း မြို့ပြန်တဲ့နေ့လေ။

ရန်ပြိုတံတားကိုလည်း ထွန်းနိုင်နဲ့သော်တာတို့လင်မယားနဲ့ ဆရာမတို့ဦးစီးပြီး ကွန်ကရစ်တံတားကြီးအဖြစ်ဆောက်လုပ်ပြီးစီးခဲ့ပြီပဲ။ အဲဒီတံတားကြီးကိုပြီးစီးသည်ထိ ဦးစီးဆောင်ရွက်ပေးခဲ့တဲ့ ဆရာမလေးကိုလည်း တစ်ရွာလုံးကကျေးဇူးတင်ကြတယ်။ ဟုတ်တယ်လေ။ ဒီတံတားရှိတော့ သစ်ပင်လှူရွာလေးရဲ့ရောင်းဝယ်ဖောက်ကားမှုတွေနဲ့ပိုစည်ကားခဲ့ပြီမဟုတ်လား။ ရွာရဲ့ ယာယီသူကြီးအဖြစ် ထွန်းနိုင်ကိုတာဝန်ပေးကြတယ်လေ။ တကယ်သူကြီးအစစ်အမှန်ကတော့



မွေးမှမမွေးသေးတာ။ ထွန်းနိုင်နဲ့သော်တာ မွေးမယ့်သားကိုမှ နှစ်ဖက်အဘိုးများက သူကြီးတာဝန်ပေးမတဲ့။ နောက်ပြီး အဲဒီကလေးကိုပဲ နှစ်ယောက်လုံး အနိုင်မခံ အရှုံးမပေးဘဲ နာမည်တစ်ခုပေးထားတယ်။

ချက်ပြားတဲ့. . . ။ ထားတော့. . .

ဆရာမပြန်တော့ အားလုံးမျက်ရည်လေးစမ်းစမ်းနဲ့နှုတ်ဆက် ကြတယ်။ အရှေ့ဆုံးက မျက်ရည်တဝိုင်းဝိုင်းနဲ့ကတော့ ဦးချက်ဖောင်းနဲ့ဦးပြားကြီးတို့ပေါ့။ သိတယ်မဟုတ်လား။ သူတို့က အကဲဆုံးလေ။

"ဆရာမ. . ဆရာမရယ်. . တကယ်ပြန်တော့မှာလားဟင် ဟောဒီချက်ဖောင်းနဲ့သစ်ပင်လှရွာကိုထားခဲ့ပြီး သွားတော့မှာလားဗျာ ကျွန်တော်စိတ်မကောင်းလိုက်တာ. . ."

"အဲဒါ ကျွန်တော်ပြောရမယ့်စကားပါဆရာမရယ်. . . ဒီလို ကောင်မျိုးနဲ့ဒီစကား ကျွဲသိုးကြီးနဲ့ ပုလဲပုတီးလို ဘယ်လိုမှလမိုင်းမကပ်ဘူးဗျာ. . . တကယ်စိတ်မကောင်းဖြစ်ရတာ ဟောဒီကပြားကြီးပါ. . ဟောဒီက ဆရာမရဲ့ပြားကြီးရယ်ပါ. . ."

"ဩော်. . ဒီလိုအချိန်မျိုးမှာ ဟန်ဆောင်ကောင်းတဲ့ကြောင်သူတော်ဘုရားဒကာ အနားမှာရှိနေသေးတယ် ဆရာမရယ် . . သူမို့သူ့ပါးစပ်ပုတ်ကြီးနဲ့ မဟုတ်မဟတ်တွေပြောထွက်သေးတယ်. . . ကျွန်တော့်မှာတော့ ဆရာမ မြို့ပြန်မယ်ဆိုလို့ ကြိုပြီးလွမ်းလိုက်ရတာ . . . ကျွန်တော့်မျက်ရည်ကြောင့် ဟောဒီသစ်ပင်လှရွာက ပန်းပင် တွေ အားလုံးစိမ်းလန်းနေတာပါ. . ."

"အဲဒါ မျက်ရည်ကြောင့်မဟုတ်ပါဘူး. . ဒီကောင်တောထဲ မှာ လှည့်ပတ်ပြီးရှူးပေါက်ခဲ့လို့စိမ်းလန်းတာပါ. . ."

"ဟေ့ကောင်. . မင်းလွန်လာပြီနော်. . ကိုယ့်ဖီးလ်နဲ့ကိုယ်

ပြောသူများစကားဝင်မရှုပ်နဲ့. . . ”

“ငါရှုပ်တာမဟုတ်ဘူး. . ငါပြောမယ့်စကားတွေ မင်းဝင်ပြောနေလို့ ဖြတ်ပြောရတာ. . . ”

“အေးလေ. . ပြောချင်ရင် ကိုယ့်ဖာသာကိုယ်စာအုပ်ဖတ်ပြီး စကားလုံးရွေးလေ. . . အခုဟာက. . . ”

နှစ်ယောက်သားငြင်နေကြပြန်ပြီ။ ဒါကို ဆရာမကပဲပြုံးပြီး . . .

“ကဲ. . တော်ကြပါတော့ရှင်. . တော်ကြပါတော့ ရှင်တို့နှစ်ယောက်ကဘယ်တော့မှတည့်မှာမဟုတ်ဘူး. . . ဟော. . ကားလည်းထွက်တော့မယ်နဲ့တူတယ်. . ကျွန်မကိုသွားခွင့်ပြုပါဦး. . . ”

“တကယ်သွားတော့မှာလားဆရာမ. . ကျွန်တော်တို့ဆီပြန်မလာတော့ဘူးလား. . ဟင်. . . ဆရာမဟာ သစ်ပင်လှရဲ့မီးရှူးတိုင်ပါဆရာမရယ်. . . ”

“လာလည်ပါဦးဆရာမရယ်. . ဒီတစ်ခါလာလည်ရင် အပြီးလာလည်နော်. . . ဆရာမသာ သစ်ပင်လှရဲ့ နတ်ပျိုမပါဆရာမရယ်”

ဆိုပြီးပြောသေးတယ်။ ဒီတော့မှ ဆရာမက. . .

“ဟုတ်ကဲ့. . ကျွန်မလာလည်ပါ့မယ်. . ဒါပေမယ့် အခုတော့မဟုတ်ဘူး. . . ”

ဆရာမရဲ့ စကားကို နှစ်ယောက်လုံးက မျက်လုံးတွေအရောင်တောက်ပြီး အလောတကြီးနဲ့. . .

“ဘယ်တော့လဲဆရာမ. . ဘယ်တော့လဲ. . . ”

“သိပ်မကြာဘူးမဟုတ်လား. . . ”

ဆရာမကပြုံးလိုက်တယ်။

“သိပ်မကြာပါဘူး. . ကျွန်မမြို့မှာ ကျွန်မချစ်သူနဲ့လက်ထပ်



ပြီးတဲ့အခါ နှစ်ယောက်လုံးလာလည်မှာပါ. . . ”

“အမ်. . . ”

“ဟင်. . . ”

နှစ်ယောက်လုံးကြက်သေသေသွားတယ်။ ဦးချက်ဖောင်းဆို ချက်ကောင်းထိသွားလို့ ကြက်သေသေရုံတင်မကဘူး။ ဖောင်းနေတဲ့ ချက်ပါ ပိန်ပြီးပြားသွားသလားပဲ။

ဦးဖြားကြီးလည်းဘာထူးမှာလဲ။ နဂိုပြားနေတဲ့မျက်ခွက်ကြီး က မုန့်ပြားသလက်လို ခွက်ပြီးတော့ပျက်သွားရတာ။

နောက်ကြောင် တောင်တောင်နဲ့ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ကာလန့်ပြီး ‘အား’ ခနဲအော်ကြတယ်။ ဟုတ်တယ်လေ။ သူတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး လန့်နေကြတာ။ အဲဒီ တော့မှ ဆရာမက. .

“ကဲ. . မောင်ထွန်းတို့ သမီးသော်တာတို့ ဆရာမပြန်တော့ မယ်. . . မြို့ရောက်ရင်လည်း လာလည်ကြဦး. . . ”

“ဟုတ်ကဲ့ဆရာမ. . ကျွန်တော်တို့ဘွဲ့ယူရင် မြို့ကိုလာခဲ့ရဦး မှာ. . . ”

“စိတ်ချပါဆရာမရယ်. . . ကျွန်မတို့လာခဲ့ပါဦးမယ် . . ဆရာမ ကျေးဇူးလည်း တစ်သက်လုံးမမေ့ပါဘူး. . . ”

“မဟုတ်တာကွယ်. . ဆရာမက မင်းတို့ကိုကျေးဇူးတင်ရမှာ ပါ. . ကဲကဲ. . ဆရာမသွားတော့မယ်ကွယ်. . . ”

ဆိုပြီး ဟိုနှစ်ယောက်ဘက်လှည့်လို့. . .

“ဦးချက်ဖောင်းနဲ့ဦးဖြားကြီး ကျွန်မပြန်လိုက်ဦးမယ်. . . ”

ဆိုပြီး နှုတ်ဆက်တယ်။ ဟိုနှစ်ယောက်ဆီက ဘာစကားသံ မှမကြားရဘူး။ ပါးစပ်လေးဟပြီးကြောင်နေတယ်။ ခဏနေတော့ ဆရာမကိုတင်ဆောင်သွားတဲ့ကားလေး သူတို့ရွာကနေတရွေ့ရွေ့ဝေး




ကွာသွားတယ်။ တစ်ရွာလုံးက ဆရာမလေးရဲ့ကားမြင်ကွင်းက ပျောက်ကွယ်သွားသည်ထိလက်ပြကြတယ်။

လက်မပြနိုင်သူနှစ်ယောက်ကတော့. . .။

လေးစားကြိုးစားလျက်

ဒါကြည်ဝေက်


ILLUSTRATED BY KO SAN 2005